## ဆရာများအတွက်အမှာစာ

### ၁။ ဆရာလမ်းညွှန်စာအုပ်မိတ်ဆက်

ဆရာလမ်းညွှန်စာအုပ်မိတ်ဆက်တွင် ဆရာများသိရှိထားသင့်သော အောက်ပါအကြောင်းအရာများပါဝင်သည်။

(က) ကျောင်းသားဗဟိုပြု သင်ကြားနည်းပညာကိုခြုံငုံတင်ပြခြင်း

(ခ) ထိရောက်သောသင်ကြားသင်ယူမှုအတွက် အခြေခံစည်းမျဉ်းများ

(ဂ) ဘလွန်းမ်၏သင်ယူမှုအဆင့်ခွဲခြင်း (Bloom's Taxonomy)

(ဃ) သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင် မေးမြန်းနိုင်သောမေးခွန်းများ

(င) စာသင်ခန်းအဆင့်တတ်မြောက်မှု စစ်ဆေးအကဲဖြတ်ခြင်းကို ခြုံငုံတင်ပြခြင်း

(စ) ၂၁ရာစုကျွမ်းကျင်မှုများ (21st Century Skills)နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills)

(ဆ) အလယ်တန်းနှင့် အထက်တန်းအဆင့် စာသင်ခန်းများအတွင်း လူမှုရေးရှုထောင့်များကို ခြုံငုံတင်ပြခြင်း

(ဇ) သင်ရိုးမာတိကာ (Syllabus)နှင့် စာသင်နှစ်တစ်နှစ်စာ သင်ခန်းစာအစီအစဉ် (Year Plan)

(က) **ကျောင်းသားဗဟိုပြု သင်ကြားနည်းပညာကိုခြုံငုံတင်ပြခြင်း**- ကျောင်းသားဗဟိုပြု သင်ကြားသည့် အလယ်တန်းနှင့် အထက်တန်းအဆင့် စာသင်ခန်းများတွင် အောက်ဖော်ပြပါအဓိကအချက်များကို လေ့လာတွေ့ရှိနိုင်ပါသည်။

- သင်ခန်းစာများသည် စိတ်ဝင်စားဖွယ်ကောင်းပြီး ကျောင်းသားများ၏ လက်တွေ့ဘဝနှင့် ဆီလျော်၍ အဓိပ္ပာယ်ရှိသည်။
- ကျောင်းသားများသည် တက်ကြွစွာသင်ယူကြပြီး အတန်းဖော်များနှင့် ပူးပေါင်းဆောင်ရွက်ကြသည်။
- ဆရာများသည် ကျောင်းသားများအတွက် လက်တွေ့ဘဝတွင်တွေ့ကြုံရမည့် အခက်အခဲပြဿနာများကို ဖြေရှင်းရသည့်အခြေအနေများနှင့် စိန်ခေါ်မှုများဖန်တီးပေးသည်။
- ကျောင်းသားများသည် ပြဿနာဖြေရှင်းခြင်း (problem solving)နှင့် အဆင့်မြင့်ဆန်းစစ်တွေးခေါ်ခြင်း (higher level critical thinking) ဆိုင်ရာ ကျွမ်းကျင်မှုများဖွံ့ဖြိုးလာသည်။
- ဆရာက ကျောင်းသားများအား ရှင်းပြသည်။ မေးခွန်းများမေးသည်။ နားထောင်သည်။ ကျောင်းသားများက ဆွေးနွေးကြသည်။ မေးခွန်းများမေးကြသည်။ နားထောင်ကြသည်။


(ခ) **ထိရောက်သောသင်ကြားသင်ယူမှုအတွက်အခြေခံစည်းမျဉ်းများ**- ထိရောက်သော သင်ကြားသင်ယူမှုတွင် ဆရာနှင့် ကျောင်းသားများ အတူတကွ အောက်ပါတို့ကို ဆောင်ရွက်ကြသည်။

DBE Box

- ကျောင်းသားများအတွက် ဆရာက သင်ယူမှုကို ရှင်းလင်းအောင် ဆောင်ရွက်ပေးသည်။ ⇨ သင်ခန်းစာအကြောင်းအရာနှင့် အသိပညာ
- ဆရာနှင့် ကျောင်းသားများသည် သင်ကြားသင်ယူမှု ဆိုင်ရာချဉ်းကပ်နည်းမျိုးစုံ အသုံးပြုကြသည်။ ⇨ သင်ကြားနည်းပညာ
- ပုံမှန်အားဖြင့် ဆရာနှင့် ကျောင်းသားများသည် တိကျရှင်းလင်းသော အကြံပြုချက်(feedback)များကို အပြန်အလှန်ပေးကြသည်။ ⇨ စစ်ဆေးအကဲဖြတ်ခြင်း

**သင်ယူမှုရလဒ်များ**(Learning Outcomes)- သင်ယူမှုအချိန်ကာလတစ်ခုအဆုံး၌ ကျောင်းသားများအား မည်သည့်အသိပညာ၊ ကျွမ်းကျင်မှု၊ စိတ်နေသဘောထား၊ တန်ဖိုးထားမှုများကိုသိရှိသွားစေရန်၊ နားလည်သွားစေရန်၊ ပြုလုပ်နိုင်စေရန် မျှော်မှန်းထားသည်ကို ရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုထားသော ဖော်ပြချက်များပါရှိသည် (သင်ခန်းစာအစီအစဉ်များ **(lesson plans)** ကိုကြည့်ပါ)။

(ဂ) **ဘလွန်းမ်၏သင်ယူမှုအဆင့်ခွဲခြင်း** (Bloom's Taxonomy)- အလယ်တန်းနှင့် အထက်တန်းအဆင့်ကျောင်းသားများတွင် အဆင့်မြင့်စဉ်းစားတွေးခေါ်မှုစွမ်းရည်များ (higher order thinking skills) ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်ခန်းစာအစီအစဉ်များ (lesson plans)နှင့် သင်ယူမှုလုပ်ငန်းများ (activities) တွင် ဘလွန်းမ်၏ သင်ယူမှုအဆင့်များထည့်သွင်းထားသည်။ သင်ခန်းစာအစီအစဉ်များတွင် ယင်းအဆင့်များကို ဖော်ပြသည့် အဓိကစကားလုံးများ (မှတ်မိသည်၊ နားလည်သည်၊ အသုံးချသည်၊ စိစစ်ပိုင်းခြားသည်၊ အကဲဖြတ်သည်၊ တီထွင်ဖန်တီးသည် အစရှိသည်) ကို ရှာဖွေကြည့်ပါ။




**ဘလွန်းမ်၏ သင်ယူမှုအဆင့်များပြပုံ**

(ဃ) **သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင်မေးမြန်းနိုင်သောမေးခွန်းများ**- ဆရာသည် သင်ခန်းစာ၏အစ၊ အလယ်၊ အဆုံးအဆင့်များတွင် အောက်ဖော်ပြပါ မေးခွန်းများကို မေးမြန်းဆန်းစစ်သင့်ပါသည်။

<u>သင်ခန်းစာအစတွင် -</u>

- ယခုသင်မည့် သင်ခန်းစာပြီးဆုံးသွားလျှင် ကျောင်းသားများသည် မည်သည့် ကျွမ်းကျင်မှုများနှင့် အသိပညာများကို သင်ယူရရှိသွားမည်နည်း။
- စီစဉ်ထားသော သင်ယူမှုလုပ်ငန်းများကို လုပ်ဆောင်ရန် ကျောင်းသားများကို မည်သို့စုစည်းမည်နည်း။
- ဆရာသည် မည်သည့်သတင်းအချက်အလက်များ လိုအပ်သနည်း။ ကျောင်းသားများသည် မည်သည့်သတင်းအချက်အလက်များ လိုအပ်သနည်း။
- ဆရာသည် မည်သည့်ကိရိယာ/သင်ထောက်ကူပစ္စည်းများ လိုအပ်သနည်း။ ကျောင်းသားများသည် မည်သည့်ကိရိယာ/သင်ထောက်ကူပစ္စည်းများ လိုအပ်သနည်း။
- သင်ထောက်ကူပစ္စည်းများကို မည်သို့ရရှိစုစည်းပြီး အသုံးပြုမည်နည်း။
- မည်သည့်ရလဒ် ရလိမ့်မည်ဟု သင်ထင်သနည်း။

<u>သင်ခန်းစာအလယ်တွင် -</u>

- သင်ခန်းစာ/သင်ယူမှုလုပ်ငန်းသည် မျှော်မှန်းထားသကဲ့သို့ဖြစ်နေမှု ရှိ၊ မရှိ။
- ကျောင်းသားများက သင်ခန်းစာကို နားလည်စေရေးအတွက် အထောက်အကူပြုနိုင်ရန် ဆရာအနေဖြင့် လိုအပ်သော အခြားသတင်းအချက်အလက်များ ရှိ၊ မရှိ။

<u>သင်ခန်းစာအဆုံးတွင် -</u>

- မျှော်မှန်းထားသည့်အတိုင်း ဆရာ၏ သင်ကြားမှုလုပ်ငန်း ပြီးမြောက်ခဲ့ခြင်း ရှိ၊ မရှိ။
- သင်ခန်းစာသည် ကျောင်းသားများကို စဉ်းစားတွေးခေါ်နိုင်သည့် အခြားမေးခွန်းများထွက်ပေါ်စေခဲ့ခြင်း ရှိ၊ မရှိ။
- အခြားသင်နည်းတစ်မျိုးနှင့် ဆောင်ရွက်နိုင်ခဲ့ခြင်း ရှိ၊ မရှိ။
- ဆရာ သို့မဟုတ် ကျောင်းသားများသည် ဤသင်ခန်းစာမှ မည်သည်တို့ကို သင်ယူနိုင်ခဲ့ကြသနည်း။
- ဆရာ၏ သင်ကြားမှုသည် ကျောင်းသားတစ်ဦးချင်းစီ၏ သင်ခန်းစာပါ သဘောတရားများ နားလည်မှုကို စစ်ဆေးရန် အထောက်အကူဖြစ်ခဲ့ခြင်း ရှိ၊ မရှိ။
- ဤသင်ခန်းစာကိုလည်းကောင်း၊ နောင်သင်ကြားမည့် သင်ခန်းစာကိုလည်းကောင်း ပိုမိုကောင်းမွန်စေရန် မည်သည်တို့ကို ထည့်သွင်းသင်ကြားရန် လိုအပ်မည်နည်း။

(င) **စာသင်ခန်းအဆင့်တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်းကိုခြုံငုံတင်ပြခြင်း**- သင်ယူမှုအတွက် စစ်ဆေး အကဲဖြတ်မှုအားလုံး၏ ၉၀% ကို သင်ကြားနေစဉ်အတွင်း ဆောင်ရွက်ခြင်းဖြစ်သည်။ ကျောင်းသားနှင့် ဆရာတို့အား အကြံပြုချက်များ (feedback) ချက်ချင်းပေးရန်အတွက် စာသင်ခန်းအဆင့် စစ်ဆေးအကဲဖြတ်ခြင်းကို အသုံးပြုသည်။ ဤစစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများအား ရှေ့ဆက်အောင်မြင်စွာ

DREBOX

သင်ယူလိုပါက နောင်တွင် မည်သို့ သင်ယူရန်လိုအပ်သည်ကို ခွဲခြားသိရှိနိုင်စေရန် ကူညီပေးသည်။ ဆရာများသည် ထိရောက်သော သင်ကြားရေးနည်းဗျူဟာများနှင့် ထိရောက်မှုနည်းသော သင်ကြားရေးနည်းဗျူဟာများကို ခွဲခြားသတ်မှတ်ရန် သင်ကြားနေစဉ်အတွင်း လေ့လာကြည့်ရှုခြင်းများ ပြုလုပ်နိုင်သည်။

(စ) **၂၁ရာစုကျွမ်းကျင်မှုများ** (21st Century Skills)**နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ** (Soft Skills)- လူငယ်များသည် ရှုပ်ထွေးသောကမ္ဘာလောကကြီးတွင် လျှောက်လှမ်းရမည့်ဘဝခရီးနှင့် အလုပ်ခွင်အတွက် ၂၁ရာစုကျွမ်းကျင်မှုများနှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ လိုအပ်ပါသည်။ C-၅လုံး (5 C's) သို့မဟုတ် သင်ယူမှုအတွက် အရေးကြီးသောကျွမ်းကျင်မှုများမှာ-

- **ပူးပေါင်းဆောင်ရွက်ခြင်း** (Collaboration)/ အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်ခြင်း (Group Work)- ကျောင်းသားများအား အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်တတ်ရန်၊ အတွေးအခေါ်များ မျှဝေခြင်းနှင့် အဖြေများ အတူရှာဖွေတတ်ရန်အားပေးသည်။
- **ဆက်သွယ်ပြောဆိုခြင်း** (Communication)- နှုတ်အားဖြင့်၊ ကိုယ်ဟန်အမူအရာအားဖြင့် ဆက်သွယ်ခြင်း၊ စာဖတ်ခြင်း၊ စာရေးခြင်း၊ စကားပြောခြင်း၊ နားထောင်ခြင်းတို့ဖြစ်သည်။
- **လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း** (Critical Thinking and Problem Solving)- ကျောင်းသားများအား ပြဿနာများ၏ အဖြေများကို ရှာဖွေခြင်းနှင့် အမှားပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခွင့်ပေးသည်။
- **တီထွင်ဖန်တီးခြင်း** (Creativity and Innovation)- အတွေးအခေါ်အယူအဆသစ်များ ရှာဖွေခြင်းနှင့် ပြဿနာများကို ဖြေရှင်းခြင်းတို့ပြုလုပ်ရန် 'ဘောင်ခတ်ထားသည့် အခြေအနေ'မှ ပြင်ပသို့ထွက်၍ တွေးခေါ်စေခြင်းဖြစ်သည်။
- **နိုင်ငံသားကောင်းဖြစ်ခြင်း**(Citizenship)- ကျောင်းလူမှုအဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်ခြင်း၊ တရားမျှတခြင်းနှင့် ပဋိပက္ခဖြေရှင်းခြင်း စိတ်ဓာတ်ရှိခြင်းတို့ဖြစ်သည်။

(ဆ) **အလယ်တန်းနှင့်အထက်တန်းအဆင့်စာသင်ခန်းများအတွင်းလူမှုရေးရှုထောင့်များကို ခြုံငုံတင်ပြခြင်း** (ကျား-မ၊ လူမျိုးစု၊ လူမှုရေးအဆင့်အတန်းနှင့် မသန်စွမ်းမှု)- အမျိုးသား ပညာရေး ဥပဒေ(၂၀၁၄)၌ သင်ရိုးညွှန်းတမ်းသည် မတူကွဲပြားခြားနားခြင်း (diversity)ကို နားလည်လက်ခံသော၊ တန်းတူညီမျှမှု (equality)ကို အလေးထားသော၊ ဒီမိုကရေစီအလေ့အကျင့်နှင့် လူ့အခွင့်အရေး (human rights) ဆိုင်ရာစံနှုန်းများကို တန်ဖိုးထားသော နိုင်ငံသားကောင်းများမွေးထုတ်ပေးနိုင်ပြီး တိုင်းရင်းသား မျိုးနွယ်စုအသီးသီး၏ ကြွယ်ဝသောစာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံနှင့် သမိုင်းအမွေအနှစ်တို့ကို မြှင့်တင်နိုင်စွမ်းရှိသည့်အပြင် နိုင်ငံတကာပညာရေး သင်ရိုးညွှန်းတမ်းများနှင့် လိုက်လျောညီထွေ ရှိရမည်ဟု ဖော်ပြထားသည်။

- အခြေခံစည်းမျဉ်းအနေဖြင့် စာသင်ခန်းများသည် ကျား-မ၊ လူမျိုးစု၊ လူမှုရေးအဆင့်အတန်းနှင့် မသန်စွမ်းမှုတို့ကို မခွဲခြားဘဲ ကျောင်းသားအားလုံး အကျုံးဝင် (inclusive)စေရန် ဖြစ်သည်။ အားလုံးအကျုံးဝင်ပြီး သာတူညီမျှမှု (equity) ရှိသော ကျောင်းပတ်ဝန်းကျင်သည် ကျောင်းသားတစ်ဦးစီ၏ ကိုယ်ပိုင်လက္ခဏာနှင့် တန်ဖိုးထားမှု

DBE BOX

ကို ထိန်းသိမ်းပြီး အခြားသူများနှင့် မတူကွဲပြားခြားနားမှုကို နားလည်အသိအမှတ်ပြုကာ ကျောင်းသားအားလုံး ပညာသင်ကြားခွင့်ရစေမည် ဖြစ်သည်။

- နိုင်ငံသားကောင်းဖြစ်စေရန် စေ့ဆော်ပေးသည့် လိုလားဖွယ်ရာ အပြုသဘောဆောင်သည့် သဘောထားများနှင့် တန်ဖိုးထားမှုများပါသည့် မိမိ၏လှုပ်ရှားဆောင်ရွက်မှုများကို နမူနာကောင်းများအဖြစ် ဆရာသည် ကျောင်းသားများအား ပြသရန်လိုအပ်ပါသည်။ ယင်းအပြုသဘောဆောင်သည့် သဘောထားများနှင့် တန်ဖိုးထားမှုများသည် ကျောင်းသားများတွင် နိုင်ငံသားကောင်း စိတ်ဓာတ်များ ပေါက်ဖွားလာစေမည် ဖြစ်သည်။
- ထို့အပြင် ဆရာသည် မိမိ၏စာသင်ခန်းအတွင်း လူမှုရေးဘက်လိုက်မှုများကို သတိပြုရှောင်ကြဉ်ရမည်။ ယင်းတို့မှာ တရားသေစွဲမှတ်ထားသော အခန်းကဏ္ဍများ (stereotyped roles)၊ မတူညီသော ယဉ်ကျေးမှုနှင့်မတူညီသော လူမျိုးစု၊ နိုင်ငံသားများအကြား ခွဲခြားဆက်ဆံမှုများ၊ လူမှုရေးအဆင့်အတန်းအရ ဘက်လိုက်မှုများ၊ ရိုးရာဓလေ့ထုံးစံများနှင့် တန်ဖိုးထားမှုများကို လျစ်လျူရှုခြင်းတို့ဖြစ်သည်။ ဆရာသည် မိမိ၏ စာသင်ခန်း၊ သင်ခန်းစာများ၊ ကျောင်းပတ်ဝန်းကျင်တို့တွင် သာတူညီမျှမှုနှင့် အားလုံးအကျုံးဝင်မှုကို အားကောင်းစေသည့် အခြားဥပမာများ၊ အခွင့်အလမ်းများကို ရှာဖွေပါ။ ကျောင်းသားအားလုံးကို တန်ဖိုးထားလေးစားရေးအတွက် ကျောင်းရှိအခြားဆရာများနှင့်လည်း မိမိ၏စိတ်ကူးများကို မျှဝေဆွေးနွေးနိုင်သည်။

**(ဆ) သင်ရိုးမာတိကာ (Syllabus) နှင့် စာသင်နှစ် တစ်နှစ်စာသင်ခန်းစာ အစီအစဉ် (YearPlan)** ၊ သတ္တမတန်း စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ်သင်ရိုးမာတိကာ၊ စာသင်နှစ်တစ်နှစ်စာ သင်ခန်းစာ အစီအစဉ်(Year Plan)နှင့် သင်ခန်းစာခေါင်းစဉ်အလိုက် အချိန်ခွဲဝေမှုတို့ကို ဇယားများဖြင့် ဖော်ပြထားသည်။

**သတ္တမတန်း Grade 7 စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ် သင်ရိုးမာတိကာ (Syllabus)**

| နယ်ပယ် (Strand) | သင်ယူမှု ရည်ရွယ်ချက်များ (Learning Objectives) | သင်ယူမှု ရလဒ်များ (Learning Outcomes) | တတ်မြောက်မှု အညွှန်းကိန်းများ (Achievement Indicators) |
|---|---|---|---|
| လူမှုကျင့်ဝတ်များ | • ကျောင်းတွင်ယဉ်ကျေးစွာ ပြုမူနေထိုင်ရမည့် အပြုအမူများကိုနားလည်ကျင့်သုံးတတ်ရန် | • နေ့စဉ်ဘဝတွင်မည်သို့ ယဉ်ကျေးစွာပြုမူနေထိုင်ရမည်ကို ရှင်းပြတတ်မည်။<br>• အတန်းဖော်နှင့်ကျောင်းသားများအချင်းချင်း၊ ဆရာများ၊ ကျောင်းရှိဝန်ထမ်းများနှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ အတွင်း ယဉ်ကျေးစွာ ပြုမူနေထိုင်တတ်မည်။ | • အတန်းဖော်ကျောင်းသားများအချင်းချင်း၊ ဆရာများ၊ ကျောင်းရှိဝန်ထမ်းများ၊ ကျောင်းနှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများနှင့် ဆက်ဆံပြောဆိုရာတွင် ကျင့်သုံးရမည့်ယဉ်ကျေးသိမ်မွေ့သောအပြုအမူ ၃ ချက် သို့မဟုတ် ၅ ချက်ကို အကြံပြုဆွေးနွေးနိုင်ခြင်း။ |

DBE BOX

| နယ်ပယ် (Strand) | သင်ယူမှု ရည်ရွယ်ချက်များ (Learning Objectives) | သင်ယူမှု ရလဒ်များ (Learning Outcomes) | တတ်မြောက်မှု အညွှန်းကိန်းများ (Achievement Indicators) |
|---|---|---|---|
| | • ရိုသေလေးစားတတ်သည့် အပြုအမူများကို ကျောင်းတွင် ကျင့်သုံးတတ်ရန်<br>• ကျောင်းဝင်းအတွင်း တစ်ဦးကိုတစ်ဦး (အပြန်အလှန်) လေးစားတတ်ရန် | • ကျောင်းတွင် အခြားသူများ(အတန်းဖော်နှင့်ကျောင်းသားများ အချင်းချင်း၊ဆရာများ၊ ကျောင်းရှိ ဝန်ထမ်းများ စသည်)နှင့် ရိုသေလေးစားစွာဆက်ဆံရမည်ကို နားလည်ပြီး၊နေ့စဉ်ဘဝတွင် ကောင်းစွာ ကျင့်သုံးတတ်မည်။ | • အတန်းဖော်ကျောင်းသားများ အချင်းချင်း၊ ဆရာများ၊ကျောင်းရှိ ဝန်ထမ်းများနှင့်ဆက်ဆံရာတွင် ရိုသေလေးစားတတ်သည့်အပြုအမူများကို လိုက်နာကျင့်သုံးတတ်ခြင်း။ |
| | • ကိုယ်ကျင့်တရားကောင်း မွန်မှုဆိုင်ရာ အပြုအမူများကို ကျောင်းတွင် နားလည်လိုက်နာကျင့်သုံးတတ်လာရန် | • နေ့စဉ်ဘဝတွင်ဖြောင့်မတ်တည်ကြည်သူအဖြစ်ပြုမူနေထိုင်ရမည့် နည်းလမ်းများကို ပြောပြတတ်ပြီးလိုက်နာကျင့်သုံးတတ်မည်။<br>• နေ့စဉ်ဘဝတွင်အတန်းဖော်နှင့် ကျောင်းသားများ အချင်းချင်း၊ ဆရာများ၊ ကျောင်းရှိဝန်ထမ်းများ၊ ကျောင်းအဖွဲ့အစည်းများ အတွင်း ရိုးသားဖြောင့်မတ်စွာနေထိုင်တတ်သည့် အလေ့အကျင့်ကောင်းများကို ရှင်းပြတတ်လာမည်။ | • ရွယ်တူအုပ်စုများ၊ဆရာများ၊ ကျောင်းရှိဝန်ထမ်းများနှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ အတွင်း ကိုယ်ကျင့်တရားကောင်းမွန်မှုဆိုင်ရာအပြုအမူများကို နေ့စဉ် လိုက်နာကျင့်သုံးတတ်ခြင်း။ |
| | • ချစ်ခင်မြတ်နိုးမှုကို ဖော်ပြသော ကိုယ်ကျင့်တရားဆိုင်ရာ အပြုအမူကောင်းများကို ကျောင်းတွင်း၌ တစ်ဦးကိုတစ်ဦး ပြသအသုံးပြုတတ်ရန် | • ကျောင်းတွင်အတန်းဖော်ကျောင်းသားများအချင်းချင်း၊ ဆရာများ၊ကျောင်းရှိဝန်ထမ်းများ၊ကျောင်းနှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများတွင် ချစ်ခင်မြတ်နိုးစွာ နေထိုင်တတ်သည့် အလေ့အကျင့်ကောင်းများကို ရှင်းပြတတ်မည်။ | • ချစ်ခင်မြတ်နိုးမှုကို ဖော်ပြသော ကိုယ်ကျင့်တရားဆိုင်ရာ အပြုအမူကောင်းများ၊ကျောင်းရှိဝန်ထမ်းများနှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ အတွင်း အနည်းဆုံးနည်းလမ်း ၃ ခုခန့်ဖော်ထုတ်လိုက်နာကျင့်သုံးတတ်ခြင်း။ |

DBE BOX

| နယ်ပယ် (Strand) | သင်ယူမှု ရည်ရွယ်ချက်များ (Learning Objectives) | သင်ယူမှု ရလဒ်များ (Learning Outcomes) | တတ်မြောက်မှု အညွှန်းကိန်းများ (Achievement Indicators) |
|---|---|---|---|
| အခွင့်အရေးနှင့် တာဝန် | • ကလေးသူငယ်အခွင့်အရေးဆိုင်ရာ(သဘောတရားများ)အကြောင်းကို ရှင်းပြတတ်ပြီး ၎င်းအခွင့်အရေးများကို ကျောင်းတွင်းနှင့်မိသားစုတွင်း၌ မည်သို့ ရရှိနိုင်မည်ကို ရှင်းပြတတ်ရန်<br>• ကလေးများတာဝန်နှင့်ဝတ္တရား၊အခွင့်အရေး အထူးအခွင့်အရေးတို့ကို နေ့စဉ်ဘဝတွင် မည်သို့အသုံးချမည်ကို ခွဲခြားဖော်ပြတတ်ရန် | • အပြည်ပြည်ဆိုင်ရာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူ စာချုပ်ပါအခွင့်အရေးများကို မိသားစုနှင့်ကျောင်းတို့တွင် ရရှိနေသော အခွင့်အရေးများနှင့် နှိုင်းယှဉ်ခွဲခြား ဖော်ပြတတ်မည်။<br>• တာဝန်ယူတတ်သည့် နိုင်ငံသားကောင်းဖြစ်လာနိုင်သောနည်းလမ်းများကို အကြံပြုတတ်မည်။ | • ကလေးသူငယ်အခွင့်အရေးများဖြစ်သော အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခွင့်၊ ပါဝင်လုပ်ဆောင်ခွင့် စသည့် အခွင့်အရေးများကို ကျောင်းတွင်း၊ မိသားစုအတွင်း ရရှိသည့်အခွင့်အရေးများနှင့် နှိုင်းယှဉ်ခွဲခြားဖော်ပြတတ်ခြင်း။<br>• နိုင်ငံသားကောင်းများဖြစ်လာရန် တာဝန်ယူမှု၊ တာဝန်ခံမှုစသည့် နည်းလမ်းများကို အကြံပြုတတ်ခြင်း။ |
| စည်းကမ်းနှင့်ဥပဒေ | • အရေးကြီးသော စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေများကို ရှာဖွေလေ့လာတတ်ရန်(ရပ်ရွာဒေသ အုပ်ချုပ်ရေးဆိုင်ရာ)<br>• ရပ်ရွာဒေသအတွင်း ကျင့်သုံးသည့်စည်းမျဉ်းစည်းကမ်းဥပဒေများကို နားလည်ကျင့်သုံးတတ်ရန် | • ရပ်ရွာဒေသအလိုက် ချမှတ်ထားသော စည်းကမ်းနှင့်ဥပဒေများကိုလိုက်နာတတ်မည်။<br>• ဥပဒေအရအကူအညီပေးနိုင်သော ရပ်ရွာဒေသရှိ အဖွဲ့အစည်းများကို ခွဲခြားတတ်မည်။ | • နိုင်ငံတော်ဥပဒေ၊ ရပ်ရွာဒေသဆိုင်ရာ ဥပဒေများကို တန်ဖိုးထားလိုက်နာတတ်ခြင်း။<br>• ရပ်ရွာဒေသရှိ အဖွဲ့အစည်းများအနက် ဥပဒေအရ အကူအညီ ပေးနိုင်သည့် အဖွဲ့အစည်းများကို ခွဲခြားဖော်ပြခြင်း။<br>• ရပ်ရွာဒေသအတွင်း ကျင့်သုံးသည့်စည်းကမ်းဥပဒေများကို လိုက်နာကျင့်သုံးတတ်ခြင်းနှင့် လိုက်နာရန် ပျက်ကွက်ပါက ရလာနိုင်သောအကျိုးဆက်များကိုဖော်ပြနိုင်ခြင်း။ |

| နယ်ပယ် (Strand) | သင်ယူမှု ရည်ရွယ်ချက်များ (Learning Objectives) | သင်ယူမှု ရလဒ်များ (Learning Outcomes) | တတ်မြောက်မှု အညွှန်းကိန်းများ (Achievement Indicators) |
|---|---|---|---|
| ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ခြင်း | • မိမိရပ်ရွာဒေသ အတွင်း ငြိမ်းချမ်းညီ ညွတ်စွာနေထိုင်ခြင်း တန်ဖိုးကို နားလည် ပြီး လိုက်နာကျင့်သုံး တတ်ရန် | • မိမိရပ်ရွာဒေသ အတွင်း ငြိမ်းချမ်းညီ ညွတ်စွာနေထိုင်ခြင်း အကျိုးရလဒ်ကို ဖော်ပြတတ်လာမည်။<br>• ရပ်ရွာဒေသအတွင်း စည်းလုံးညီညွတ်စွာ နေထိုင်ခြင်းဖြင့် ငြိမ်းချမ်းညီညွတ်ရေး ကို အထောက်အကူ ဖြစ်ကြောင်း ဖော်ပြ တတ်လာမည်။<br>• ဖန်တီးတတ်ခြင်း၊ ဆက်သွယ်ပြောဆို တတ်ခြင်း၊ပူးပေါင်း လုပ်ဆောင်ခြင်းတို့ကို ရပ်ရွာလုပ်ငန်းများ အတွင်းလက်တွေ့ အသုံးချတတ်လာ မည်။ | • မိမိရပ်ရွာဒေသအတွင်း ညှိနှိုင်းခြင်းဖြင့် ငြိမ်းချမ်း သောလူမှုပတ်ဝန်းကျင် ကို ရရှိစေရန်အတွက် လူတစ်ဦးနှင့်တစ်ဦး အတွေးအခေါ် အယူ အဆ သဘောထား များကို ဖော်ပြတတ် ခြင်း။<br>• ရပ်ရွာဒေသအတွင်း စည်းလုံးညီညွတ်စွာ နေထိုင်ခြင်းဖြင့် နိုင်ငံတည်ငြိမ်မှုနှင့် တိုးတက်ရေးကို အထောက်အကူဖြစ် ကြောင်း ဆွေးနွေး ဖော်ပြတတ်ခြင်း။<br>• ရပ်ရွာအကျိုးပြု လုပ်ငန်းများတွင် ဖန်တီးတတ်ခြင်း၊ ဆက်သွယ်ပြောဆို တတ်ခြင်း၊ ပူးပေါင်း လုပ်ဆောင်ခြင်းတို့ကို လက်တွေ့အသုံးချ ကျင့်သုံးတတ်ခြင်း။ |

DBE BOX

# စာသင်နှစ်တစ်နှစ်စာ သင်ခန်းစာ အစီအစဉ်(Year Plan)နှင့် သင်ခန်းစာအလိုက် အချိန်ခွဲဝေမှု

| သီတင်းပတ် | သင်ချိန်ပေါင်း | အခန်း (နယ်ပယ်) | သင်ခန်းစာခေါင်းစဉ် (နယ်ပယ်ခွဲ) | အဓိကအကြောင်းအရာ/ ခေါင်းစဉ်ခွဲများ |
|---|---|---|---|---|
| ၁ | ၄ | အခန်း(၁) လူမှုကျင့်ဝတ် | (၁.၁)ယဥ်ကျေးလိမ္မာ ကျောင်းအတွင်းမှာ | ယဥ်ကျေးခြင်း |
| | | | | ကျောင်းအတွင်းရှောင်ကြဉ်ရမည့် မယဥ်ကျေးသော အပြုအမူများ |
| ၂ | | | | ဖြစ်ရပ်လေ့လာခြင်း |
| | | | | ကျောင်းနှင့်ဆက်နွယ်နေသူများကို ယဥ်ကျေးစွာပြောဆိုပြုမူဆက်ဆံခြင်း |
| ၃ | ၅ | | (၁.၂) ရိုသေလေးစား တို့ကျောင်းသား | စာသင်ခန်းအတွင်းအချင်းချင်း အပြန်အလှန်ရိုသေလေးစားမှု |
| | | | | ကျောင်းအတွင်းအချင်းချင်း အပြန်အလှန်ရိုသေလေးစားမှု |
| ၄ | | | | အုပ်စုလိုက်သရုပ်ဆောင်ခြင်း လုပ်ငန်း |
| | | | | အုပ်စုလိုက်သရုပ်ဆောင်ခြင်း လုပ်ငန်း |
| ၅ | | | | အုပ်စုလိုက်သရုပ်ဆောင်ခြင်း လုပ်ငန်း |
| | ၄ | | (၁.၃) ဖြောင့်မတ် တည်ကြည် နေထိုင်မည် | ဖြောင့်မတ်တည်ကြည်နေထိုင်မှု |
| ၆ | | | | ဖြစ်ရပ်လေ့လာခြင်း၊ ဖြောင့်မတ် တည်ကြည်သူတစ်ဦးတွင် ရှိရမည့် အရည်အသွေးများကို ဖော်ထုတ်ခြင်း |
| | | | | တာဝန်ထမ်းရာ ဖြောင့်မတ်ပါ |
| ၇ | | | | ဖြောင့်မတ်တည်ကြည်နေထိုင်မှုနှင့်ပတ်သက် သော ပုံပြင်တစ်ပုဒ် စုပေါင်းဖန်တီးခြင်း |
| | ၄ | | (၁.၄) စာနာစိတ်ထား တို့ကျောင်းသား | ဖြစ်ရပ်လေ့လာခြင်း၊ ကရုဏာထား ချစ်ခင်မှု |
| ၈ | | | | ကရုဏာထား ချစ်ခင်တတ်သူ၏ အရည်အသွေးများ |
| | | | | ဖြစ်ရပ်လေ့လာခြင်း |
| ၉ | | | | ကရုဏာထား ချစ်ခင်တတ်သူ တစ်ယောက်အကြောင်း |
| | ၁ | | အခန်း(၁)ကို ပြန်လည်သုံးသပ်ခြင်း | |
| ၁၀ | ၄ | အခန်း(၂) အခွင့်အရေး နှင့်တာဝန် | (၂.၁) ကလေးသူငယ် များ၏ ပညာသင်ယူခွင့် အခွင့်အရေးများ | ပညာသင်ကြားရေးဆိုင်ရာ အခွင့်အရေးများ |

DBE BOX

| | | | | |
|---|---|---|---|---|
| ၁၁ | | | | ကျောင်းသွားကြမယ် နီနီရယ် |
| | | | | ဖြစ်ရပ်လေ့လာခြင်း |
| | | | | ကျောင်းမှရရှိသောအခွင့်အရေးများ |
| ၁၂ | ၂ | | (၂. ၂) တာဝန်ကျေ အောင်ကြိုးစားပါ | တာဝန်ကျေအောင်ကြိုးစားပါ |
| | | | | တာဝန်ကျေသောကျောင်းသားတစ်ဦး တွင် ရှိရမည့် အရည်အသွေးများ |
| ၁၃ | ၂ | | (၂. ၃) အားကိုးအား ထားပြုနိုင်ခြင်း | အားကိုးအားထားပြုနိုင်ခြင်း |
| | | | | ခရီးသည်နှစ်ဦး |
| ၁၄ | ၂ | ပြန်လည်ဆွေးနွေးခြင်း | | |
| ၁၅ | ၂ | ပြန်လည်ဆွေးနွေးခြင်း | | |
| ၁၆ | ၁ | | အခန်း (၂)ကို ပြန်လည်သုံးသပ်ခြင်း | |
| | ၂ | အခန်း (၃) စည်းကမ်းနှင့် ဥပဒေ | (၃. ၁) စည်းကမ်း လေးစား နိုင်ငံသား | နိုင်ငံသား |
| ၁၇ | | | | နိုင်ငံသားကောင်းဖြစ်ရန် လိုအပ်သောအရည်အချင်းများ |
| | ၄ | | (၃.၂) ရပ်ရွာရေးရာ သိမှတ်စရာ | ရပ်ရွာရေးရာ သိမှတ်စရာများကို လေ့လာခြင်း |
| ၁၈ | | | | ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်တင်မြှောက်ခြင်း |
| | | | | တာဝန်ဝတ္တရားများ |
| ၁၉ | | | | ရပ်ရွာအလှ |
| | ၂ | | (၃.၃) အကူအညီ လိုလျှင်ပြောစေချင် | ဖြစ်ရပ် ၁၊ ဖြစ်ရပ် ၂ |
| ၂၀ | | | | ဖြစ်ရပ် ၃ |
| | ၁ | | အခန်း (၃)ကို ပြန်လည်သုံးသပ်ခြင်း | |
| ၂၁ | ၂ | အခန်း(၄) ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ခြင်း | (၄.၁) ငြိမ်းချမ်းစွာ နေထိုင်ရေး | ဖြစ်ရပ် ၁၊ ဖြစ်ရပ် ၂ |
| | | | | ဆောင်ရန်၊ ရှောင်ရန် အပြုအမူများ |
| ၂၂ | ၂ | | (၄.၂)စိတ်ရှည်သည်းခံ ငြိမ်းချမ်းရန် | စိတ်ရှည်သည်းခံ သဘောထားကြီးခြင်း |
| | | | | ဖြစ်ရပ်လေ့လာခြင်း |
| ၂၃ | ၂ | | (၄.၃) စောင့်ရှောက် ကူညီငြိမ်းချမ်းမည် | ဖြစ်ရပ်လေ့လာခြင်း |
| | | | | ဂရုတစိုက်ပြုစုစောင့်ရှောက်ခြင်း |
| ၂၄ | ၃ | | (၄.၄) ငြိမ်းချမ်းရေး အတွက်ပူးပေါင်း ဆောင်ရွက်ခြင်း | စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်း |
| | | | | တွေ့ဆုံမေးမြန်းခြင်း |
| ၂၅ | | | | တွေ့ဆုံမေးမြန်းခြင်း(အဆက်) |
| | ၁ | | အခန်း(၄)ကို ပြန်လည်သုံးသပ်ခြင်း | |

DBE BOX

| | | | |
|---|---|---|---|
| ၂၆ | ၂ | ပြန်လည်ဆွေးနွေးခြင်း | |
| ၂၇ | ၂ | ပြန်လည်ဆွေးနွေးခြင်း | |
| ၂၈ | ၅ | | မိမိကိုယ်တိုင်နှင့်အခြားသူ/လူ့အဖွဲ့အစည်းအား တာဝန်ယူမှုရှိခြင်း |
| ၂၉ | | | |
| ၃၀ | | | |
| | ၁ | | အရန်စာသင်ချိန် |
| ၃၁ | ၂ | | အရန်စာသင်ချိန် |
| ၃၂ | ၂ | | အရန်စာသင်ချိန် |
| ၃၃ | ၂ | | အရန်စာသင်ချိန် |
| ၃၄ | ၂ | | အရန်စာသင်ချိန် |
| ၃၅ | ၂ | ပြန်လည်ဆွေးနွေးခြင်း | |
| ၃၆ | ၂ | ပြန်လည်ဆွေးနွေးခြင်း | |

- တစ်နှစ်အတွင်း စာသင်ချိန် သီတင်းပတ်ပေါင်း ၃၆ ပတ်
- တစ်နှစ်အတွင်း စာသင်ချိန် စုစုပေါင်း ၇၂ ချိန်
- လျာထားစာသင်ချိန် ၅၀ ချိန်
- ပြန်လည်ဆွေးနွေးခြင်းအတွက် လျာထား စာသင်ချိန် ၁၂ချိန်
- အရန်စာသင်ချိန် ၉ချိန်

**၂။ သင်ခန်းစာအစီအစဉ်များ** (Lesson Plans)

သင်ခန်းစာအစီအစဉ်များတွင် သင်ယူမှုရလဒ်၊ သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း၊ ဖွံ့ဖြိုးစေမည့် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများ၊ သင်ကြားသင်ယူမှုဖြစ်စဉ် (သင်ခန်းစာမိတ်ဆက်ခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း- I-T-P-R)၊ သင်ယူမှုနှင့် စဉ်းစားတွေးခေါ်ခြင်းကို အားဖြည့်ရန် နောက်ဆက်တွဲလုပ်ငန်းများ၊ စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများ၊ အဓိကအချက်များနှင့် ဆရာ့အတွက်မှတ်စု) ပါဝင်သည်။

သင်ခန်းစာခေါင်းစဉ်တိုင်းတွင် သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းဟူသော အဆင့်(၄)ဆင့်ပါရှိမည်။ (သင်ခန်းစာကိုလိုက်၍ အနည်းငယ်ကွဲပြားနိုင်သည်။)

I　သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း (Introduction)

T　သင်ကြားခြင်း (Teach)/သင်ကြားမှုလုပ်ငန်း/နမူနာပြခြင်းတို့နှင့်ဆက်စပ်သည့်စကားလုံး

P　လေ့ကျင့်ခြင်း (Practice)

R　ပြန်လည်သုံးသပ်ခြင်း (Review) (နောက်ဆက်တွဲလုပ်ငန်းများပါဝင်နိုင်သည်။)

DBE BOX

| | | |
|---|---|---|
| I | သင်ခန်းစာမိတ်ဆက်ခြင်း/ နိဒါန်းပျိုးခြင်း (Introduction) | အားကိုးအားထား သင်ခန်းစာကို သင်ကြားရန် ဉာဏ်ဖွင့်ဆွေးနွေးခြင်းနည်းဖြင့်ဆောင်ရွက်ခြင်း<br>အောက်ပါမေးခွန်းများကို မေး၍ သင်ခန်းစာကို နိဒါန်းပျိုးပါ။<br>(က) အားကိုးအားထားပြုနိုင်ခြင်းကို သင်မည်သို့နားလည်ပါသနည်း။<br>(ခ) သင့်ပတ်ဝန်းကျင်တွင် အားကိုးအားထားပြုနိုင်သောသူရှိပါသလား။ အဘယ်ကြောင့် အားကိုးအားထားပြုနိုင်ပါသနည်း။ |
| T | သင်ကြားခြင်း (Teach) | ဤအပိုင်းတွင် အများစုသည် ဆရာဗဟိုပြုဖြစ်မည်။ |
| P | လေ့ကျင့်ခြင်း (Practice) | ဤအပိုင်းတွင် အများစုသည် ကျောင်းသားဗဟိုပြုဖြစ်မည်။ |
| R | ပြန်လည်သုံးသပ်ခြင်း (Review) | ဤအပိုင်းတွင် သင်ခန်းစာအကျဉ်းချုပ်နှင့် ပြန်လည်သုံးသပ်သည့် မေးခွန်းများပါဝင်မည်။ |

သင်ကြားခြင်း-လေ့ကျင့်ခြင်း (T-P) အဆင့်များသည် သင်ခန်းစာတစ်ခုတွင် ထပ်ကာထပ်ကာဖြစ်နိုင်သည်။ ဥပမာ-




DBE BOX

# အခန်း(၁)
# လူမှုကျင့်ဝတ်

**သင်ယူမှုရလဒ်များ**

ဤအခန်းပြီးဆုံးသောအခါ ကျောင်းသားများသည်

- ယဉ်ကျေးစွာ ပြုမူနေထိုင်တတ်မည်။
- ရိုသေလေးစားစွာ ဆက်ဆံတတ်မည်။
- ရိုးသားဖြောင့်မတ် တည်ကြည်စွာ ပြုမူနေထိုင်တတ်မည်။
- တစ်ဦးနှင့်တစ်ဦး စာနာစိတ်ဖြင့် ချစ်ခင်စွာနေထိုင်တတ်မည်။

**သင်ခန်းစာ(၁.၁) ယဉ်ကျေးလိမ္မာ ကျောင်းအတွင်းမှာ စုစုပေါင်းစာသင်ချိန် ၄ ချိန်**
**သင်ခန်းစာရည်ရွယ်ချက် တစ်ချိန်(၄၅)မိနစ်**

- ကျောင်းတွင် ယဉ်ကျေးစွာပြုမူနေထိုင်ရမည့် အပြုအမူများကို နားလည်ပြီး လိုက်နာကျင့်သုံးတတ်စေရန်

**သင်ခန်းစာကြိုတင်ပြင်ဆင်ခြင်း**

- တစ်ဦးနှင့်တစ်ဦး ယဉ်ကျေးစွာပြောဆိုဆက်ဆံရာတွင် လုပ်ဆောင်ရမည့် အပြုအမူများနှင့် ကျောင်းအတွင်း ရှောင်ကြဉ်ရမည့် မယဉ်ကျေးသောအပြုအမူများကို ဆွေးနွေးဖော်ထုတ်နိုင်ရန် ကားချပ်၊ ခဲတံ၊ ရောင်စုံခဲတံ၊ ဆော့ပင်နှင့် နှစ်ဖက်ကပ်တိပ်တို့ကို ပြင်ဆင်ပါ။

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

- ကျောင်းသားများသည် ယဉ်ကျေးစွာပြောဆိုဆက်ဆံရာတွင် လုပ်ဆောင်ရမည့် အပြုအမူများနှင့် မယဉ်ကျေးသောအပြုအမူများကို ဆွေးနွေးဖော်ထုတ်ခြင်း (Collaboration/Group work)နှင့် ဆက်သွယ်ပြောဆိုခြင်း (Communication)၊ ရုပ်ပုံများကို လေ့လာ၍စာသားများကို ဖြည့်စွက်ရန် လေးနက်စွာဆန်းစစ်ဝေဖန်ခြင်း(Critical Thinking)စသည့်ကျွမ်းကျင်မှုများကို ရရှိ နိုင်ပါသည်။

**စာသင်ချိန်(၁) ယဉ်ကျေးခြင်း**

**သင်ခန်းစာမိတ်ဆက်ခြင်း (၅)မိနစ်**

- ကျောင်းသားအရေအတွက်ပေါ် မူတည်၍ အုပ်စုများဖွဲ့ပါ။ အုပ်စုတစ်စုစီကို စာရွက်တစ်ရွက် စီပေး၍ ဆရာမေးသည့် မေးခွန်းများကို အုပ်စုတွင်း ဆွေးနွေးပြီး ရရှိသည့်အဖြေများကို ရေးသားရန်ပြောပါ။
- ဆရာက 'ကျောင်းတွင် မည်သူတို့နှင့် စကားပြောဆိုဆက်ဆံရပါသနည်း' 'ထိုသူတို့နှင့်ပြောဆို ဆက်ဆံသည့်အခါ မည်သို့ပြောဆို ဆက်ဆံရမည်နည်း'ဟုမေး၍ ကျောင်းသားများကို ဆွေးနွေးပါစေ။ ထို့နောက် ကျောင်းသားများ၏အဖြေကို လိုအပ်လျှင် ဆရာက ဖြည့်စွက်ပေးပါ။

DBE Box

**သင်ကြားခြင်း** **(၅)မိနစ်**

- မိမိတို့သည်အိမ်ရှိမိသားစုဝင်များနှင့် ဆက်ဆံရာတွင် ယဉ်ကျေးစွာပြုမူ ပြောဆိုဆက်ဆံရမည်ဖြစ်သကဲ့သို့ စာသင်ခန်းအတွင်း သူငယ်ချင်းအချင်းချင်း စကားပြောဆိုရာတွင်လည်းကောင်း၊ ဆရာများနှင့် ပြောဆိုဆက်ဆံရာတွင်လည်းကောင်း၊ ကျောင်းအတွင်းတစ်ဦးနှင့်တစ်ဦး ပြောဆိုဆက်ဆံရာတွင်လည်းကောင်း၊ ယဉ်ကျေးစွာပြုမူ ပြောဆိုဆက်ဆံရမည်ဖြစ်ကြောင်း ပြောပြပါ။
'ယဉ်ကျေးခြင်းဆိုသည်မှာ အဘယ်နည်း 'ဟုမေးပါ။
ကျောင်းသားများ၏အဖြေကို လိုအပ်လျှင် ဆရာက ဖြည့်စွက်ပေးပါ။

**လေ့ကျင့်ခြင်း** **(၂၅)မိနစ်**

- အုပ်စုတစ်စုစီကိုစာရွက်တစ်ရွက်စီ ပေး၍ တစ်ဦးနှင့်တစ်ဦး ယဉ်ကျေးစွာ ပြောဆိုဆက်ဆံရာတွင် လုပ်ဆောင်ရမည့် အပြုအမူများကို အုပ်စုလိုက်ဆွေးနွေးဖော်ထုတ်ပါစေ။
- ထို့နောက် အုပ်စုတစ်စုစီမှ ကိုယ်စားလှယ်တစ်ဦးစီက အတန်းသို့ တင်ပြပါစေ။ ဆရာက ဖြည့်စွက်ဆွေးနွေးပေးပါ။
- ကျောင်းသုံးစာအုပ် စာမျက်နှာ(၃) တွင်ပါဝင်သော ရုပ်ပုံများကို အုပ်စုလိုက်လေ့လာစေ၍ စာသင်ခန်းအတွင်း တစ်ဦးနှင့်တစ်ဦး ဆက်ဆံရာတွင် ယဉ်ကျေးစွာ ပြုမူပြောဆိုဆက်ဆံကြပုံကို ဆွေးနွေးပါစေ။ ထို့နောက်ပုံတွင် လိုအပ်သည့် စာသားများကို ဖြည့်စွက်ပါစေ။
- ကျောင်းအတွင်း နေထိုင်မှုပုံစံများကိုလေ့လာ၍ သင့်ကျောင်းအတွင်းတွင် မည်သို့ပြုမူနေထိုင်မည်ကို ဆွေးနွေးပါစေ။
- ကျောင်းသားများဆွေးနွေး၍ ဖြည့်စွက်ထားသောစာသားများကို အတန်းသို့တင်ပြစေ၍ ကျောင်းအတွင်း ပြုမူနေထိုင်ရမည့် နေထိုင်မှုပုံစံများကိုလည်း အတန်းသို့တင်ပြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- ဆရာက ကျောင်းသားများ၏ဆွေးနွေးတင်ပြချက်များကို ပြန်လည်သုံးသပ်ပေး၍ သင်ခန်းစာဦးတည်ချက်နှင့် လွဲချော်နေပါက တည့်မတ်ပေးပါ။
- ဆရာက အောက်ပါမေးခွန်းများကိုမေးပါ။

(က) ကျောင်းတွင် မည်သူတို့နှင့် ပြောဆိုဆက်ဆံရပါသနည်း။
(ခ) တစ်ဦးနှင့်တစ်ဦး ယဉ်ကျေးစွာ ပြောဆိုဆက်ဆံခြင်းဖြင့် မည်သည့်အကျိုးကျေးဇူးများ ရရှိနိုင်ပါသနည်း။

- ကျောင်းသားများ၏အဖြေကို ဆရာက ဖြည့်စွက်ဆွေးနွေးပေးပါ။
- ကျောင်းတွင်း တစ်ဦးနှင့်တစ်ဦး ယဉ်ကျေးစွာပြောဆိုဆက်ဆံခြင်းဖြင့် ကျောင်းသားအချင်းချင်း ခိုက်ရန်ဖြစ်ပွားမှု နည်းလာ၍ ချစ်ချစ်ခင်ခင် နေထိုင်တတ်လာမည်။ တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင်နေထိုင်၍ ကျောင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရာတွင် အလွယ်တကူ အောင်မြင်နိုင်ကြောင်း ပြောပြ၍ သင်ခန်းစာကို နိဂုံးချုပ်ပါ။

DBE BOX

**စာသင်ချိန်(၂) ကျောင်းအတွင်း ရှောင်ကြဉ်ရမည့် မယဉ်ကျေးသောအပြုအမူများ**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၅)မိနစ်**

- အောက်ပါမေးခွန်းများကို မေး၍ သင်ခန်းစာကိုအစပျိုးပါ။

(က) တစ်ဦးနှင့်တစ်ဦး ကိုယ်နှင့်စိတ်ကိုထိခိုက်နစ်နာစေမည့် အပြောအဆိုနှင့်အပြုအမူများသည် ယဉ်ကျေးသည့် အပြုအမူနှင့် အပြောအဆိုများ ဖြစ်ပါသလား။

(ခ) တစ်ဦးနှင့်တစ်ဦး ဆက်ဆံရာတွင် မယဉ်ကျေးသည့် အပြုအမူများကို ကျင့်သုံးပါက မည်သို့ ဖြစ်နိုင်ပါသနည်း။ ကျောင်းသားများ၏အဖြေကို လိုအပ်လျှင် ဆရာကဖြည့်စွက်ဆွေးနွေးပေးပါ။

**လေ့ကျင့်ခြင်း** **(၃၀)မိနစ်**

- ကျောင်းသုံးစာအုပ် စာမျက်နှာ(၃)တွင်ပါသော ကျောင်းအတွင်း ရှောင်ကြဉ်ရမည့် မယဉ်ကျေးသော အပြုအမူများကို ကျောင်းသားများ လေ့လာပါစေ။
- ပေးထားသောအချက်နှင့်မတူညီသော မယဉ်ကျေးသည့်အပြုအမူများကို ဆွေးနွေးဖော်ထုတ်ပါစေ။
- ဆွေးနွေးချက်များကို အုပ်စုတစ်စုစီမှ ကိုယ်စားလှယ်တစ်ဦးစီက အတန်းသို့ တင်ပြပါစေ။ ဆရာက ဖြည့်စွက်ဆွေးနွေးပေးပါ။
- သူငယ်ချင်းအချင်းချင်း အကူအညီတောင်းရာတွင် အသုံးပြုသင့်သည့် ယဉ်ကျေးသည့် အသုံးအနှုန်းနှင့် သူငယ်ချင်း အကူအညီတောင်းရာတွင် မလုပ်ဆောင်နိုင်ကြောင်းကို ယဉ်ကျေးစွာ ငြင်းပယ်သည့် အသုံးအနှုန်းကို အုပ်စုလိုက် ဆွေးနွေးဖော်ထုတ်ပါစေ။
- ဆွေးနွေးထားသည့် အသုံးအနှုန်းများကို ကျောင်းသုံးစာအုပ် စာမျက်နှာ(၄)ရှိ ယဉ်ယဉ်ကျေးကျေးစကားပြောကြမယ် ခေါင်းစဉ် အောက်တွင်ပါသော သူငယ်ချင်းကို အကူအညီတောင်းခြင်းနှင့် သူငယ်ချင်း အကူအညီတောင်းရာတွင် မလုပ်ဆောင်နိုင်ကြောင်းကို ယဉ်ကျေးစွာ ငြင်းပယ်ခြင်း ပုံနှစ်ခုတွင် ဖြည့်စွက်ပါစေ။
- ကျောင်းသားများဖြည့်စွက်ဆွေးနွေးချက်များကို အုပ်စုလိုက် အတန်းသို့တင်ပြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- ဆရာက ကျောင်းသားများ၏ ဆွေးနွေးတင်ပြချက်များကို ပြန်လည်သုံးသပ်ပေး၍ သင်ခန်းစာ ဦးတည်ချက်နှင့် လွဲချော်နေပါက တည့်မတ်ပေးပါ။
- အောက်ပါမေးခွန်းတို့ကို အုပ်စုလိုက်ဆွေးနွေးစေ၍ အတန်းသို့တင်ပြပါစေ။

၁။ အကြောင်းတစ်ခုခုဖြင့်ဆရာကို ခွင့်တိုင်လိုသည့်အခါမည်သို့ပြုမူမည်နည်း။

၂။ အတန်းချိန်ပျက်ကွက်မှု၊ စာသင်ချိန်ပျက်ကွက်မှုအတွက် မည်သို့ခွင့်တိုင်မည်နည်း။
(နမူနာ-ဆရာကို အကျိုးအကြောင်း သေချာရှင်းပြရာတွင် ယဉ်ကျေးသည့် အသုံးအနှုန်းများကို အသုံးပြုရပါမည်။ စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ ယဉ်ကျေးသောအသုံးအနှုန်းများကိုသာ အသုံးပြုရပါမည်။)

၃။ ကျောင်းအုပ်ကြီးက ချီးမွမ်းပြောဆိုသည့်အခါ မည်သို့ပြန်လည်ပြောဆိုမည်နည်း။

- ကျောင်းအတွင်း တစ်ဦးနှင့်တစ်ဦး ထိခိုက်နစ်နာစေမည့် အပြောအဆိုနှင့် အပြုအမူများသည် မယဉ်ကျေးသည့် အပြုအမူနှင့် အပြောအဆိုများသာ ဖြစ်ကြောင်းပြောပြပါ။
- မယဉ်ကျေးသည့် အပြုအမူနှင့် အပြောအဆိုများကို သတိပြုမိ၍ ရှောင်ကြဉ်သင့်ကြောင်း ပြောပြ၍ သင်ခန်းစာကို နိဂုံးချုပ်ပါ။



DBE-BOX

**စာသင်ချိန်(၃) ဖြစ်ရပ်လေ့လာခြင်း**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၁၅)မိနစ်**

- ကျောင်းသားများကို အုပ်စုလေးစုဖွဲ့ပါ။ အုပ်စုတစ်စုစီကို စာရွက်တစ်ရွက် စီပေး၍ ဆွေးနွေး ဖော်ထုတ်ချက်များကို ရေးသားပါစေ။
- အုပ်စုလေးစုအနက် နှစ်စုကို တစ်ဦးနှင့်တစ်ဦး ယဉ်ကျေးစွာပြောဆိုဆက်ဆံရာတွင်လုပ် ဆောင်ရမည့် အပြုအမူများကို ဆွေးနွေးပါစေ။
- ကျန်သောအုပ်စုနှစ်စုကို ကျောင်းအတွင်း ရှောင်ကြဉ်ရမည့် မယဉ်ကျေးသောအပြုအမူ များကို ဆွေးနွေး ဖော်ထုတ်ပါစေ။
- ကျောင်းသားများ၏ဆွေးနွေးချက်များကို အတန်းသို့တင်ပြပါစေ။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကျောင်းသုံးစာအုပ် စာမျက်နှာ(၅)တွင်ပါသော ဖြစ်ရပ်နှစ်ခုကို လေ့လာပါစေ။
- ဖြစ်ရပ်နှစ်ခု၏ခြားနားချက်ကို အုပ်စုလိုက်ဆွေးနွေးဖော်ထုတ်ပါစေ။ ဆွေးနွေးချက်များကို အတန်းသို့တင်ပြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၅)မိနစ်**

- အောက်ပါ မေးခွန်းများကို အုပ်စုလိုက်ဆွေးနွေးဖြေဆိုပါစေ။ ဆွေးနွေးချက်များကို အတန်း သို့တင်ပြပါစေ။
  - (က) ကျော်ကျော်တို့ သူငယ်ချင်းတစ်စုသည် ယဉ်ကျေးသည့် အပြုအမူကို ပြုလုပ်ခဲ့သည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။
  - (ခ) ထွန်းထွန်းတို့ သူငယ်ချင်းတစ်စုသည် ယဉ်ကျေးသည့်အပြုအမူကို ပြုလုပ်ခဲ့သည် ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။
  - (ဂ) သင်တို့၏ နေ့စဉ်ဘဝတွင် မည်သည့်အပြုအမူနှင့် အပြောအဆိုများကိုအသုံးပြုရမည်နည်း။
- ဆရာက ကျောင်းသားများ၏ဆွေးနွေးတင်ပြချက်များကို ပြန်လည်သုံးသပ်ပေး၍ သင်ခန်းစာ ဦးတည်ချက်နှင့် လွဲချော်နေပါက တည့်မတ်ပေးပါ။ ထို့နောက် သင်ခန်းစာကို နိဂုံးချုပ်ပါ။

**စာသင်ချိန်(၄) ကျောင်းနှင့်ဆက်နွှယ်နေသူများကို ယဉ်ကျေးစွာပြောဆိုပြုမူဆက်ဆံခြင်း**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၁၀)မိနစ်**

- ကျောင်းသားများကို အုပ်စုလေးစုဖွဲ့ပါ။ အုပ်စုတစ်စုစီကို စာရွက်တစ်ရွက်စီပေး၍ ဆရာမေးသည့် မေးခွန်းများကို အုပ်စုတွင်း ဆွေးနွေးပြီး ရရှိသည့်အဖြေများကို ရေးသားရန် ပြောပါ။
- ထို့နောက် အောက်ပါမေးခွန်းများကို မေးပါ။
  - (က) ကျောင်းနှင့် ဆက်နွှယ်နေသူများကို ဖော်ပြပါ။
  - (ခ) မိမိတို့ ကျောင်းဝင်းအတွင်းသာမက ကျောင်းနှင့်ဆက်နွှယ်နေသူများနှင့် တွေ့ဆုံသောအခါ တွင်လည်း မည်သို့ပြောဆို ဆက်ဆံရမည်နည်း။



DBE Box

- ဆရာက ကျောင်းသားများ၏ ဆွေးနွေးတင်ပြချက်များကို ပြန်လည်သုံးသပ်ပေး၍ သင်ခန်းစာ ဦးတည်ချက်နှင့် လွဲချော်နေပါက တည့်မတ်ပေးပါ။

**လေ့ကျင့်ခြင်း** **(၂၀)မိနစ်**

- ဇယားတွင် ဖော်ပြထားသော အခြေအနေကို ကြည့်၍ကျောင်းနှင့်ဆက်နွယ်နေသူများကို ယဉ်ကျေးစွာ ပြုမူပြောဆိုပုံများကို အုပ်စုလိုက်ဆွေးနွေးပါစေ။
- ဆွေးနွေးချက်များကို ဇယားတွင် ဖြည့်စွက်ပါစေ။ ဇယားတွင် ဖြည့်စွက်ထားသောဆွေးနွေးချက်များကို အတန်းသို့ တင်ပြပါစေ။

  နမူနာ- မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေး တက်ရောက်ရန် ကျောင်းသားမိဘများ ကျောင်းသို့ လာသောအခါ ကျွန်ုပ်သည် ဧည့်ခံကြိုဆိုရေးအနေဖြင့် စနစ်တကျလမ်းညွှန်ပေးခြင်းနှင့် တက်ရောက်မည့် နေရာသို့ စနစ်တကျ ပို့ဆောင်ပေးခြင်းတို့ကို ပြုလုပ်ပါမည်။
- ဆရာက ကျောင်းသားများ၏ ဆွေးနွေးတင်ပြချက်များကို ပြန်လည်သုံးသပ်ပေး၍ သင်ခန်းစာ ဦးတည်ချက်နှင့် လွဲချော်နေပါက တည့်မတ်ပေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၅)မိနစ်**

- အောက်ပါမေးခွန်းများကို ကျောင်းသားများကိုယ့်ကိုယ်ကိုယ် သုံးသပ်ဖြေဆိုပါစေ။
  (၁) ယဉ်ကျေးသည့်ကျောင်းသားတစ်ဦးတွင် မည်သည့်အရည်အသွေးများရှိရမည်နည်း။
  (၂) ယဉ်ကျေးမှုရှိသော ကျောင်းသားနှင့် ယဉ်ကျေးမှုမရှိသော ကျောင်းသားကို သင်မည်ကဲ့သို့ ခွဲခြားနိုင်ပါသနည်း။
  (၃) ကျောင်းတွင်အတန်းဖော်၊ဆရာများ၊ကျောင်းရှိ ဝန်ထမ်းများ၊ကျောင်းနှင့်ဆက်နွယ်နေသူများနှင့် ဆက်ဆံရာတွင် ယဉ်ကျေးသိမ်မွေ့မှုကို ဖော်ပြသည့် အရေးကြီးသည်ဟု ယူဆသောအပြုအမူ၊ အပြောအဆို ၅ မျိုးကို ဖော်ပြပါ။ မည်သည့်အပြုအမူက အရေးကြီးဆုံး ဖြစ်သနည်း။
- ဆရာက ကျောင်းသားများ၏ ဆွေးနွေးတင်ပြချက်များကို ပြန်လည်သုံးသပ်ပေး၍ သင်ခန်းစာ ဦးတည်ချက်နှင့် လွဲချော်နေပါက တည့်မတ်ပေးပါ။
- ထို့နောက် သင်ခန်းစာ၏ အဓိကအချက်များကို ပြောပြ၍သင်ခန်းစာကို နိဂုံးချုပ်ပါ။

**အဓိကအချက်များ**

- ကျောင်းအတွင်း တစ်ဦးနှင့်တစ်ဦးပြောဆိုဆက်ဆံရာတွင် ယဉ်ကျေးစွာပြုမူ ပြောဆိုရမည်။
- ယဉ်ကျေးခြင်းဆိုသည်မှာ လူတစ်ဦးနှင့်တစ်ဦး ဆက်ဆံရာတွင် မိမိ၏အပြုအမူ၊ အပြောအဆိုတို့သည် အခြားသူများအား ထိခိုက်နစ်နာစေခြင်း၊ အနှောင့်အယှက်ဖြစ်စေခြင်းမရှိဘဲ ပြုမူပြောဆိုဆက်ဆံခြင်းကို ဆိုလိုသည်။

**သင်ခန်းစာ(၁.၂) ရိုသေလေးစား တို့ကျောင်းသား** **စုစုပေါင်းစာသင်ချိန် ၅ ချိန်**

**သင်ခန်းစာရည်ရွယ်ချက်** **တစ်ချိန်(၄၅)မိနစ်**

- ရိုသေလေးစားတတ်သည့် အပြုအမူများကို ကျောင်းတွင် လက်တွေ့ကျင့်သုံးတတ်စေရန်
- ကျောင်းဝင်းအတွင်းတစ်ဦးကိုတစ်ဦး (အပြန်အလှန်) လေးစားတတ်စေရန်

**သင်ခန်းစာကြိုတင်ပြင်ဆင်ခြင်း**

- ကျောင်းရှိ အခြားသူများ (အတန်းဖော်နှင့် ကျောင်းသားများအချင်းချင်း၊ ဆရာများ၊ ကျောင်းရှိဝန်ထမ်းများနှင့် ကျောင်းနှင့်ဆက်နွှယ်နေသူများ)နှင့် ဆက်ဆံရာတွင် အချင်းချင်း အပြန်အလှန်ရိုသေလေးစားမှုကိုဖော်ပြသည့် အသုံးအနှုန်းများကို အုပ်စုလိုက် ဆွေးနွေးဖော်ထုတ်၍ ရုပ်ပုံကားချပ်ဖန်တီးနိုင်ရန် ရောင်စုံစက္ကူ ကားချပ်၊ ခဲတံ၊ ရောင်စုံခဲတံ၊ ဆော့ပင်နှင့် နှစ်ဖက်ကပ်တိပ်တို့ကိုပြင်ဆင်ပါ။ အလွယ်တကူမရနိုင်ပါက စာရွက်နှင့်ခဲတံတို့ကို အသုံးပြုနိုင်ပါသည်။

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

- ကျောင်းသားများသည် အချင်းချင်း အပြန်အလှန် ရိုသေလေးစားမှုကို ဖော်ပြသည့် အသုံးအနှုန်းများကို အုပ်စုလိုက် ဆွေးနွေးဖော်ထုတ်ခြင်း (Collaboration/Group work)နှင့် ဆက်သွယ်ပြောဆိုခြင်း (Communication)၊ အုပ်စုလိုက် ပိုစတာ ပြုလုပ်ဖန်တီးခြင်းနှင့် အုပ်စုလိုက်သရုပ်ဆောင်ခြင်းလုပ်ငန်း လုပ်ဆောင်ရန် ဇာတ်လမ်းဖန်တီးရေးသားခြင်း (Creativity) စသည့် ကျွမ်းကျင်မှုများကို ရရှိနိုင်ပါသည်။

**စာသင်ချိန်(၁) စာသင်ခန်းအတွင်း အချင်းချင်း အပြန်အလှန်ရိုသေလေးစားမှု**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၁၀)မိနစ်**

- ကျောင်းသားအရေအတွက်ပေါ်မူတည်၍ သင့်လျော်သလို အုပ်စုများဖွဲ့ပါ။ အုပ်စုတစ်စုစီကို စာရွက်နှစ်ရွက်စီ ပေးပါ။
- ဆရာက ထိုအုပ်စုများကို မိမိတို့နေ့စဉ်ဘဝတွင် အသုံးပြုသည့် ရိုသေလေးစားမှု ရှိသောအပြုအမူ၊ အပြောအဆိုများနှင့် ရိုသေလေးစားမှု မရှိသောအပြုအမူ၊ အပြောအဆိုများကို စာရွက်ပေါ်တွင် ရေးသားပါစေ။

(နမူနာ- ရိုသေလေးစားမှုရှိခြင်းကို ဖော်ပြသည့် အပြုအမူ - စကားပြောနေစဉ် အာရုံစိုက်၍နားထောင်ခြင်း၊ ရိုသေလေးစားမှုမရှိခြင်းကို ဖော်ပြသည့် အပြောအဆို - လိမ်ညာပြောဆိုခြင်း)

- ကျောင်းသားများရေးသားထားသော အပြုအမူနှင့် အပြောအဆိုများကို သင်ပုန်းပေါ်တွင်ခွဲခြားကပ်၍ 'မိမိတို့၏နေ့စဉ်ဘဝတွင် မည်သည့်အပြုအမူနှင့် အပြောအဆိုများကို အသုံးပြုသင့်ပါသနည်း။ အဘယ်ကြောင့်နည်း'ဟုမေးပါ။ (ကျောင်းသားများ မိမိတို့စိတ်ကူးထားသည့်အတိုင်း ဖြေဆိုပါစေ။)

**သင်ကြားခြင်း** **(၁၀)မိနစ်**

- ကျောင်းသားများသည် မိမိတို့အိမ်ရှိ မိသားစုဝင်များနှင့် ဆက်ဆံရာတွင် အပြန်အလှန် ရိုသေလေးစားမှုရှိရန် လိုအပ်သကဲ့သို့ ကျောင်းတွင်းရှိ အခြားသူများ ( အတန်းဖော်နှင့် ကျောင်းသားများအချင်းချင်း၊ ဆရာများ၊ ကျောင်းရှိဝန်ထမ်းများ၊ ကျောင်းနှင့်ဆက်နွှယ်နေသူများ)နှင့် အပြန်အလှန်ရိုသေလေးစားမှုဖြင့် ဆက်ဆံရမည့် အလေ့အကျင့်ကောင်းများရှိရန် လိုအပ်ကြောင်းကို ဥပမာ အချို့ပေး၍ ရှင်းပြပါ။

ဥပမာ - မိမိထက်ငယ်သော ကျောင်းသားများကို အုပ်စုဖွဲ့၍ အနိုင်မကျင့်ခြင်းနှင့် အသက်ငယ်သော ကျောင်းသားများသည်လည်း မိမိထက်အသက်ကြီးသော ကျောင်းသား



DBE Book

များကို ချိုသာသော အသုံးအနှုန်းဖြင့် ဆက်ဆံခြင်းသည် ကျောင်းသားတစ်ဦးနှင့်တစ်ဦး ရိုသေလေးစားမှုရှိသော အပြုအမူဖြစ်သည်။

- ထို့နောက် ကျောင်းသုံးစာအုပ် စာမျက်နှာ(၇)တွင် ပါဝင်သော ရိုသေလေးစားမှု၏အဓိပ္ပာယ်ဖွင့်ဆိုချက်ကို လေ့လာစေ၍ ကျောင်းသားအချို့၏ နားလည်မှုကို အတန်းသို့ တင်ပြပါစေ။ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ပါဝင်သော မတူကွဲပြားမှုကို လက်ခံခြင်း - မည်သည့်အရာကိုမှ ခွဲခြားခြင်းမရှိဘဲ လက်ခံခြင်း (ဥပမာ- အသားအရောင်၊ အရပ် အနိမ့်အမြင့်၊ လူမျိုး၊ ကိုးကွယ်သည့် ဘာသာ)
- ဆရာက ကျောင်းသားများ ဆွေးနွေးတင်ပြချက်များကို ပြန်လည်သုံးသပ်ပေးပါ။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကျောင်းသားများအုပ်စုလိုက် ကျောင်းသုံးစာအုပ် စာမျက်နှာ (၇)တွင် ဖော်ပြထားသည့် စာသင်ခန်းအတွင်း ကျင့်သုံးသင့်သည့် အပြောအဆို၊ အပြုအမူများနှင့် မကျင့်သုံးသင့်သည့် အပြောအဆို၊ အပြုအမူများကို လေ့လာပါစေ။
- ထို့နောက် မိမိတို့စာသင်ခန်းအတွင်း ကျင့်သုံးသင့်သည့် အပြောအဆို၊ အပြုအမူများနှင့် မကျင့်သုံးသင့်သည့် အပြောအဆို၊ အပြုအမူများကို စဉ်းစားရွေးချယ်၍ အဘယ်ကြောင့် ကျင့်သုံးသင့်ကြောင်းနှင့် မကျင့်သုံးသင့်ကြောင်း အကြောင်းပြချက်ပေးပါစေ။ အကြောင်းပြချက်များကို စာရွက်ပေါ်တွင် ရေးသားပါစေ။
- စာသင်ခန်းအတွင်း ကျင့်သုံးသင့်သည့် အခြားသောအပြုအမူ၊ အပြောအဆိုများကိုလည်း စဉ်းစားစေ၍ အဘယ်ကြောင့် ကျင့်သုံးသင့်ကြောင်းနှင့် မကျင့်သုံးသင့်ကြောင်း အကြောင်းပြချက် ပေးပါစေ။ အကြောင်းပြချက်များကို စာရွက်ပေါ်တွင် ရေးသားပါစေ။
- ဆရာက ကျောင်းသားများအုပ်စုဖွဲ့ ဆွေးနွေးနေစဉ် လှည့်လည်ကြည့်ရှု၍ လုပ်ငန်းများကိုလည်း ကြီးကြပ်ပေးရမည်။
- အုပ်စုတစ်စုဆီက စာရွက်ပေါ်တွင် ဆွေးနွေးရေးသားထားသော အချက်များကို သင်ပုန်းပေါ်တွင်ကပ်၍ အတန်းသို့ တင်ပြရန်ပြောပါ။ အုပ်စုလိုက်တင်ပြနေစဉ် အခြားအုပ်စုများက သေချာစွာနားထောင်ရန် ပြောပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**


- ဆရာကကျောင်းသားများ ဆွေးနွေးတင်ပြချက်များကို ပြန်လည်သုံးသပ်ပေး၍ သင်ခန်းစာဦးတည်ချက်နှင့် လွဲချော်နေပါက တည့်မတ်ပေးပါ။
- 'အတန်းဖော်အချင်းချင်း သင့်မြတ်စွာနေထိုင်ရန် လိုအပ်သည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း' ဟုမေး၍ စဉ်းစားဖြေဆိုရန်ပြောပါ။ ထို့နောက် ကျောင်းသားအချို့ကို တစ်ဦးစီဖြေရန်ပြောပါ။
- စာသင်ခန်းအတွင်း အတန်းဖော်များနှင့်ဆက်ဆံရာတွင် တစ်ဦးနှင့်တစ်ဦး အလေးထားဆက်ဆံခြင်း၊ ဦးစားပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းစသော အချင်းချင်းအပြန်အလှန် ရိုသေလေးစားမှုများကို လက်တွေ့ကျင့်သုံးခြင်းဖြင့် မိမိတို့၏စာသင်ခန်းသာမက ကျောင်း၏ဂုဏ်ကိုပါ တိုးတက်စေနိုင်ကြောင်း ပြောပြ၍ သင်ခန်းစာကိုနိဂုံးချုပ်ပါ။

**စာသင်ချိန်(၂) ကျောင်းအတွင်း အချင်းချင်းအပြန်အလှန်ရိုသေလေးစားမှု (ရုပ်ပုံကားချပ် ဖန်တီးခြင်း)**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၁၀)မိနစ်**

- 'မိမိတို့ကျောင်းတွင် မည်သူတို့နှင့် မည်သို့ပြောဆိုဆက်ဆံရန် လိုအပ်ပါသနည်း' ဟုမေး၍ ဆရာက သင်ပုန်းပေါ်တွင် ကျောင်းသားများအဖြေအရ အုပ်စု ၄ စုဖွဲ့ပါ။

နမူနာ




- ကျောင်းသားအရေအတွက်အရ အုပ်စု ၄ စုဖွဲ့ပါ။ ဆရာကမဲလိပ်များပြုလုပ်၍ မဲလိပ်တစ်ခုစီတွင် ခေါင်းစဉ်တစ်ခုစီရေးထားပါ။
- ခေါင်းစဉ်များ - အတန်းဖော် သို့မဟုတ် ကျောင်းသားများအချင်းချင်း အပြန်အလှန် ရိုသေလေးစားမှု
  ဆရာများနှင့် ကျောင်းသားများ အချင်းချင်း အပြန်အလှန်ရိုသေလေးစားမှု
  ကျောင်းရှိဝန်ထမ်းများနှင့် ကျောင်းသားများ အချင်းချင်း အပြန်အလှန် ရိုသေလေးစားမှု
  ကျောင်းနှင့် ဆက်နွှယ်နေသူများနှင့် ကျောင်းသားများ အချင်းချင်း အပြန်အလှန်ရိုသေလေးစားမှု
- အုပ်စုလိုက်မဲနှိုက်၍ မိမိတို့ရရှိသည့် ခေါင်းစဉ်နှင့် သက်ဆိုင်သော ရုပ်ပုံကားချပ်(ပိုစတာ)တစ်ခုစီ ဖန်တီးမည့် လုပ်ငန်းနှင့်ပတ်သက်၍ ဆရာကရှင်းပြပါ။
- ထို့နောက် အုပ်စုလိုက် ရုပ်ပုံကားချပ်(ပိုစတာ)ဖန်တီးနိုင်ရန် လိုအပ်သောပစ္စည်းများ(စက္ကူကားချပ်၊ ရောင်စုံစက္ကူ ရောင်စုံခဲတံ၊ ဆော့ပင်နှင့်နှစ်ဖက်ကပ်တိပ်)တို့ကို ဆရာက ဖြန့်ဝေပေးပါ။ အလွယ်တကူ မရနိုင်ပါက စက္ကူနှင့် ဘောပင်တို့ကို အသုံးပြုနိုင်ပါသည်။

**လေ့ကျင့်ခြင်း** **(၂၅)မိနစ်**

- ကျောင်းသားများက လုပ်ငန်းဆောင်ရွက်နေစဉ် ဆရာကလှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကို ကူညီပေးပါ။
- အုပ်စုလိုက်ဖန်တီးထားသော ရုပ်ပုံကားချပ်များကို သင်ပုန်းပေါ်တွင်ချိတ်၍ ၎င်းတို့၏စိတ်ကူးများကို အတန်းသို့မျှဝေရန် ပြောပါ။

DBEBox

- အခြားအုပ်စုများကို ရုပ်ပုံကားချပ်ပါအချက်အလက်များ ပိုမိုကောင်းမွန်အောင် အကြံပြုရန်ပြောပါ။
- ကျောင်းသားများဖန်တီးထားသော ရုပ်ပုံကားချပ်(ပိုစတာ)များကို (လိုအပ်ပါက ပြန်လည်ပြုပြင်စေ၍) စာသင်ခန်းတွင်ချိတ်ဆွဲပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း　　(၁၀)မိနစ်**

- ‘မိမိတို့ကျောင်းတွင်းရှိ အခြားသူများနှင့် ဆက်ဆံရာတွင် အချင်းချင်း အပြန်အလှန် ရိုသေလေးစားမှုကို ဖော်ပြသည့် ရုပ်ပုံကားချပ်ကိုအုပ်စုလိုက် ဖန်တီးခြင်းဖြင့် မည်သည့်အကျိုးကျေးဇူးများ ရရှိနိုင်ပါသနည်း’ဟုမေးပါ။
- ကျောင်းသားများ၏ဖြေကြားချက်ပေါ်မူတည်၍ လိုအပ်ချက်များရှိလျှင် ဆရာက ဖြည့်စွက်ပေးပါ။
- နမူနာ- အလုပ်တစ်ခုကို ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုကို ရရှိနိုင်ကြောင်းပြောပြ၍ သင်ခန်းစာကို နိဂုံးချုပ်ပါ။

**စာသင်ချိန်(၃) အုပ်စုလိုက် သရုပ်ဆောင်ခြင်းလုပ်ငန်း**

**သင်ခန်းစာမိတ်ဆက်ခြင်း　　(၅)မိနစ်**

- ယခင်ဖွဲ့ထားသော အုပ်စု ၄ စုအတိုင်း အုပ်စုလိုက်သရုပ်ဆောင်ခြင်းလုပ်ငန်းဆောင်ရွက်ရန် ပြောပါ။
- အုပ်စုငယ်များက နမူနာပေးထားသော အတန်းဖော်နှင့် ကျောင်းသားများအချင်းချင်း အပြန်အလှန် ရိုသေလေးစားမှုကို ဖော်ပြထားသည့် အခြေအနေကို လေ့လာရန် ပြောပါ။

**သင်ကြားခြင်း　　(၁၀)မိနစ်**

- နမူနာပေးထားသောအတန်းဖော်နှင့် ကျောင်းသားများအချင်းချင်း အပြန်အလှန် ရိုသေလေးစားမှုကို ဖော်ပြထားသည့် အခြေအနေကို လက်တွေ့သရုပ်ဆောင်ရန်ပြောပါ။
- ထိုအခြေအနေတွင်ပါဝင်သော ဖိုးကဲ၊ သဲသဲနှင့် ကိုတိုးအဖြစ် သရုပ်ဆောင်ရန် အုပ်စု ၄ စုမှ ကိုယ်စားလှယ် တစ်ဦးစီခေါ်၍ မဲနှိုက်ပါ။ (လေးဦးတွင် သုံးဦးသာ သရုပ်ဆောင်ရမည်ဖြစ်သည်။)
- မဲနှိုက်ပြီးပါက အုပ်စုလိုက် သရုပ်ဆောင်ခြင်းလုပ်ငန်းကို စတင်ပါ။
- ကျန်သောအုပ်စုတွင်းမှ ကျောင်းသားများကို သရုပ်ဆောင်ခြင်းလုပ်ငန်း လေ့လာရန် ပြောပါ။

**လေ့ကျင့်ခြင်း　　(၂၀)မိနစ်**

- အုပ်စု ၄ စုမှ ကျောင်းသားများကို ပေးထားသောအခြေအနေ တစ်ခုစီအတွက် သရုပ်ဆောင်ခြင်းလုပ်ငန်း လုပ်ဆောင်ရန် အုပ်စုလိုက်ဆွေးနွေးရန်နှင့် ဇာတ်လမ်းရေးသားရန်အချိန် ၂၀ မိနစ် ခန့်ပေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း　　(၁၀)မိနစ်**

- အုပ်စု ၄ စု မှ ကိုယ်စားလှယ် တစ်ဦးစီခေါ်၍ မဲနှိုက်ပါ။ မဲပေါက်သော အဖွဲ့ကသရုပ်ဆောင်ခြင်းလုပ်ငန်းကို ဦးစွာစတင်ပါ။
- ကျန်သောအုပ်စုတွင်းမှ ကျောင်းသားများ သရုပ်ဆောင်ခြင်းလုပ်ငန်း လေ့လာရန်ပြောပါ။
- သရုပ်ဆောင်ခြင်းလုပ်ငန်းမှ အပြန်အလှန်ရိုသေလေးစားမှုရှိသော အပြောအဆို၊ အသုံးအနှုန်း၊ အမူအရာများနှင့် လေးစားမှုမရှိသော အပြောအဆို၊ အသုံးအနှုန်း၊ အမူအရာများကို အုပ်စုလိုက် ဆွေးနွေးသုံးသပ်၍ ကျောင်းသုံးစာအုပ်စာမျက်နှာ (၁၂) တွင် ပေးထားသော ဇယားကို အသုံးပြု၍



DBE BOX

အကဲဖြတ်ပြီး အုပ်စုတွင်းအကဲဖြတ်ရမှတ်များကို အတန်းသို့တင်ပြရန်ပြောပါ။

- 'အုပ်စုလိုက် ပေးထားသော အခြေအနေများကို လက်တွေ့သရုပ်ဆောင်ခြင်းဖြင့် မည်သို့သော အကျိုးကျေးဇူးများ ရရှိနိုင်ပါသနည်း' ဟုမေး၍ သင်ခန်းစာကို နိဂုံးချုပ်ပါ။
- ကျန်သောအဖွဲ့များက သရုပ်ဆောင်ခြင်းလုပ်ငန်းလုပ်ဆောင်ရန် ပေးထားသောအခြေအနေ အတွက် အုပ်စုလိုက် ဆွေးနွေး ပြင်ဆင်ထားရန် ပြောပါ။ နောက်စာသင်ချိန်တွင် အလှည့်ကျ သရုပ်ဆောင်ရမည် ဟုပြောပါ။

**စာသင်ချိန်(၄)နှင့်(၅) အုပ်စုလိုက် သရုပ်ဆောင်ခြင်းလုပ်ငန်း**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၁၀)မိနစ်**

- သရုပ်ဆောင်ရန် ကျန်သေးသောအုပ်စုတွင်းမှ ကျောင်းသားများကို သရုပ်ဆောင်ခြင်းလုပ်ငန်း လေ့လာရန်ပြောပါ။
- ကျောင်းသားများအဆင်သင့်ဖြစ်ပါက အုပ်စုဖွဲ့သရုပ်ဆောင်ခြင်းလုပ်ငန်းကို အလှည့်ကျစတင်ပါ။

**လေ့ကျင့်ခြင်း (အုပ်စုလိုက်သရုပ်ဆောင်ခြင်းလုပ်ငန်း)** **(၆၀)မိနစ်**

- သရုပ်ဆောင်ခြင်းလုပ်ငန်းမှ အပြန်အလှန်ရိုသေလေးစားမှုရှိသော အပြောအဆို၊ အသုံးအနှုန်း၊ အမူအရာများနှင့် လေးစားမှုမရှိသော အပြောအဆို၊ အသုံးအနှုန်း၊ အမူအရာများကို အုပ်စုလိုက် ဆွေးနွေးသုံးသပ်၍ ကျောင်းသုံးစာအုပ် စာမျက်နှာ(၁၂)တွင် ပေးထားသော ဇယားကို အသုံးပြု၍ အကဲဖြတ်ရန်ပြောပါ။
- အုပ်စုလိုက်အကဲဖြတ်ထားသော အကြောင်းအရာများတွင် မည်သည့်အုပ်စုက ပိုမိုစွမ်းဆောင်နိုင် သည်ကို အကဲဖြတ်ပါ။ ထိုအုပ်စုလိုက် အကဲဖြတ်ချက်များကို စုစည်း၍ အကောင်းဆုံးအဖွဲ့ကိုရွေး ချယ်ဖော်ထုတ်ပါ။
- အုပ်စုအတွင်းမှကျောင်းသားများ၏ သရုပ်ဆောင်သည့် အခြေအနေများတွင် လိုအပ်ချက်များကို ဆရာကသုံးသပ်ခြင်းနှင့် ဖြည့်စွက်ပေးခြင်းပြုလုပ်ပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၂၀)မိနစ်**

- အောက်ပါမေးခွန်းများကို ရေးသားဖြေဆိုပါ။

(၁) အတန်းဖော် သို့မဟုတ် ကျောင်းသားများအချင်းချင်း အပြန်အလှန် ရိုသေလေးစားစွာဆက်ဆံ ခြင်းဖြင့် မည်သည့် အကျိုးကျေးဇူးများ ရရှိပါသနည်း။

(၂) ကျောင်းတွင် မိမိနှင့် အခြားသူများ အချင်းချင်း အပြန်အလှန် ရိုသေလေးစားစွာ ဆက်ဆံခြင်း မရှိပါက မည်သည့်ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်ပါသနည်း။

နမူနာအဖြေများ - ကျောင်းသားအချင်းချင်း စည်းလုံးမှုမရှိဘဲ ရန်ဖြစ်ခြင်း၊ ဆရာများ၏ ဆုံးမစကားကို အလေးမထားခြင်း၊ ကျောင်းရှိ ဝန်ထမ်းများကို ချိုသာယဉ်ကျေးစွာပြောဆို ဆက်ဆံမှုမရှိခြင်း၊ ကျောင်းသို့လာရောက်သည့် ကျောင်းနှင့်ဆက်နွယ်နေသူများက မိမိအားသိလို သည့် မေးခွန်းများမေးသည်ကို ရိုသေလေးစားမှု မရှိသော အသုံးအနှုန်းများ သုံး၍ဖြေဆိုခြင်း၊

- သင်ခန်းစာ၏ အဓိကအချက်များကို ကျောင်းသားများအားပြောပြ၍ နိဂုံးချုပ်ပါ။



DBE-BOX

**အဓိကအချက်များ**

- ကျောင်းတွင် အတန်းဖော်သူငယ်ချင်းများ သို့မဟုတ် ကျောင်းသားများ အချင်းချင်း၊ ဆရာများ၊ ကျောင်းရိုဝန်ထမ်းများ၊ ကျောင်းနှင့် ဆက်နွယ်နေသူများနှင့်လည်း အပြန်အလှန်ရိုသေလေးစားမှုဖြင့် ဆက်ဆံရမည်။
- ရိုသေလေးစားခြင်းဆိုသည်မှာ လူတစ်ဦးနှင့်တစ်ဦး ဆက်ဆံရာတွင် မတူကွဲပြားမှုကို လက်ခံပြီး သူတစ်ပါးအပေါ် အလေးထားခြင်း၊ ဦးစားပေးခြင်း၊ မိမိကိုယ်ကိုနှိမ့်ချစွာ ဆက်ဆံခြင်းပင်ဖြစ်သည်။

## သင်ခန်းစာ(၁.၃) ဖြောင့်မတ်တည်ကြည် နေထိုင်မည် စုစုပေါင်းစာသင်ချိန် ၄ ချိန်

**သင်ခန်းစာရည်ရွယ်ချက်** **တစ်ချိန်(၄၅)မိနစ်**

- ဖြောင့်မတ်တည်ကြည်မှု အကြောင်းသိရှိနားလည်ပြီး နေ့စဉ်ဘဝတွင် မည်သို့ကျင့်သုံးမည်ကို ရှင်းပြတတ်ရန်
- ဖြောင့်မတ်တည်ကြည်သူတစ်ဦးတွင် ရှိရမည့်အရည်အသွေးများကို ဖော်ထုတ်တတ်စေရန်
- မိမိထမ်းဆောင်ရမည့်တာဝန်ကို ဖြောင့်မတ်တည်ကြည်စွာထမ်းဆောင်တတ်စေရန်
- ဖြောင့်မတ်တည်ကြည်မှုနှင့်ပတ်သက်သောပုံပြင်တစ်ပုဒ်စုပေါင်းဖန်တီးတတ်စေရန်

**သင်ခန်းစာကြိုတင်ပြင်ဆင်ခြင်း**

- ဖြောင့်မတ်တည်ကြည်သူတစ်ဦးတွင် ရှိရမည့်အရည်အသွေးများကို ဖော်ထုတ်ရန် ကားချပ်၊ ဆော့ပင်၊ တိပ် တို့ကို ကြိုတင်ပြင်ဆင်ပါ။

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

- ဖြောင့်မတ်တည်ကြည်မှု၏အဓိပ္ပာယ်ကိုဖော်ထုတ်ခြင်း၊ ဖြောင့်မတ်တည်ကြည်မှု၏အဓိပ္ပာယ်ပါ အကြောင်းအရာများကို လက်တွေ့ကျင့်သုံးရန် နည်းလမ်းများကို ဖော်ထုတ်ခြင်း စသည်တို့ကို အုပ်စုလိုက် ပူးပေါင်းဆောင်ရွက်၍ဆွေးနွေးဖော်ထုတ်ခြင်း (Collaboration/Groupwork)နှင့် ဆက်သွယ်ပြောဆိုခြင်း (Communication)၊ အုပ်စုလိုက် အတန်းတွင်းရှိ အများပိုင်ပစ္စည်း အသုံးပြုမှု အခြေအနေကို လေ့လာသုံးသပ်ခြင်း၊ ဖြောင့်မတ်တည်ကြည်မှုနှင့်ပတ်သက်သော ပုံပြင်တစ်ပုဒ် ဖန်တီးရေးသားခြင်း (Creativity)စသည့် ကျွမ်းကျင်မှုများကို ရရှိနိုင်ပါသည်။

### စာသင်ချိန်(၁) ဖြောင့်မတ်တည်ကြည်မှု

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၁၀)မိနစ်**

- ကျောင်းသားများအား အောက်ပါမေးခွန်းများကို မေးမြန်း၍ သင်ခန်းစာကိုနိဒါန်းပျိုးပါ။
  - (က) ဖြောင့်မတ်တည်ကြည်မှုကို သင်မည်သို့နားလည်ပါသနည်း။
  - (ခ) ဖြောင့်မတ်တည်ကြည်မှုကို မည်သို့လက်တွေ့ကျင့်သုံးမည်နည်း။
- ကျောင်းသားများကို လွတ်လပ်စွာဖြေဆိုခွင့်ပေးပါ။

**သင်ကြားခြင်း** **(၁၀)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလို အုပ်စုဖွဲ့၍ ဖြောင့်မတ်တည်ကြည်မှုကို အဓိပ္ပာယ်ဖွင့်ဆိုရန် ပြောပါ။ အုပ်စုလိုက် ဆွေးနွေးချက်များကို ကားချပ်ပေါ်တွင်ကပ်ပါ။ ထို့နောက် အုပ်စုကိုယ်စားလှယ်တစ်ဦးစီက အတန်းသို့ ရှင်းပြပါ။

DBE BOX





ဖြောင့်မတ်တည်ကြည်မှု၏အဓိပ္ပာယ်ကိုဖော်ထုတ်ရာတွင်အသုံးပြုရန် နမူနာကားချပ်

- ကျောင်းသားများ၏တင်ပြမှုပေါ်မူတည်၍ ဆရာက အနှစ်ချုပ်ဆွေးနွေးပေးပါ။
- ဖြောင့်မတ်တည်ကြည်မှုသည် ရိုးသားမှုရှိခြင်းနှင့် ယုံကြည်လေးစားထိုက်ခြင်းတို့အပေါ်တွင် အခြေခံကြောင်း ဆရာက ရှင်းပြပါ။ (https//www.thebalance careers.com/what-is-integrity-really-1917676 retrieved March 15,2019)

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- အုပ်စုလိုက် ဖွင့်ဆိုထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်ပါ အကြောင်းအရာများကို ကျောင်းသားများ မည်သို့ လက်တွေ့ကျင့်သုံးမည်ကို ပြန်လည်ဆွေးနွေးပါစေ။ ထို့နောက် ဆွေးနွေးချက်များကို အတန်းသို့ တင်ပြပါစေ။




ဖြောင့်မတ်တည်ကြည်မှု၏အဓိပ္ပာယ်ပါအကြောင်းအရာများကို လက်တွေ့ကျင့်သုံးရန်နည်းလမ်းများကိုဖော်ထုတ်ရာတွင်အသုံးပြုရန် နမူနာကားချပ်



DBE BOX

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း (၁၀)မိနစ်**

- ဖြောင့်မတ်တည်ကြည်မှုကို မည်သို့နားလည်ကြောင်း၊ ဖြောင့်မတ်တည်ကြည်မှုကို မည်သို့လက်တွေ့ကျင့်သုံးမည်ဖြစ်ကြောင်း မေးမြန်း၍သင်ခန်းစာကို နိဂုံးချုပ်ပါ။

**စာသင်ချိန်(၂) ဖြစ်ရပ်လေ့လာခြင်း၊ ဖြောင့်မတ်တည်ကြည်သူတစ်ဦး၏ အရည်အသွေးများ ဖော်ထုတ်ခြင်း**

**သင်ခန်းစာမိတ်ဆက်ခြင်း (၁၀)မိနစ်**

- အောက်ပါမေးခွန်းများကို မေးမြန်းခြင်းဖြင့်သင်ခန်းစာကိုနိဒါန်းပျိုးပါ။
  (က) သင်သိသော ဖြောင့်မတ်တည်ကြည်သူ တစ်ဦးဦး၏အကြောင်းကို ပြောပြပါ။
  (ခ) ကိစ္စတစ်ခုခုကို သင်ကိုယ်တိုင်ဖြောင့်မတ်တည်ကြည်စွာ လုပ်ဆောင်ခဲ့ဖူးပါသလား။ ထိုသို့ဆောင်ရွက်စဉ်က သင်မည်သို့ခံစားရပါသနည်း။


**သင်ကြားခြင်း (၁၀)မိနစ်**

- ကျောင်းသုံးစာအုပ် စာမျက်နှာ (၁၂) နှင့် (၁၃) ပါ ဖြစ်ရပ်များကို လေ့လာပြီး ဖြစ်ရပ်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါစေ။ သင်ခန်းစာရည်ရွယ်ချက်နှင့် လွဲချော်မှုမရှိစေရန် ဆရာက တည့်မတ်ပေးပါ။

ဖြစ်ရပ် (၁) သည်ရိုးသားမှုရှိရန် လိုအပ်ကြောင်း ရှင်းပြထားသောဖြစ်ရပ်ဖြစ်သည်။
ဖြစ်ရပ် (၁) ကိုရှင်းပြရာတွင် လူတစ်ဦးသည် မည်သည့်အခြေအနေ၊အချိန်အခါမျိုးနှင့်ရင်ဆိုင်ကြုံတွေ့ရစေကာမူ ရိုးသားရန်လိုအပ်ကြောင်းပေါ်လွင်အောင် ဆွေးနွေးပေးရမည်။
ဖြစ်ရပ် (၂)သည် ယုံကြည်လေးစားထိုက်ခြင်း အကြောင်းရှင်းပြထားသော ဖြစ်ရပ်ဖြစ်သည်။
ဖြစ်ရပ် (၂)ကို ရှင်းပြရာတွင် ကျောင်းသားများကို ယုံကြည်လေးစားထိုက်သူတစ်ဦးဖြစ်လာစေရန် ကြိုးစားရမည်ဖြစ်ကြောင်း ပေါ်လွင်အောင်ဆွေးနွေးပေးရမည်။

**လေ့ကျင့်ခြင်း (၁၅)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလို အုပ်စုဖွဲ့၍ ဖြောင့်မတ်တည်ကြည်သူတစ်ဦးတွင် မည်သို့သော အရည်အသွေးများရှိကြောင်း ဆွေးနွေးပါစေ။ ထို့နောက် အုပ်စုကိုယ်စားလှယ်တစ်ဦးစီက အတန်းသို့ ရှင်းလင်းတင်ပြပါစေ။




DBE BOX

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- ကျောင်းသားများဆွေးနွေးခဲ့သည့်အကြောင်းအရာများကို ဆရာက အနှစ်ချုပ်ပေးပါ။
- ဖြောင့်မတ်တည်ကြည်မှုနှင့်ပတ်သက်သည့် ရှင်မဟာရဋ္ဌသာရ ဆုံးမခန်းကောက်နုတ်ချက်ကို ရှင်းပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။

**စာသင်ချိန်(၃) တာဝန်ထမ်းရာ ဖြောင့်မတ်ပါ**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၅)မိနစ်**

- ကျောင်းသားများသည် ပေးအပ်သော တာဝန်များကို ထမ်းဆောင်ရာတွင် ဖြောင့်မတ်စွာထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ မိမိအတန်းအတွင်းရှိ အများပိုင်ပစ္စည်းများကိုလည်း ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြီး သင်ခန်းစာကို နိဒါန်းပျိုးပါ။

**လေ့ကျင့်ခြင်း** **(၃၅)မိနစ်**

- ကျောင်းသားများကို အသင်းလိုက် ကျောင်းသုံးစာအုပ် စာမျက်နှာ(၁၅)ပါ ဇယားကို အသုံးပြုပြီး အတန်းတွင်းရှိ အများပိုင်ပစ္စည်း အသုံးပြုမှုအခြေအနေကို လေ့လာသုံးသပ်ပါစေ။
- ထို့နောက် အသင်းလိုက် ဆောင်ရွက်မှုအခြေအနေများ၊ လိုအပ်ချက်များ၊ ထပ်မံဖြည့်စွက်ဆောင်ရွက်သင့်သည်များကို ဆရာက ဆွေးနွေးအကြံပြုပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၅)မိနစ်**

- ကျောင်းသုံးစာအုပ် စာမျက်နှာ(၁၆)ပါ လေ့ကျင့်ခန်းကို ဖြေဆိုရန် မှာကြားပါ။
- အောက်ပါမေးခွန်းများကိုရေးသားဖြေဆိုစေ၍ သင်ခန်းစာကို နိဂုံးချုပ်ပါ။

(က) ဖြောင့်မတ်တည်ကြည်မှုဆိုသည်မှာအဘယ်နည်း။

(ခ) ဖြောင့်မတ်တည်ကြည်သူတစ်ဦးတွင် တွေ့ရလေ့ရှိသော အရည်အသွေးများကိုဖော်ပြပါ။

(ဂ) ဖြောင့်မတ်တည်ကြည်စွာ နေထိုင်ခြင်းဖြင့်မည်သည့် အကျိုးကျေးဇူးများ ရရှိနိုင်သနည်း။

(ဃ) သင်သိသော ဖြောင့်မတ်တည်ကြည်သူ တစ်ဦးအကြောင်းကို ဖော်ပြပါ။

**စာသင်ချိန်(၄) ဖြောင့်မတ်တည်ကြည်မှုနှင့်ပတ်သက်သော ပုံပြင်တစ်ပုဒ်စုပေါင်းဖန်တီးခြင်း**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၅)မိနစ်**

- ဆရာက ကျောင်းသားများကို ဖြောင့်မတ်တည်ကြည်မှုနှင့် ပတ်သက်သော သင်ယူခဲ့ရသည့် အကြောင်းအရာများကို ပြန်လည်မေးမြန်းခြင်းဖြင့် သင်ခန်းစာကို နိဒါန်းပျိုးပါ။

**လေ့ကျင့်ခြင်း** **(၃၀)မိနစ်**

- ကျောင်းသားများကို အုပ်စုလိုက် ဖြောင့်မတ်တည်ကြည်မှုနှင့် ပတ်သက်သော ပုံပြင်တစ်ပုဒ်ကို စုပေါင်းဖန်တီးပါစေ။
- ထို့နောက်အုပ်စုလိုက် အတန်းသို့တင်ပြပါစေ။

DBE Box

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- အောက်ပါအဓိကအချက်များကို ပြောပြပြီးသင်ခန်းစာကိုနိဂုံးချုပ်ပါ။

**အဓိကအချက်များ**

- ဖြောင့်မတ်တည်ကြည်မှုသည် ရိုးသားခြင်း၊ တည့်မတ်ခြင်း၊ ဖြောင့်မှန်ခြင်းစသည့် လူတစ်ဦး လိုက်နာကျင့်သုံးသင့်သော အကျင့်စရိုက်ကောင်းများပင်ဖြစ်သည်။
- စိတ်ဓာတ်ဖြောင့်မတ် တည်ငြိမ်စွာ ပြုမူ၊ ပြောဆို၊ ကျင့်ကြံနေထိုင်ကြခြင်းဖြင့် ဖြောင့်မတ် တည်ကြည်သူတစ်ဦး ဖြစ်လာပေမည်။
- ကျောင်းတွင် ကျောင်းသားအချင်းချင်းဖြစ်စေ၊ ဆရာများ၊ ဝန်ထမ်းများ၊ ကျောင်းနှင့်ဆက်နွှယ် နေသောအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်ဖြစ်စေ ဖြောင့်မတ်တည်ကြည်စွာ ဆက်ဆံရမည်။

**သင်ခန်းစာ(၁.၄) စာနာစိတ်ထား တို့ကျောင်းသား** **စုစုပေါင်းစာသင်ချိန် ၄ ချိန်**

**သင်ခန်းစာရည်ရွယ်ချက်** **တစ်ချိန်(၄၅)မိနစ်**

- ကရုဏာထားချစ်ခင်မှု၏ အဓိပ္ပာယ်ကို သိရှိနားလည်ရန်
- ကရုဏာထားချစ်ခင်တတ်သူ၏ အရည်အသွေးများကို ဆွေးနွေးဖော်ထုတ်၍ လက်တွေ့ဘဝ တွင် ကျင့်သုံးတတ်ရန်

**သင်ခန်းစာကြိုတင်ပြင်ဆင်ခြင်း**

- အုပ်စုလိုက် ဆွေးနွေးရေးသားရာတွင် အသုံးပြုရန် စာရွက်ကြီးနှင့် ဆော့ပင်ကို ပြင်ဆင်ပါ။

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

- စာနာစိတ်ထား တို့ကျောင်းသား သင်ခန်းစာကို သင်ယူခြင်းဖြင့် ကျောင်းသားများသည် အတန်းဖော်များနှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ အတွေးအခေါ်များမျှဝေခြင်း (Collaboration)၊ အတန်းဖော်များနှင့် ဆက်သွယ်ပြောဆိုခြင်း (Communication)၊ အခြားသူများ၏ ဆွေးနွေးတင်ပြချက်များကို ဝေဖန်ဆန်းစစ်ခြင်း (Critical Thinking)၊ နိုင်ငံသားကောင်းတစ်ဦးတွင် ရှိရမည့်ကရုဏာထား ချစ်ခင်မှုအရည်အသွေးများကို သိရှိနားလည်ပြီး ကျင့်သုံးခြင်း (Citizenship) ဟူသော ကျွမ်းကျင်မှုများ ကို ရရှိလာမည်။

**စာသင်ချိန်(၁) ဖြစ်ရပ်လေ့လာခြင်း၊ ကရုဏာထားချစ်ခင်မှု**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၁၀)မိနစ်**

- အောက်ပါမေးခွန်းများကို မေးမြန်းဆွေးနွေးခြင်းဖြင့် သင်ခန်းစာကို စတင်ပါ။
  - (က) ချစ်ခင်ကြင်နာတတ်သော၊ ရိုင်းပင်းကူညီတတ်သောသူများကို တွေ့ဖူးပါသလား။
  - (ခ) တွေ့ဖူးလျှင် သူတို့သည် အဘယ်ကြောင့် စာနာစိတ်ထား၍ ရိုင်းပင်းကူညီသည်ဟု ယူဆပါသနည်း။ မည်သို့ပြုမူဆောင်ရွက်ပါသနည်း။
  - (ဂ) မိမိတည်ရှိနေထိုင်ရာအသိုင်းအဝိုင်းတွင် တစ်စုံတစ်ယောက်အတွက် ကရုဏာထား ချစ်ခင်မှုကို ပြသဖူးပါသလား။



DBE BOX

**သင်ကြားခြင်းနှင့် လေ့ကျင့်ခြင်း** **(၂၅)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလို အုပ်စုဖွဲ့ပါ။
- ကရုဏာထားချစ်ခင်မှုကို မည်သို့နားလည်သနည်းဟု မေးပါ။ အုပ်စုလိုက်ဖြေကြားချက်များကို ဆရာက သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ပါ။
- အောက်ပါအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဆရာက ရှင်းပြပါ။

**ကရုဏာထားချစ်ခင်မှု**

ကရုဏာထားချစ်ခင်မှုဆိုသည်မှာ တစ်စုံတစ်ယောက်၏ ခံစားချက်နှင့် အခက်အခဲကို စာနာနားလည်ပြီး ကူညီရိုင်းပင်းလိုမှုပင် ဖြစ်သည်။

- ပေးထားသောဖြစ်ရပ်ကို လေ့လာစေပြီး အောက်ပါမေးခွန်းများကို အုပ်စုလိုက်ဝိုင်းဝန်း ဆွေးနွေးကြရန် ပြောပါ။

  (က) သူရ၏ လုပ်ရပ်သည် ကရုဏာထားချစ်ခင်မှုကို ဖော်ပြရာရောက်ပါသလား။

  (ခ) သင်သာ သူရဆိုလျှင် မည်သို့ပြုမူဆောင်ရွက်မည်နည်း။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- အုပ်စုတစ်ခုစီ၏ ကျောင်းသားကိုယ်စားလှယ်တစ်ဦးစီက မိမိတို့ဆွေးနွေးထားသည်များကို အတန်းသို့ ပြန်လည်တင်ပြရန် ပြောပါ။
- ကျောင်းသားများသည် ကျောင်းတွင် အခြားသူများနှင့် စာနာသနားစိတ်၊ ကရုဏာထားချစ်ခင်စိတ်ဖြင့် နေထိုင်ရမည်ဖြစ်ကြောင်း ပြောပြ၍ သင်ခန်းစာကို နိဂုံးချုပ်ပါ။

**စာသင်ချိန်(၂) ကရုဏာထားချစ်ခင်တတ်သူ၏ အရည်အသွေးများ**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၅)မိနစ်**

- ယခင်စာသင်ချိန်တွင် သင်ယူခဲ့ရသော ကရုဏာထားချစ်ခင်မှုအကြောင်းကို ပြန်လည်မေးမြန်းခြင်းဖြင့် သင်ခန်းစာကို နိဒါန်းပျိုးပါ။

  (က) ကရုဏာထားချစ်ခင်မှုကို ဘယ်လိုနားလည်သလဲ။

  (ခ) ကရုဏာထားချစ်ခင်မှု၊ စာနာရိုင်းပင်းတတ်မှုဟာ အရေးကြီးတယ်လို့ ထင်ပါသလား။
- ကျောင်းသားများ၏ အဖြေအမျိုးမျိုးကို သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ပါ။

**သင်ကြားခြင်း** **(၁၀)မိနစ်**

- ကရုဏာထားချစ်ခင်တတ်သူတွင် ချစ်ခင်ကြင်နာမှုရှိခြင်း၊ စာနာနားလည်ခြင်း၊ ရိုင်းပင်းကူညီတတ်ခြင်းနှင့် တစ်ပါးသူ၏ စိတ်ခံစားချက်ကို နားလည်ခြင်းစသည့် အရည်အသွေးများရှိကြောင်း ဆရာက ရှင်းပြပါမည်။
- ကျောင်းသုံးစာအုပ်တွင်ဖော်ပြထားသော အရည်အသွေးများသည် နမူနာမျှသာဖြစ်ပြီး အခြားအရည်အသွေးများလည်း ရှိသေးကြောင်း၊ ထိုအရည်အသွေးများကို စဉ်းစားဖော်ထုတ်ရန်နှင့် ထိုအရည်အသွေးများရှိသူကို နေ့စဉ်ဘဝတွင် တွေ့ဖူးခြင်း ရှိ၊ မရှိပြောပြရန်၊ ထိုအရည်အသွေးများကို နေ့စဉ်ဘဝတွင် မည်ကဲ့သို့ကျင့်သုံးရမည်ကို ဆွေးနွေးရန် ရှင်းပြပါမည်။

**လေ့ကျင့်ခြင်း** **(၂၅)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလို အုပ်စုဖွဲ့ပါ။



DBE BOX

- ဆရာ၏ သင်ကြားမှုတွင် မပါရှိသေးသည့် ကရုဏာထားချစ်ခင်သူတစ်ဦးတွင် ရှိသင့်သော အခြား အရည်အသွေးများကို အုပ်စုတစ်စုလျှင် အနည်းဆုံးတစ်ခုစီ စဉ်းစားဆွေးနွေးရန် ပြောပါ။
- ထိုအရည်အသွေးရှိသူကို တွေ့ဖူးခြင်း ရှိ၊ မရှိနှင့် မိမိတို့၏ နေ့စဉ်ဘဝတွင် မည်ကဲ့သို့ လက်တွေ့ အသုံးပြုနိုင်မည်ကို ဆွေးနွေးရန် ပြောပါ။
- အုပ်စုလိုက်ဆွေးနွေးနေစဉ် ဆရာက လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ကူညီပြောပြပါစေ။
- အုပ်စုလိုက် ဆွေးနွေးပြီးပါက အုပ်စုတစ်စုလျှင် တစ်ဦးစီက မိမိတို့အုပ်စု ဆွေးနွေးထားသည်များကို အတန်းသို့ တင်ပြပါစေ။
- တင်ပြမှုများပြီးဆုံးပါက လိုအပ်သည်များကို ဆရာက ဖြည့်စွက်ဆွေးနွေးပေးရပါမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၅)မိနစ်**

- အောက်ပါမေးခွန်းများကို တစ်တန်းလုံးအား မေးမြန်းပါ။

(က) ကရုဏာထား ချစ်ခင်တတ်သူ၏ အရည်အသွေးများကို နေ့စဉ်ဘဝတွင် လက်တွေ့ကျင့်သုံးနိုင်ပါသလား။

(ခ) ကရုဏာထားချစ်ခင်တတ်သူ၊ စာနာရိုင်းပင်းတတ်သူကို လူအများက မည်သို့ဆက်ဆံကြမည်နည်း။

- ကရုဏာထားချစ်ခင်သူ၏ အရည်အသွေးများကို နေ့စဉ်ဘဝတွင် လက်တွေ့ကျင့်သုံးနေထိုင်ရမည်ဖြစ်ကြောင်း ပြောကြားပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။

**စာသင်ချိန်(၃) ဖြစ်ရပ်လေ့လာခြင်း**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၁၅)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလို အုပ်စုဖွဲ့ပြီး အောက်ပါမေးခွန်းများကို အုပ်စုလိုက်ဆွေးနွေးပါစေ။

(က) ကရုဏာထားချစ်ခင်မှု၊ စာနာနားလည်မှုသည် စိတ်ပိုင်းဆိုင်ရာ ခံစားချက်လား။ လုပ်ကိုင်ဆောင်ရွက်မှုလား။ အဘယ်ကြောင့်နည်း။

(ခ) ဒုက္ခရောက်နေသူ၊ အခက်အခဲဖြစ်နေသူကိုမြင်ပြီး ကူညီရန်ဆန္ဒရှိသော်လည်း ကူညီခြင်းမရှိသောသူသည် ရိုင်းပင်းကူညီတတ်သူ၊ စာနာနားလည်သူ ဖြစ်ပါသလား။ အဘယ်ကြောင့်နည်း။

(ဂ) ကျောင်းတွင် တစ်စုံတစ်ယောက်က အခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့နေရလျှင် သင်မည်သို့ လုပ်ဆောင်မည်နည်း။

- အုပ်စုလိုက်ဆွေးနွေးထားသည်များကို အတန်းသို့ တင်ပြစေခြင်းဖြင့် သင်ခန်းစာကို နိဒါန်းပျိုးပါ။ လိုအပ်သည်များကို ဆရာက ဖြည့်စွက်ပေးပါ။

**သင်ကြားခြင်းနှင့် လေ့ကျင့်ခြင်း** **(၂၅)မိနစ်**

- ကျောင်းသုံးစာအုပ် စာမျက်နှာ(၁၈)၊ (၁၉)ပါ ဖြစ်ရပ်များကို အုပ်စုလိုက် လေ့လာဆွေးနွေးပါစေ။
- ဖြစ်ရပ်များကို လေ့လာပြီးနောက် မည်ကဲ့သို့ ဆက်လက်ပြုမူ ဆောင်ရွက်ရမည်ကို ရေးသားပါစေ။
- ထို့နောက် အုပ်စုလိုက် အတန်းသို့ တင်ပြပါစေ။



DBE BOX

- အုပ်စုအားလုံးတင်ပြပြီးသောအခါ ဆရာက တင်ပြချက်များကို ပြန်လည်သုံးသပ်၍ သင်ခန်းစာကို နိဂုံးချုပ်ပါ။
- နောက်စာသင်ချိန်၌ ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင်တွင် တွေ့ဖူးသော ကရုဏာထားချစ်ခင်တတ်သူ တစ်ယောက်အကြောင်းကို ရေးသားရမည်ဖြစ်သောကြောင့် ကြိုတင်စဉ်းစားခဲ့ရန် မှာကြားပါ။

**စာသင်ချိန်(၄) ကရုဏာထားချစ်ခင်တတ်သူတစ်ယောက်အကြောင်း**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၅)မိနစ်**

- ယခင်စာသင်ချိန်များတွင် လေ့လာဆွေးနွေးခဲ့သော ကရုဏာထားချစ်ခင်မှုအကြောင်းကို ပြန်လည်မေးမြန်းခြင်းဖြင့် သင်ခန်းစာကို မိတ်ဆက်ပါ။

**သင်ကြားခြင်း** **(၅)မိနစ်**

- ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်တွင် တွေ့ဖူးသော ကရုဏာထားချစ်ခင်တတ်သူအကြောင်းကို ရေးသားရာတွင် ထည့်သွင်းဖော်ပြရမည့် အချက်အလက်များကို ပြောပြပါ။

**လေ့ကျင့်ခြင်း** **(၂၅)မိနစ်**

- ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင်တွင်တွေ့ဖူးသော ကရုဏာထားချစ်ခင်တတ်သူ အကြောင်းကို တစ်ဦးချင်းစီ စာရွက်ဖြင့် ရေးသားပါစေ။
- မိမိတို့ စိတ်ကြိုက်လွတ်လပ်စွာ ရေးသားနိုင်ကြောင်း ပြောပါ။ ကျောင်းသားများရေးသားနေစဉ် ဆရာကအတန်းကို လှည့်လည်ကြည့်ရှုပါ။ ရေးသားရန်အခက်အခဲရှိသူများကို ကူညီပေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- ကျောင်းသားများကို နှစ်ယောက်တစ်တွဲစီ တွဲစေပြီး အပြန်အလှန်ဖတ်ရှုအကဲဖြတ်ပါစေ။

**အဓိကအချက်များ**

- ကရုဏာထားချစ်ခင်မှုသည် တစ်စုံတစ်ယောက်၏ ခံစားချက်နှင့် အခက်အခဲကို စာနာနားလည်ပြီး ကူညီရိုင်းပင်းလိုမှုပင် ဖြစ်သည်။
- ကရုဏာထားချစ်ခင်မှု၊ စာနာထောက်ထားမှုသည် ခံစားချက်ဖြစ်ရုံသာမက လုပ်ကိုင်ဆောင်ရွက်မှုလည်းဖြစ်သည်။ ကရုဏာထား ချစ်ခင်တတ်သူတစ်ဦးသည် ကိုယ်ချင်းစာစိတ်ရှိသူ၊ စာနာစိတ်ရှိသူဖြစ်လာပေမည်။
- ကျောင်းတွင် အတန်းဖော်သူငယ်ချင်း သို့မဟုတ် ကျောင်းသားအချင်းချင်းဖြစ်စေ၊ ဆရာများ၊ ကျောင်းရှိဝန်ထမ်းများ၊ ကျောင်းနှင့် ဆက်နွယ်နေသူများနှင့်ဖြစ်စေ ဆက်ဆံရာတွင် အချင်းချင်း ကရုဏာထားချစ်ခင်မှုဖြင့် ဆက်ဆံရမည်။

**အခန်း(၁)ကို သုံးသပ်ခြင်း** **စုစုပေါင်းစာသင်ချိန် ၁ ချိန်**
**တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၅) မိနစ်**

- အခန်း (၁) လူမှုကျင့်ဝတ်နှင့် ပတ်သက်၍ သင်ယူခဲ့ပြီးသော အကြောင်းအရာများကို ပြန်လည်သုံးသပ်မည်ဟု ပြောပါ။



DREBOX

**လေ့ကျင့်ခြင်း**　　**(၃၀)မိနစ်**

အခန်း (၁) တွင် သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါစေ ။

**လူမှုကျင့်ဝတ်**

**ယဉ်ကျေးလိမ္မာ ကျောင်းတွင်းမှာ**

- ကျောင်းတွင်ယဉ်ကျေးစွာ ပြုမူနေထိုင်ရမည့် အပြုအမူများကို နားလည်ပြီး လိုက်နာကျင့်သုံးတတ်စေခြင်း။

**ရိုသေလေးစား တို့ကျောင်းသား**

- ရိုသေလေးစားတတ်သည့် အပြုအမူများကို ကျောင်းတွင် လက်တွေ့ကျင့်သုံးတတ်စေခြင်း။
- ကျောင်းဝင်းအတွင်း တစ်ဦးကို တစ်ဦး (အပြန်အလှန်) လေးစားတတ်စေခြင်း။

**ဖြောင့်မတ်တည်ကြည် နေထိုင်မည်**

- ဖြောင့်မတ်တည်ကြည်မှုအကြောင်း သိရှိနားလည်ပြီး နေ့စဉ်ဘဝတွင် မည်သို့ကျင့်သုံးမည်ကို ရှင်းပြတတ်ခြင်း။
- ဖြောင့်မတ်တည်ကြည်သူတစ်ဦးတွင် ရှိရမည့် အရည်အသွေးများကို ဖော်ထုတ်တတ်စေခြင်း။
- မိမိထမ်းဆောင်ရမည့်တာဝန်ကို ဖြောင့်မတ်တည်ကြည်စွာ ထမ်းဆောင်တတ်စေခြင်း။
- ဖြောင့်မတ်တည်ကြည်မှုနှင့် ပတ်သက်သောပုံပြင် တစ်ပုဒ်စုပေါင်းဖန်တီးတတ်စေခြင်း။

**စာနာစိတ်ထား တို့ကျောင်းသား**

- ကရုဏာထားချစ်ခင်မှု၏ အဓိပ္ပာယ်ကို သိရှိနားလည်ခြင်း။
- ကရုဏာထားချစ်ခင်တတ်သူ၏ အရည်အသွေးများကို ဆွေးနွေးဖော်ထုတ်၍ လက်တွေ့ဘဝတွင် ကျင့်သုံးတတ်ခြင်း။

- ကျောင်းသားအရေအတွက်ပေါ် မူတည်၍ အုပ်စုများကို သင့်လျော်သလို ဖွဲ့ပါ။
- ထို့နောက် သင်ခန်းစာတစ်ခုစီနှင့် ဆီလျော်သော သုံးသပ်ချက်များကို အုပ်စုလိုက်ဆွေးနွေးညှိနှိုင်းပြီး အတန်းသို့ တင်ပြရမည်ဖြစ်ကြောင်း ပြောပါ။
- ကျောင်းသားများဆွေးနွေးနေစဉ် လှည့်လည်ကြည့်ရှုပါ။ သုံးသပ်ချက်များကို အတန်းအားတင်ပြရန်ပြောပါ။ အဖွဲ့တစ်ဖွဲ့က တင်ပြနေစဉ် အခြားအဖွဲ့များကို ဂရုတစိုက် နားထောင်ရန်ပြောပါ။ မတူညီသောအချက်များကို တင်ပြရန် အားပေးပါ။ တင်ပြချက်များကို ဆီလျော်မှုရှိ၊ မရှိ တစ်တန်းလုံး ဆွေးနွေးဆုံးဖြတ်ပါ။ လိုအပ်ချက်များရှိပါက ဖြည့်စွက်ဆွေးနွေး ပေးပါ။

DBE BOX

**ပြန်လည်သုံးသပ်ခြင်း** **(၁၀)မိနစ်**

- ကျောင်းတွင် ယဉ်ကျေးစွာပြုမူနေထိုင်ရမည့်အပြုအမူများကို နားလည်ပြီးလိုက်နာကျင့်သုံးရမည်ဖြစ်ကြောင်း၊ ရိုသေလေးစားတတ်သည့်အပြုအမူများကို ကျောင်းတွင် လက်တွေ့ကျင့်သုံးရမည်ဖြစ်ကြောင်း၊ မိမိထမ်းဆောင်ရမည့် တာဝန်ကို ဖြောင့်မတ်တည်ကြည်စွာ ထမ်းဆောင်ရမည်ဖြစ်ကြောင်းနှင့် ကရုဏာထားချစ်ခင်တတ်သူ၏ အရည်အသွေးများကို သိရှိပြီး လက်တွေ့ဘဝတွင် ကျင့်သုံးရမည်ဖြစ်ကြောင်းပြောပြ၍ သင်ခန်းစာကိုနိဂုံးချုပ်ပါ။

**အခန်း(၁) အဓိကအချက်များ**

- ကျောင်းအတွင်း တစ်ဦးနှင့်တစ်ဦးပြောဆိုဆက်ဆံရာတွင်ယဉ်ကျေးစွာပြုမူ ပြောဆိုရမည်။
- ယဉ်ကျေးခြင်းဆိုသည်မှာ လူတစ်ဦးနှင့်တစ်ဦး ဆက်ဆံရာတွင် မိမိ၏အပြုအမူ၊ အပြောအဆိုတို့သည် အခြားသူများအား ထိခိုက်နစ်နာစေခြင်း၊ အနှောင့်အယှက်ဖြစ်စေခြင်းမရှိဘဲ ပြုမူပြောဆိုဆက်ဆံခြင်းကို ဆိုလိုသည်။
- ကျောင်းတွင် အတန်းဖော်သူငယ်ချင်းများ သို့မဟုတ် ကျောင်းသားများ အချင်းချင်း၊ ဆရာများ၊ ကျောင်းရှိဝန်ထမ်းများ၊ ကျောင်းနှင့် ဆက်နွှယ်နေသူများနှင့်လည်း အပြန်အလှန်ရိုသေလေးစားမှုဖြင့် ဆက်ဆံရမည်။
- ရိုသေလေးစားခြင်းဆိုသည်မှာ လူတစ်ဦးနှင့်တစ်ဦး ဆက်ဆံရာတွင် မတူကွဲပြားမှုကို လက်ခံပြီး သူတစ်ပါးအပေါ် အလေးထားခြင်း၊ ဦးစားပေးခြင်း၊ မိမိကိုယ်ကို နှိမ့်ချစွာဆက်ဆံခြင်းပင် ဖြစ်သည်။
- ဖြောင့်မတ်တည်ကြည်မှုသည် ရိုးသားခြင်း၊ တည့်မတ်ခြင်း၊ ဖြောင့်မှန်ခြင်းစသည့် လူတစ်ဦးလိုက်နာကျင့်သုံးသင့်သော အကျင့်စရိုက်ကောင်းများပင်ဖြစ်သည်။
- စိတ်ဓာတ်ဖြောင့်မတ်တည်ငြိမ်စွာ ပြုမူ၊ ပြောဆို၊ ကျင့်ကြံနေထိုင်ကြခြင်းဖြင့် ဖြောင့်မတ်တည်ကြည်သူတစ်ဦး ဖြစ်လာပေမည်။
- ကျောင်းတွင် ကျောင်းသားအချင်းချင်းဖြစ်စေ၊ ဆရာများ၊ ဝန်ထမ်းများ၊ ကျောင်းနှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်ဖြစ်စေ ဖြောင့်မတ်တည်ကြည်စွာ ဆက်ဆံရမည်။
- ကရုဏာထားချစ်ခင်မှုသည် တစ်စုံတစ်ယောက်၏ ခံစားချက်နှင့် အခက်အခဲကို စာနာနားလည်ပြီး ကူညီရိုင်းပင်းလိုမှုပင် ဖြစ်သည်။
- ကရုဏာထားချစ်ခင်မှု၊ စာနာထောက်ထားမှုသည် ခံစားချက်ဖြစ်ရုံသာမက လုပ်ကိုင်ဆောင်ရွက်မှုလည်းဖြစ်သည်။ ကရုဏာထား ချစ်ခင်တတ်သူတစ်ဦးသည် ကိုယ်ချင်းစာစိတ်ရှိသူ၊ စာနာစိတ်ရှိသူဖြစ်လာပေမည်။
- ကျောင်းတွင် အတန်းဖော်သူငယ်ချင်း သို့မဟုတ် ကျောင်းသားအချင်းချင်းဖြစ်စေ၊ ဆရာများ၊ ကျောင်းရှိဝန်ထမ်းများ၊ ကျောင်းနှင့် ဆက်နွှယ်နေသူများနှင့်ဖြစ်စေ ဆက်ဆံရာတွင် အချင်းချင်း ကရုဏာထားချစ်ခင်မှုဖြင့် ဆက်ဆံရမည်။

# အခန်း(၂)
# အခွင့်အရေးနှင့်တာဝန်

**သင်ယူမှုရလဒ်များ**

ဤအခန်းပြီးဆုံးသောအခါ ကျောင်းသားများသည်

- ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံသဘောတူစာချုပ်ပါ ကလေးသူငယ် အခွင့်အရေးများကို မိသားစုနှင့်ကျောင်းတို့တွင် ရရှိနေသောအခွင့်အရေးများနှင့် နှိုင်းယှဉ် ခွဲခြားဖော်ပြတတ်မည်။
- တာဝန်ယူတတ်သည့်နိုင်ငံသားကောင်းများ ဖြစ်လာနိုင်သည့်နည်းလမ်းများကို အကြံပြုတတ်မည်။

**သင်ခန်းစာ(၂.၁) ကလေးသူငယ်များ၏ပညာသင်ယူခွင့် အခွင့်အရေးများ** **စုစုပေါင်းစာသင်ချိန် ၄ ချိန် တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်**

- ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံသဘောတူစာချုပ်ပါ ကလေးသူငယ် အခွင့်အရေးများအကြောင်းကို သိရှိနားလည်၍ ပြန်လည်ရှင်းပြတတ်ရန်
- ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံသဘောတူစာချုပ်ပါ အခွင့်အရေး များကို ကျောင်းတွင်းနှင့်မိသားစုတွင်း၌ မည်သို့ ရယူခံစားနိုင်မည်ကို ရှင်းပြတတ်ရန်

**သင်ခန်းစာကြိုတင်ပြင်ဆင်ခြင်း**

- ပညာသင်ယူခွင့်နှင့်ပတ်သက်၍ကျောင်းမှရရှိသော အခွင့်အရေးများကို အုပ်စုလိုက်ဆွေးနွေးပြီး ဆွေးနွေးချက်များကို ဖြည့်စွက်နိုင်ရန် ကြိုတင်ပြင်ဆင်ပါ။ သင်ပုန်းကိုလည်း အသုံးပြု နိုင်ပါသည်။

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

- ကျောင်းသွားကြမယ်နီနီရယ် သင်ခန်းစာကို ကျောင်းသားများ စုပေါင်းဆွေးနွေးခြင်း(Collaboration/ Groupwork)၊ ကျောင်းမှရရှိသော အခွင့်အရေးများကို ဆွေးနွေးဖော်ထုတ်ခြင်း(Critical Thinking)၊ ဆက်သွယ်ပြောဆိုခြင်း(Communication) စသည့် ကျွမ်းကျင်မှုများ ရရှိစေပါသည်။

**စာသင်ချိန်(၁) ပညာသင်ကြားရေးဆိုင်ရာ အခွင့်အရေးများ**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၁၀)မိနစ်**

- ကျောင်းသားများအား အောက်ပါမေးခွန်းများမေး၍ နိဒါန်းပျိုးပါ။

  (က) ကလေးသူငယ်ဆိုသည်မှာ မည်သည့်အသက်အရွယ်ကို ပြောသနည်း။

  (ခ) ကလေးသူငယ်တိုင်းတွင် မည်သည့်အခွင့်အရေးများ ရပိုင်ခွင့်ရှိသနည်း။

  (ဂ) ကလေးသူငယ်များအတွက် ပညာသင်ကြားရေးနှင့်ပတ်သက်ပြီး မည်သည့်အခွင့်အရေး များရှိသနည်း။



DBE BOX

- ကျောင်းသားများအားလွတ်လပ်စွာ ဖြေဆိုခွင့်ပေးပါ။
- ကျောင်းသားများ၏အဖြေကို သင်ပုန်းပေါ်တွင် ရေးပါ။

**သင်ကြားခြင်းနှင့် လေ့ကျင့်ခြင်း** **(၁၀)မိနစ်**

- ကျောင်းသားအရေအတွက်ပေါ်မူတည်၍ အုပ်စုငယ်များဖွဲ့ပြီး အထက်ပါမေးခွန်းများကိုဆွေးနွေးပါစေ။
- ကျောင်းသားများ၏ ဆွေးနွေးမှုပေါ်မူတည်၍ ဆရာက အောက်ပါတို့ကို ဖြည့်စွက်ရှင်းပြပါ။

- ကလေးသူငယ်ဆိုသည်မှာ အသက်၁၈နှစ် မပြည့်သေးသောသူကို ဆိုလိုကြောင်း
- ကလေးများသည် အသက်ရှင်သန်ခွင့်၊ ပညာသင်ယူခွင့်၊ လွတ်လပ်စွာ တွေးခေါ်ယူဆပိုင်ခွင့်၊ အနားယူအပန်းဖြေခွင့်၊ ကစားခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှု ခံယူခွင့် စသည်ဖြင့် ခံစားခွင့်များရှိကြောင်း

- ၎င်းနောက် ကျောင်းသုံးစာအုပ် စာမျက်နှာ(၂၂)ပါ ပညာသင်ကြားရေးနှင့်ပတ်သက်သော အခွင့်အရေးများကို ဖတ်ရှုလေ့လာခိုင်းပြီး ဆွေးနွေးပါစေ။
- ကလေးများပြောသော အခွင့်အရေးနှင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ညီလာခံ သဘောတူစာချုပ်ပါ အခွင့်အရေးများကိုက်ညီမှုရှိ၊ မရှိ လေ့လာ သုံးသပ်ခိုင်းပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၅)မိနစ်**

- ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံသဘောတူစာချုပ်ပါအခွင့်အရေးများကို ကျောင်းသားများအား ခံစားခွင့်ရှိကြောင်း ပြောပြ၍ နိဂုံးချုပ်ပါ။

**စာသင်ချိန်(၂) ကျောင်းသွားကြမယ်နီနီရယ်**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၅)မိနစ်**

- အောက်ပါမေးခွန်းများကိုမေး၍နိဒါန်းပျိုးပါ။
  (က) ကလေးတို့ပတ်ဝန်းကျင်တွင် ကျောင်းမနေနိုင်သော ကလေးများရှိပါသလား။
  (ခ) အဘယ်ကြောင့် ကျောင်းမနေနိုင်သည်ဟု သင်ထင်ပါသနည်း။
- ကျောင်းသားများ၏ ထင်မြင်ယူဆချက်များကို အတန်းသို့ တင်ပြပါစေ။
- တင်ပြချက်များကိုအခြေခံ၍ သင်ခန်းစာခေါင်းစဉ်နှင့် မိတ်ဆက်ပေးပါ။

**သင်ကြားခြင်းနှင့် လေ့ကျင့်ခြင်း** **(၁၀)မိနစ်**

- ကျောင်းသားအရေအတွက်ပေါ်မူတည်၍ အုပ်စုငယ် ၆ စု ဖွဲ့ပါ။
- ကျောင်းသုံးစာအုပ်ပါ ကျောင်းသွားကြမယ်နီနီရယ် သင်ခန်းစာကို ဖတ်ရှုလေ့လာရန် ပြောပါ။
- ကျောင်းသုံးစာအုပ်ပါမေးခွန်းတစ်ခုစီကို အုပ်စုတစ်စုစီအားပေး၍ ဆွေးနွေးရန်ပြောပါ။
- အဖြေများကို စာရွက်ပေါ်တွင် ချရေးထားရန်ပြောပါ။
- အဖွဲ့တစ်ဖွဲ့ကိုယ်စား တစ်ဦးစီ တင်ပြဆွေးနွေးရမည်ဟုပြောပါ။
- မေးခွန်းများအတွက် နမူနာအဖြေများကို ဖော်ပြထားပါသည်။ (ကျောင်းသားများ၏ အဖြေအားလုံးကို လက်ခံပေးပါ။)

နမူနာအဖြေများ-

(က) အတန်းပိုင်ဆရာမက နီနီကိုခေါ်တွေ့၍ ဖြေရှင်းနိုင်သောနည်းလမ်းများကို ပြောမည် သို့မဟုတ် ကျောင်းအုပ်ဆရာမကြီးကို ပြောပြမည်။

(ခ) ကျောင်းအုပ်ဆရာမကြီးက နီနီ၏မိဘများကို သွားရောက်တွေ့ဆုံမည်။ အကျိုးအကြောင်း မေးမြန်းမည်။ မိဘဆရာအသင်းကို အကူအညီတောင်းမည်။

(ဂ) ရပ်ရွာအဖွဲ့အစည်းများက ငွေကြေး သို့မဟုတ် အလုပ်တစ်ခု လုပ်နိုင်စေရန်ကူညီမည်။ ထောက်ပံ့ ကူညီပေးနိုင်သော အဖွဲ့အစည်းကို ဆက်သွယ်ပေးမည်။

(ဃ) ငွေကြေးထောက်ပံ့မည်။ အကူအညီရရှိစေရန် ဆောင်ရွက်ပေးမည်။

(င) မဆုံးရှုံးပါ။ အခက်အခဲကို တစ်နည်းနည်းဖြင့် ပြေလည်စေရန် ဝိုင်းဝန်းဖြေရှင်း ပေးကြမည် ထင်ပါသည်။

(စ) နီနီ၏အလုပ်များကို ဝိုင်းကူလုပ်ပေးမည်။ စာမရလျှင် ရှင်းပြပေးမည်။ ရသည့်မုန့်ဖိုးနှင့် တတ်နိုင်သမျှ ကူညီမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- သင်၏ပတ်ဝန်းကျင်တွင် ကျောင်းမနေနိုင်သော ကလေးများတွေ့ရှိပါက ထိုကလေးများအတွက် ပညာသင်ယူခွင့်ရရှိစေရန် ကူညီဆောင်ရွက်ပေးနိုင်သော နည်းလမ်းများကို မေးပြီး အောက်ပါ အဓိကအချက်များကို ပြော၍ နိဂုံးချုပ်ပါ။

**အဓိကအချက်များ**

- ကလေးသူငယ်တိုင်းသည် အခြေခံပညာအဆင့်များတွင် ပညာသင်ယူခွင့်ရှိသည်။
- ကျောင်းမနေနိုင်သော ကလေးများရှိနေပါက ထိုကလေးများအတွက် ကျောင်းနေနိုင်သော အခွင့်အရေးများကို ဖန်တီးပေးရမည်။

**စာသင်ချိန်(၃) ဖြစ်ရပ်လေ့လာခြင်း**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၁၀)မိနစ်**

- အောက်ပါမေးခွန်းများကို မေး၍သင်ခန်းစာကို နိဒါန်းပျိုးပါ။ (ဆဋ္ဌမတန်း အခန်း(၂) သင်ခန်းစာ (၂.၁)တွင် သင်ကြားပြီး)

  (က) ကလေးများသည် မည်သည့်အခွင့်အရေးများ ရရှိသနည်း။

  (ခ) လက်တွေ့ဘဝတွင် ကလေးတိုင်းရသင့်သောအခွင့်အရေး အပြည့်အဝရရှိကြပါသလား။

**သင်ကြားခြင်းနှင့် လေ့ကျင့်ခြင်း** **(၃၀)မိနစ်**

- ကျောင်းသား အရေအတွက်ပေါ်မူတည်၍ အုပ်စုငယ်များဖွဲ့ပါ။
- ကျောင်းသုံးစာအုပ် စာမျက်နှာ(၂၄)ပါ ဖြစ်ရပ်(၁) နှင့် ဖြစ်ရပ် (၂) တို့ကို လေ့လာခိုင်းပါ။
- ထို့နောက် ဖြစ်ရပ်တွင် ပါရှိသော မေးခွန်းများကို အုပ်စုလိုက်ဆွေးနွေးခိုင်းပါ။
- ဆွေးနွေးပြီးနောက် မေးခွန်းများကို ဖြေဆိုရာတွင် အဖွဲ့တစ်ဖွဲ့စီမှ မတူညီသောအမြင်များကို ဖော်ထုတ်ပါ။
- ကျောင်းသားများအား ၎င်းတို့၏ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ တင်ပြခွင့်ပေးပါ။ တင်ပြချက်များကို ဆီလျော်မှုရှိ၊ မရှိ တစ်တန်းလုံးနှင့် ဆွေးနွေးဆုံးဖြတ်ပါ။



DBE BOX

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၅)မိနစ်**

- ကလေးသူငယ်တိုင်းသည် အခြေခံပညာအဆင့်များတွင် ပညာသင်ယူခွင့်ရှိကြောင်း၊ ကျောင်းမနေနိုင်သော ကလေးများတွေ့ရှိပါက ကျောင်းရောက်ရှိရေးအတွက် ကူညီပံ့ပိုးပေးသင့်ကြောင်း ပြောကြားပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။

**စာသင်ချိန်(၄) ကျောင်းမှရရှိသော အခွင့်အရေးများ**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၅)မိနစ်**

- ကျောင်းသားများအား အောက်ပါမေးခွန်းများမေး၍ နိဒါန်းပျိုးပါ။ (ဆဌမတန်း အခန်း(၂) သင်ခန်းစာ (၂.၁)တွင် သင်ကြားပြီး)
  (က) အခွင့်အရေးဆိုသည်မှာ အဘယ်နည်း။
  (ခ) တာဝန်ဆိုသည်မှာ အဘယ်နည်း။
  (ဂ) မိသားစုအတွင်းတွင် မည်သည့်အခွင့်အရေးများရရှိသနည်း။
  (ဃ) မိသားစုအတွင်းတွင် မည်သည့်တာဝန်များ ထမ်းဆောင်ရသနည်း။
- ကျောင်းသားများအား လွတ်လပ်စွာ ဖြေဆိုခွင့်ပေးပါ။
- ကျောင်းသားများ၏ အဖြေများသည် ဆီလျော်မှုမရှိပါက တည့်မတ်ပေးပါ။

**သင်ကြားခြင်းနှင့် လေ့ကျင့်ခြင်း** **(၃၀)မိနစ်**

- ကျောင်းသားအရေအတွက်ပေါ်မူတည်၍ အုပ်စုငယ်များဖွဲ့ပါ။
- ကျောင်းသားများအား ကျောင်းမှရရှိသော အခွင့်အရေးများကို အုပ်စုလိုက် ဆွေးနွေးခိုင်းပါ။ ၎င်းနောက် ကျောင်းသုံးစာအုပ် စာမျက်နှာ(၂၅)ပါ ကားချပ်ပေါ်တွင် ဖြည့်ခိုင်းပါ။ သင်ပုန်းကိုလည်း အသုံးပြုနိုင်ပါသည်။
- လိုအင်ဆန္ဒ၊ လိုအပ်ချက်နှင့် အခွင့်အရေးတို့ကို ကွဲပြားပါစေ။
  လိုအင်ဆန္ဒသည် မရှိမဖြစ်အရာ မဟုတ်ပါ။
  လိုအပ်ချက်သည် မရှိမဖြစ် လိုအပ်သည့်အရာဖြစ်သည်။
  အခွင့်အရေးဟူသည် တန်းတူရရှိသင့်သည့် အရာပင်ဖြစ်သည်။
- ထို့နောက် 'အခွင့်အရေးများ ရယူခံစားသည်နှင့်အညီ မည်သည့်တာဝန်များ ထမ်းဆောင်သင့်သနည်း' ဟုမေးမြန်း၍ ဆွေးနွေးစေပြီး ကျောင်းသုံးစာအုပ် စာမျက်နှာ(၂၅)ပါ ဇယားတွင် ဖြည့်ခိုင်းပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- မိမိတို့ပတ်ဝန်းကျင်တွင် ကျောင်းမနေနိုင်သော ကလေးများ ရှိပါသလား။ ထိုကလေးများ ကျောင်းရောက်ရှိရေးအတွက် ပံ့ပိုးကူညီနိုင်သော နည်းလမ်းများကိုမေး၍ သင်ခန်းစာကို နိဂုံးချုပ်ပါ။

**အဓိကအချက်များ**

- ကလေးသူငယ်တိုင်းသည် အခြေခံပညာအဆင့်များတွင် ပညာသင်ယူခွင့်ရှိသည်။
- ကျောင်းမနေနိုင်သော ကလေးများရှိနေပါက ထိုကလေးများအတွက်ကျောင်းနေနိုင်သော အခွင့်အရေးများကို ဖန်တီးပေးရမည်။

DBE BOX

**သင်ခန်းစာ(၂.၂) တာဝန်ကျေအောင် ကြိုးစားပါ** **စုစုပေါင်းစာသင်ချိန် ၂ချိန်**

**သင်ခန်းစာရည်ရွယ်ချက်** **တစ်ချိန်(၄၅)မိနစ်**

- တာဝန်ကျေပွန်သော ကျောင်းသားတစ်ဦး၏ လုပ်ဆောင်ရမည့်လုပ်ငန်းများကို သိရှိပြီး ကျောင်းတွင် လက်တွေ့လိုက်နာကျင့်သုံးတတ်စေရန်
- တာဝန်ကျေပွန်သော ကျောင်းသားတစ်ဦးတွင် ရှိရမည့်အရည်အသွေးများကို သိရှိပြီး ကျောင်းတွင် လက်တွေ့ကျင့်သုံးတတ်စေရန်

**သင်ခန်းစာကြိုတင်ပြင်ဆင်ခြင်း**

- တာဝန်ကျေပွန်သော ကျောင်းသားတစ်ဦး၏လုပ်ဆောင်ရမည့် လုပ်ငန်းများနှင့် တာဝန်ကျေပွန်သော ကျောင်းသားတစ်ဦးတွင်ရှိရမည့် အရည်အသွေးများကို အုပ်စုဖွဲ့ ဆွေးနွေးဖော်ထုတ်နိုင်ရန် ကားချပ်နှင့်ဆော့ပင်တို့ကို ပြင်ဆင်ပါ။

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

- တာဝန်ကျေပွန်သော ကျောင်းသားတစ်ဦး၏ လုပ်ဆောင်ရမည့်လုပ်ငန်းများနှင့် အရည်အသွေးများကို အုပ်စုဖွဲ့ ဆွေးနွေးဖော်ထုတ်ခြင်း(Collaboration/Groupwork) နှင့် ဆက်သွယ်ပြောဆိုခြင်း (Communication)၊ တာဝန်ကျေပွန်သော ကျောင်းသားတစ်ဦးအဖြစ် လုပ်ငန်းများဆောင်ရွက်ခဲ့ပုံကို လေးနက်စွာဆန်းစစ်ဝေဖန်ခြင်း(Critical Thinking)စသည့် ကျွမ်းကျင်မှုများကို ရရှိနိုင်ပါသည်။

**စာသင်ချိန်(၁) တာဝန်ကျေအောင် ကြိုးစားပါ**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၁၀)မိနစ်**

- ကျောင်းသားအရေအတွက်ပေါ်မူတည်၍အုပ်စုများဖွဲ့ပါ။ အုပ်စုတစ်စုစီကို စာရွက်တစ်ရွက်စီပေး၍ဆရာမေးသည့် မေးခွန်းများကို အုပ်စုတွင်း ဆွေးနွေးပြီး ရရှိသည့်အဖြေများကို ရေးသားရန်ပြောပါ။
- အောက်ပါမေးခွန်းများကိုမေး၍ သင်ခန်းစာကို အစပျိုးပါ။
  (က) ကျောင်းတွင် ကျောင်းသားတစ်ဦးအနေဖြင့် မည်သည့်လုပ်ငန်းများကို လုပ်ဆောင်ရပါသနည်း။
  (ခ) တာဝန်ကျေသော ကျောင်းသားတစ်ဦးတွင်ရှိရမည့် အရည်အသွေးများကိုဖော်ပြပါ။
- ကျောင်းသားများ၏ ဆွေးနွေးချက်များကို အတန်းသို့တင်ပြပါစေ။ ထို့နောက်ဆရာက ဖြည့်စွက်ဆွေးနွေးပေးပါ။

**သင်ကြားခြင်း** **(၁၀)မိနစ်**

- အတူတကွစုပေါင်းနေထိုင်ကြသော လူ့အဖွဲ့အစည်းတွင် လူတိုင်းကိုယ်စီတာဝန်သိပြီး တာဝန်ယူမှုရှိရန် များစွာလိုအပ်ပါကြောင်း၊ အိမ်တွင်လည်း မိသားစုဝင် တစ်ယောက်အဖြစ် တာဝန်ကို ကျေပွန်စွာထမ်းဆောင် ရမည်ဖြစ်သကဲ့သို့ ကျောင်းတွင်လည်း ကျောင်းသားတစ်ယောက်အဖြစ် တာဝန်ကျေပွန်စွာ ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ သို့မှသာ မိမိတို့နေထိုင်ရာ ရပ်ရွာမှ တိုင်းပြည်အတွက် နိုင်ငံသားတစ်ဦးအဖြစ် တာဝန်အသီးသီးကို ကျေပွန်စွာထမ်းဆောင်တတ်လာမည်ဖြစ်ကြောင်း ပြောပြပါ။
- ထို့နောက်ဆရာက 'ကျောင်းသားတာဝန်ကျေပွန်မှုကို သင်မည်သို့နားလည်ပါသနည်း' ဟုမေးပါ။

DBE BOX

- ကျောင်းသားတာဝန်ကျေပွန်မှု ဆိုသည်မှာ ကျောင်းသားများသည် သူတို့၏ သင်ယူလေ့လာခြင်း အောင်မြင်စေရန်အတွက် သူတို့တွင်သာတာဝန်ရှိသည်ဟု သတ်မှတ်ခံယူ၍ သင်ယူခြင်း ဖြစ်စဉ်တွင် တက်ကြွစွာ ပါဝင်ခြင်းဖြစ်သည်။ ပညာရေးရည်မှန်းချက်ဆီသို့ ရောက်အောင် ကျောင်းသားများက ကိုယ်တိုင်ရွေးချယ် ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ ကျောင်းတွင်း အဖွဲ့အစည်းများတွင် တက်ကြွစွာပါဝင်ခြင်းဖြင့်လည်းကောင်း၊ စည်းကမ်းလိုက်နာ၍ စာရိတ္တ ကောင်းခြင်းဖြင့်လည်းကောင်း တာဝန်ကျေပွန်သော ကျောင်းသားအဖြစ် အသိအမှတ် ပြုနိုင်ကြောင်း ဖြည့်စွက်ဆွေးနွေးပေးပါ။

**လေ့ကျင့်ခြင်း** **(၂၀)မိနစ်**

- တာဝန်ကျေပွန်သောကျောင်းသားတစ်ဦး လုပ်ဆောင်သင့်သည်ဟုယူဆသော အချက်များကို အုပ်စုလိုက် ဆွေးနွေးဖော်ထုတ်၍ ကျောင်းသုံးစာအုပ် စာမျက်နှာ(၂၇)ပါ ဇယားတွင် ဖြည့်စွက်ရန်ပြောပါ။

နမူနာအဖြေများ -

| | |
|---|---|
| ဘာသာရပ်သင်ယူ လေ့လာမှုတွင် ပါဝင်ခြင်း | • သင်ခန်းစာများကို စနစ်တကျလေ့လာခြင်း<br>• အိမ်စာများကို ပုံမှန်ပြုလုပ်ခြင်း<br>• အတန်းတွင်းအုပ်စုဖွဲ့ဆွေးနွေးခြင်းလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ခြင်း |
| ကျောင်းတွင်းအဖွဲ့အစည်းများတွင် ပါဝင်ခြင်း | • ပြိုင်ပွဲ (စာစီစာကုံးပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ပန်းချီ ၊ ဂီတ စွမ်းရည်ပြိုင်ပွဲ)များတွင်ပါဝင်ခြင်း<br>• ကျောင်းကောင်စီအသင်းအဖွဲ့များတွင် တက်ကြွစွာ ပါဝင်ခြင်း |
| စည်းကမ်းလိုက်နာခြင်း | • ကျောင်းမှသတ်မှတ်ထားသောစည်းကမ်းများကို လိုက်နာခြင်း<br>• အတန်းတွင်းစည်းကမ်းများကို လိုက်နာခြင်း |

- ကျောင်းသားများ၏ ဆွေးနွေးချက်များကို အတန်းသို့တင်ပြရန်ပြောပါ။ ထို့နောက် ဆရာက ဖြည့်စွက်ပေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **(၅)မိနစ်**

- 'ကျောင်းသားတစ်ဦးအနေဖြင့် ကျောင်းသားတာဝန်ကျေပွန်ရန် လိုအပ်သကဲ့သို့ အခြား မည်သည့် တာဝန်များ ကျေပွန်ရန် လိုအပ်ပါသနည်း။ အဘယ်ကြောင့်နည်း'ဟု မေး၍ သင်ခန်းစာကို နိဂုံးချုပ်ပါ။



DBE BOX

**စာသင်ချိန်(၂) တာဝန်ကျေသော ကျောင်းသားတစ်ဦးတွင် ရှိရမည့်အရည်အသွေးများ**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၅)မိနစ်**

- ကျောင်းသားအရေအတွက်အရ သင့်လျော်သလို အုပ်စုဖွဲ့ပါ။ အုပ်စုတစ်စုစီကို စာရွက်တစ်ရွက်စီပေး၍ဆရာမေးသည့် မေးခွန်းများကို အုပ်စုတွင်း ဆွေးနွေးပြီး ရရှိသည့်အဖြေများကို ရေးသားရန်ပြောပါ။
- တာဝန်ကျေပွန်သော ကျောင်းသားတစ်ဦးသည် ဘာသာရပ်သင်ယူလေ့လာမှုတွင် ပါဝင်ခြင်း၊ ကျောင်းတွင်း အဖွဲ့အစည်းများတွင်ပါဝင်ခြင်းနှင့် စည်းကမ်းလိုက်နာခြင်းတို့တွင်သာမက အခြားမည်သည့်လုပ်ငန်းများကို လုပ်ဆောင်ရန်လိုအပ်ကြောင်း အုပ်စုလိုက် ဆွေးနွေးဖော်ထုတ်ရန် ပြောပါ။
- အုပ်စုလိုက် ဆွေးနွေးချက်များကို အတန်းသို့တင်ပြရန်ပြောပါ။ ဆရာက ဖြည့်စွက်ဆွေးနွေးပေးပါ။

**သင်ကြားခြင်း** **(၁၅)မိနစ်**

- တာဝန်ကျေပွန်သော ကျောင်းသားတစ်ဦးတွင်ရှိရမည့် အရည်အသွေးများကို ဖော်ထုတ်၍ ပေးထားသောပုံတွင် ဖြည့်စွက်ဆွေးနွေးပါစေ။ ထိုအရည်အသွေးများရှိရန် အဘယ်ကြောင့် လိုအပ်ကြောင်းကို အကြောင်းပြချက်ပေးရန်ပြောပါ။

**နမူနာအရည်အသွေးများ–** စာအုပ်များကို စနစ်တကျကိုင်တွယ်အသုံးပြုခြင်း၊သင်ခန်းစာများကို ဆွေးနွေးရာတွင် တက်ကြွစွာပါဝင်ခြင်း၊ အိမ်စာနှင့်လေ့ကျင့်ခန်းများကို အချိန်မီပြီးအောင် ပြုလုပ်ခြင်း၊

- အုပ်စုလိုက်ဆွေးနွေးချက်များကို အတန်းသို့တင်ပြရန်ပြောပါ။ ဆရာက ဖြည့်စွက်ဆွေးနွေးပေးပါ။

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကျောင်းလုပ်ငန်းများတွင် တာဝန်ကျေပွန်သော ကျောင်းသားတစ်ဦးအဖြစ် မည်ကဲ့သို့ပါဝင်ဆောင်ရွက်ခဲ့ပုံကို အုပ်စုလိုက်ဆွေးနွေးရန်ပြောပါ။
- တစ်ဖွဲ့တင်ပြနေစဉ် အခြားအဖွဲ့များက မည်သည့်အဖွဲ့၏ ဆွေးနွေးတင်ပြမှု အကောင်းဆုံးဖြစ်သည်ကို ကျောင်းသုံးစာအုပ် စာမျက်နှာ(၂၈)ရှိ အကဲဖြတ်ဇယားကို အသုံးပြု၍ အကဲဖြတ်ရန်ပြောပါ။
- အုပ်စုလိုက်အကဲဖြတ်ထားသော အကြောင်းအရာများတွင် မည်သည့်အုပ်စုက ပိုမိုစွမ်းဆောင်နိုင်သည်ကို အကဲဖြတ်ပါ။ ထိုအုပ်စုလိုက် အကဲဖြတ်ချက်များကို စုစည်း၍ အကောင်းဆုံးအဖွဲ့ကို ရွေးချယ်ဖော်ထုတ်ပါ။
- ထို့နောက်ဆရာက ပြန်လည်သုံးသပ်ပေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- ဆရာက ကျောင်းသားများကို ကျောင်းသုံးစာအုပ် စာမျက်နှာ(၂၉)တွင် ဖော်ပြထားသောမေးခွန်းများဖြင့် ကျောင်းသားများကိုယ့်ကိုယ်ကိုယ် သုံးသပ်ရန်ပြောပါ။
- အုပ်စုတစ်စုမှ ကျောင်းသားတစ်ဦးစီက မိမိ၏သုံးသပ်ချက်များကို အတန်းသို့တင်ပြရန်ပြောပါ။
- ထို့နောက် ဆရာက သင်ခန်းစာ၏အဓိကအချက်ကို ပြောပြ၍ သင်ခန်းစာကို နိဂုံးချုပ်ပါ။

DBEBOX

**အဓိကအချက်**

- ကျောင်းသားတာဝန်ကျေပွန်မှုဆိုသည်မှာ ကျောင်းသားများသည် သူတို့၏သင်ယူ လေ့လာခြင်း အောင်မြင်စေရန်အတွက် သူတို့တွင်သာ တာဝန်ရှိသည်ဟု သတ်မှတ်ခံယူ၍ သင်ယူခြင်းဖြစ်စဉ်တွင် တက်ကြွစွာပါဝင်ခြင်းဖြစ်သည်။

**သင်ခန်းစာ(၂.၃) အားကိုးအားထားပြုနိုင်ခြင်း** **စုစုပေါင်းစာသင်ချိန် ၂ ချိန်**

**သင်ခန်းစာရည်ရွယ်ချက်** **တစ်ချိန်(၄၅)မိနစ်**

- အားကိုးအားထားပြုနိုင်သူတစ်ဦး၏ အရည်အသွေးများကို သိရှိနားလည်ပြီး လိုက်နာကျင့်သုံးတတ်စေရန်
- အားကိုးအားထားပြုနိုင်သူတစ်ယောက်အဖြစ် ကျင့်ကြံနေထိုင်တတ်စေရန်

**သင်ခန်းစာကြိုတင်ပြင်ဆင်ခြင်း**

- အားကိုးအားထားပြုနိုင်သူ၏ အရည်အသွေးများကို ဖော်ထုတ်ရန်အတွက် ကားချပ်ပြင်ဆင်ထားပါ။ တိပ်၊ ကတ်ကြေး၊ ဆော့ပင် ပြင်ဆင်ထားပါ။ သင်ပုန်းကိုလည်း အသုံးပြုနိုင်သည်။

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

- အားကိုးအားထားပြုနိုင်သူ၏ အရည်အသွေးများကို ပြောဆိုဆွေးနွေးခြင်း(Communication)၊ မတူညီသောအမြင်များကို ဖော်ထုတ်ခြင်း(Creative Thinking)၊ အခြားသူများ၏တင်ပြချက်များကို ဆန်းစစ်ဝေဖန်ခြင်း (Critical Thinking)စသည့် ကျွမ်းကျင်မှုများ ရရှိစေပါသည်။

**စာသင်ချိန်(၁) အားကိုးအားထားပြုနိုင်ခြင်း**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၁၀)မိနစ်**

- အောက်ပါမေးခွန်းများကိုမေး၍ သင်ခန်းစာကို နိဒါန်းပျိုးပါ။
  - (က) အားကိုးအားထားပြုနိုင်ခြင်းကို သင်မည်သို့ နားလည်ပါသနည်း။
  - (ခ) သင့်ပတ်ဝန်းကျင်တွင် အားကိုးအားထားပြုနိုင်သောသူ ရှိပါသလား။ အဘယ်ကြောင့် အားကိုးအားထားပြုနိုင်ပါသနည်း။
- ကျောင်းသားများကို လွတ်လပ်စွာ ဖြေဆိုခွင့်ပေးပါ။ ကျောင်းသားများ၏ အဖြေများကိုလက်ခံပေးပါ။

**သင်ကြားခြင်း** **(၅)မိနစ်**

- ဆရာက အောက်ပါအဓိပ္ပာယ် ဖွင့်ဆိုချက်ကို ရှင်းပြပါ။

**အားကိုးအားထားပြုနိုင်ခြင်း**

အားကိုးအားထားပြုနိုင်ခြင်းဟူသည် တာဝန်ယူမှု တာဝန်ခံမှုရှိပြီး ကိုယ်ကျင့်သိက္ခာနှင့် ပြည့်စုံ၍ လမ်းမှန်ရောက်အောင် ဦးဆောင်ပေးနိုင်မှုကို ဆိုလိုပါသည်။

**လေ့ကျင့်ခြင်း** **(၂၅)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလို အုပ်စုငယ်များဖွဲ့ပါ။
- ထို့နောက် 'ကျောင်းသားများကို အားကိုးအားထား ပြုနိုင်သူတစ်ဦးဖြစ်စေရန် မည်သို့သော အရည်အသွေးများရှိသင့်ပါသနည်း' ဟုမေးပြီး ကျောင်းသုံးစာအုပ် စာမျက်နှာ(၂၉)ပါ ပုံတွင် ဖြည့်စွက်ခိုင်းပါ။

**နမူနာအဖြေများ** - ပြောပြီးသားစကားကို ကတိတည်ရမည်။
- အလုပ်တစ်ခုကိုလုပ်ကိုင်သောအခါ စေ့စပ်သေချာမှုရှိရမည်။
- ဦးဆောင်မှုပြုရာတွင် အနစ်နာခံရမည်။
- အများနှင့်ပြောဆို ဆက်ဆံရာတွင် ခွင့်လွှတ်သည်းခံရမည်။
- အခက်အခဲနှင့်ရင်ဆိုင်ရသောအခါတွင်လည်း ရိုးသားဖြောင့်မတ်မှုရှိရမည်။
- အလုပ်များလုပ်ကိုင်ရာတွင် လိမ္မာပါးနပ်ရမည်။
- အခွင့်အရေးပေးရာတွင်ဖြစ်စေ တာဝန်ပေးရာတွင်ဖြစ်စေ တရားမျှတမှုရှိရမည်။

- ကျောင်းသားများ၏ အဖြေများအားလုံးကို လက်ခံပေးပါ။ ထို့နောက်ဆရာက ပြန်လည်တည့်မတ်ဆွေးနွေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၅)မိနစ်**

- ကျောင်းသားများကို 'အများက အားကိုးအားထားပြုနိုင်သူ တစ်ယောက်ဖြစ်သည်ဟု သင့်ကိုယ်သင် ယူဆပါသလား။ အဘယ်ကြောင့်နည်း' ဟု မေးမြန်းပြီးသင်ခန်းစာကို နိဂုံးချုပ်ပါ။

**စာသင်ချိန်(၂) ခရီးသည်နှစ်ဦး**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၅)မိနစ်**

- အောက်ပါမေးခွန်းများကို မေး၍သင်ခန်းစာကို နိဒါန်းပျိုးပါ။
  (က) သင့်တွင်အားကိုးအားထားပြုနိုင်သော သူငယ်ချင်းရှိပါသလား။ အဘယ်ကြောင့် အားကိုးအားထားပြုနိုင်သနည်း။
  (ခ) ထိုသူ၏ စိတ်နေသဘောထားသည် မည်သို့ရှိသနည်း။

**သင်ကြားခြင်း** **(၁၀)မိနစ်**

- ကျောင်းသားများအား သင့်လျော်သလို အုပ်စုငယ်များဖွဲ့ပါ။
- ခရီးသည်နှစ်ဦး ပုံပြင်ကို အချိန်(၄)မိနစ်ခန့်ပေးပြီး အသံတိတ် ဖတ်ပါစေ။
- ထို့နောက် ကျောင်းသားများအား ကျောင်းသုံးစာအုပ်ပါ မေးခွန်းများ၏ အဖြေကို စဉ်းစားပါစေ။

**လေ့ကျင့်ခြင်း** **(၂၀)မိနစ်**

- ကျောင်းသားများအား ကျောင်းသုံးစာအုပ်ပါ မေးခွန်းများကိုဆွေးနွေးပါစေ။
- ကျောင်းသားများ၏ဖြေကြားချက်များကို လက်ခံပေးပါ။
- ဆွေးနွေးမှုတွင် ကျောင်းသားများအားလုံးပါဝင်ပါစေ။
- နမူနာအဖြေများ - (က) မဖြစ်နိုင်ပါ။
  (ခ) အခက်အခဲဖြစ်နေသော အခြေအနေ
  (ဂ) သစ်ပင်ပေါ်တက်သွားသော ခရီးသည်၏ စိတ်ဓာတ်ကိုသိကြောင်း ပြောချင်သည့်အတွက် ပြောရခြင်းဖြစ်ပါသည်။
  (ဃ) ကိုယ်ချင်းစာတရားရှိရမည်။ စာနာနားလည်ရမည်။ အမှားအမှန် ခွဲခြားနိုင်ရမည်။



DBE-Box

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- အောက်ပါမေးခွန်းများကို ရေးသားဖြေဆိုပါ။

(၁) အားကိုးအားထားပြုနိုင်ခြင်းကို သင်မည်သို့နားလည်သနည်း။

(၂) အားကိုးအားထားပြုနိုင်သူတစ်ဦးဖြစ်စေရန် မည်သို့သောအပြုအမူများကို ရှောင်ကြဉ်ရမည်နည်း။

(၃) အများက အားကိုးအားထားပြုနိုင်သူတစ်ယောက်ဖြစ်စေရန် မည်သို့ပြုမူကျင့်ကြံ နေထိုင်မည်နည်း။

**အဓိကအချက်**

- အားကိုးအားထားပြုနိုင်သူတစ်ဦး၏ အရည်အသွေးများကို သိရှိနားလည်ပြီး နေ့စဉ်ဘဝတွင် ကျင့်သုံးတတ်လာမည်။

**အခန်း(၂)ကို သုံးသပ်ခြင်း** **စုစုပေါင်းစာသင်ချိန် ၁ ချိန်**
**တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၅)မိနစ်**

- အခန်း(၂) အခွင့်အရေးနှင့်တာဝန် သင်ခန်းစာများနှင့် ပတ်သက်၍ သင်ယူခဲ့ပြီးသော အကြောင်းအရာများကိုပြန်လည်သုံးသပ်ရန်ပြောပါ။ ကျောင်းသားအရေအတွက် ပေါ်မူတည်၍ အုပ်စုငယ်များ သင့်လျော်သလိုဖွဲ့ပါ။
- သင်ခန်းစာတစ်ခုစီမှ သင်ယူခဲ့ရသောအကြောင်းအရာများကို ပြန်လည်ဆွေးနွေးရမည်ဟု ပြောပါ။

**လေ့ကျင့်ခြင်း** **(၃၀)မိနစ်**

အခန်း(၂)တွင် သင်ယူခဲ့ရသည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။




DBE BOX

- ကျောင်းသားများ ဆွေးနွေးနေစဉ် လှည့်လည်ကြည့်ရှုပါ။ သုံးသပ်ချက်များကို အတန်းသို့ တင်ပြရန် ပြောပါ။ အဖွဲ့တစ်ဖွဲ့မှ တင်ပြနေစဉ် အခြားအဖွဲ့များကို ဂရုတစိုက်နားထောင်ရန်ပြောပါ။ တင်ပြချက်များကို ဆီလျော်မှုရှိ၊ မရှိ တစ်တန်းလုံးနှင့် ဆွေးနွေးဆုံးဖြတ်ပါ။ လိုအပ်ချက်များရှိပါက ဖြည့်စွက်ဆွေးနွေးပေးပါ။

**ပြန်လည်သုံးသပ်ခြင်း** **(၁၀)မိနစ်**

- ကလေးများအားလုံး ပညာသင်ယူခွင့်ရရှိရမည်ဖြစ်ကြောင်း၊ မိမိတို့ပတ်ဝန်းကျင်တွင် ကျောင်းမနေနိုင်သော ကလေးများရှိပါက ကျောင်းသို့ ရောက်ရှိစေရန် ကူညီပံ့ပိုးပေးရမည်ဖြစ်ကြောင်း၊ မိမိတို့ထမ်းဆောင်ရသည့်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ရမည်ဖြစ်ပြီး အများက အားကိုးအားထားပြုနိုင်သူ တစ်ယောက်ဖြစ်စေရန် ကျင့်ကြံနေထိုင်ရမည်ဖြစ်ကြောင်းပြောကြားပြီး နိဂုံးချုပ်ပါ။

**အခန်း(၂) အဓိကအချက်များ**

- ကလေးသူငယ်တိုင်းသည် အခြေခံပညာအဆင့်များတွင် ပညာသင်ယူခွင့်ရှိသည်။
- ကျောင်းမနေနိုင်သော ကလေးများရှိနေပါက ထိုကလေးများအတွက်ကျောင်းနေနိုင်သော အခွင့်အရေးများကို ဖန်တီးပေးရမည်။
- ကျောင်းသားတာဝန်ကျေပွန်မှုဆိုသည်မှာ ကျောင်းသားများသည် သူတို့၏ သင်ယူလေ့လာခြင်း အောင်မြင်စေရန်အတွက် သူတို့တွင်သာတာဝန်ရှိသည်ဟု သတ်မှတ်ခံယူ၍ သင်ယူခြင်းဖြစ်စဉ်တွင် တက်ကြွစွာပါဝင်ခြင်းဖြစ်သည်။
- အားကိုးအားထားပြုနိုင်သူတစ်ဦး၏ အရည်အသွေးများကို သိရှိနားလည်ပြီး နေ့စဉ်ဘဝတွင် ကျင့်သုံးတတ်လာမည်။

**မှတ်ချက်**

ကွန်ဗင်းရှင်း ⟶ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံသဘောတူစာချုပ်
**(The Convention on the Rights of the Child)**

# အခန်း(၃)
# စည်းကမ်းနှင့်ဥပဒေ

**သင်ယူမှုရလဒ်များ**

ဤအခန်းပြီးဆုံးသောအခါ ကျောင်းသားများသည်

- ရပ်ရွာဒေသအလိုက် ချမှတ်ထားသော စည်းကမ်းနှင့်ဥပဒေများကို လိုက်နာတတ်မည်။
- ဥပဒေအရ အကူအညီပေးနိုင်သော ရပ်ရွာဒေသရှိ အဖွဲ့အစည်းများကို သိရှိပြီး လိုအပ်ပါက အကူအညီရယူတတ်မည်။

**သင်ခန်းစာ(၃.၁) စည်းကမ်းလေးစား နိုင်ငံသား စုစုပေါင်းစာသင်ချိန် ၂ ချိန်**

**သင်ခန်းစာရည်ရွယ်ချက် တစ်ချိန်(၄၅)မိနစ်**

- နိုင်ငံသားတစ်ဦးအနေဖြင့် နိုင်ငံတော်က ချမှတ်ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်စည်းကမ်းများကို လေးစားလိုက်နာတတ်စေရန်
- နိုင်ငံသားကောင်းတစ်ဦးဖြစ်ရန် လိုက်နာဆောင်ရွက်သင့်သည်များကို သိရှိစေရန်

**သင်ခန်းစာကြိုတင်ပြင်ဆင်ခြင်း**

- နိုင်ငံသားကောင်းဖြစ်ရန် လိုအပ်သော အရည်အချင်းများကို ဆွေးနွေးရန် ကားချပ်၊ ဆော့ပင်၊ တိပ်တို့ကို ကြိုတင်ပြင်ဆင်ပါ။

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

- နိုင်ငံသားကောင်းဖြစ်ရန် လိုအပ်သောအရည်အချင်းများ၊ စည်းကမ်းလေးစား နိုင်ငံသား သင်ခန်းစာမှ ရရှိလိုက်သော အကြောင်းအရာများစသည်တို့ကို အုပ်စုလိုက် ပူးပေါင်းဆောင်ရွက်၍ ဆွေးနွေးဖော်ထုတ်ခြင်း (Collaboration/ Group work) နှင့် ဆက်သွယ်ပြောဆိုခြင်း (Communication)၊ နိုင်ငံသားကောင်းတစ်ဦးတွင် ရှိရမည့်အရည်အသွေးများကို သိရှိပြီး လိုက်နာကျင့်သုံးခြင်းဖြင့် နိုင်ငံသားကောင်းဖြစ်ခြင်း(Citizenship)စသည့် ကျွမ်းကျင်မှုများကို ရရှိနိုင်ပါသည်။

**စာသင်ချိန်(၁) နိုင်ငံသားကောင်းဖြစ်ခြင်း**

**သင်ခန်းစာမိတ်ဆက်ခြင်း (၅)မိနစ်**

- စည်းကမ်းနှင့်ဥပဒေများကို လိုက်နာခြင်းသည် လူ့အဖွဲ့အစည်းကို စနစ်တကျ ခိုင်မာစွာ တည်ဆောက်ရေးအတွက် အရေးပါသောအခန်းကဏ္ဍတွင် ပါဝင်ကြောင်း၊ နိုင်ငံသားတိုင်းသည် မိမိနိုင်ငံကို ချစ်ခင်မြတ်နိုးတန်ဖိုးထားရမည် ဖြစ်သကဲ့သို့ နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ဥပဒေများ၊ ရပ်ရွာဒေသအလိုက် ချမှတ်ထားသော စည်းကမ်းများကို လိုက်နာကြရကြောင်း၊ နိုင်ငံသားများကို ဥပဒေက ကာကွယ်စောင့်ရှောက်ပေးထားသကဲ့သို့ ဥပဒေကို လေးစားလိုက်နာရန်လည်း နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြောင်း ဆွေးနွေးပြီး သင်ခန်းစာကို နိဒါန်းပျိုးပါ။

**သင်ကြားခြင်း** **(၁၅)မိနစ်**

- အောက်ပါမေးခွန်းများကို ဆွေးနွေးပါစေ။
  - (က) နိုင်ငံသားဟူသော စကားရပ်ကို သင်မည်သို့နားလည်ပါသနည်း။
  - (ခ) ကျွန်ုပ်တို့နိုင်ငံတော်ကိုမည်သို့ခေါ်ဆိုပါသနည်း။
  - (ဂ) နိုင်ငံသားတစ်ဦးကို ဥပဒေက မည်သည့်အရာများ ပြုလုပ်ခွင့်ပေးထားသနည်း။
  - (ဃ) နိုင်ငံသားတစ်ဦးသည် မည်သည့်တာဝန်များကိုထမ်းဆောင်ရမည်နည်း။
- ကျောင်းသားများကို လွတ်လပ်စွာဖြေဆိုခွင့်ပေးပါ။
- ကျောင်းသားများ၏အဖြေကို သင်ပုန်းပေါ်တွင်ရေးပေးပါ။

**လေ့ကျင့်ခြင်း** **(၂၀)မိနစ်**

- ကျောင်းသားများ၏ ဆွေးနွေးမှုပေါ်မူတည်၍ ဆရာက ကျောင်းသုံးစာအုပ် စာမျက်နှာ(၃၃) ပါ နိုင်ငံသားခေါင်းစဉ်ဖြင့်ရေးသားထားသော အကြောင်းအရာတို့ကို ဖြည့်စွက်ရှင်းပြပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၅)မိနစ်**

- နိုင်ငံသားနှင့်ပတ်သက်သည့်အကြောင်းအရာများကို ပြန်လည်မေးမြန်း ဆွေးနွေးခြင်းဖြင့် သင်ခန်းစာကို နိဂုံးချုပ်ပါ။

**စာသင်ချိန်(၂) နိုင်ငံသားကောင်းဖြစ်ရန် လိုအပ်သောအရည်အချင်းများ**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၁၀)မိနစ်**

- ကျောင်းသားများကို အောက်ပါမေးခွန်းများ မေးမြန်း၍သင်ခန်းစာကို နိဒါန်းပျိုးပါ။
  - (က) နိုင်ငံသားဆိုသည်မှာအဘယ်နည်း။
  - (ခ) မည်သူတို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏နိုင်ငံသားများဖြစ်ကြသနည်း။
  - (ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားတစ်ဦးဖြစ်သည့်အတွက် သင်မည်သို့ ခံစားရပါသနည်း။
- ကျောင်းသားများကို လွတ်လပ်စွာဖြေဆိုခွင့်ပေးပါ။
- ကျောင်းသားများ၏အဖြေကို သင်ပုန်းမှတ်ချက်ရေးပေးပါ။

**သင်ကြားခြင်း** **(၁၀)မိနစ်**

- ကျောင်းသားများ၏ ဆွေးနွေးမှုပေါ်မူတည်၍ ဆရာက ကျောင်းသုံးစာအုပ် စာမျက်နှာ(၃၄)ပါ နိုင်ငံသားကောင်းဖြစ်ရန်လိုအပ်သော အရည်အချင်းများ ခေါင်းစဉ်ဖြင့်ရေးသားထားသော အကြောင်းအရာတို့ကို ဖြည့်စွက်ရှင်းပြပါ။

**လေ့ကျင့်ခြင်း** **(၅)မိနစ်**

- အောက်ပါမေးခွန်းများကိုအုပ်စုလိုက်ဆွေးနွေးပါစေ။
  - (က) နိုင်ငံသားကောင်းဖြစ်ရန် မည်သို့ပြုမူကျင့်ကြံသင့်သနည်း။
  - (ခ) မိမိကိုယ်ကျိုးနှင့် အများအကျိုးယှဉ်လာပါက မည်သည်ကို ရွေးချယ်ရမည်နည်း။ အဘယ်ကြောင့်နည်း။



DBE BOX

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၅)မိနစ်**

- အောက်ပါအဓိကအချက်များကိုဆွေးနွေးပါစေ။

**အဓိကအချက်များ**

- နိုင်ငံအတွင်း နေထိုင်သူတိုင်းကို နိုင်ငံသားဟု မှတ်ယူ၍ မရပေ။ နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်းကို ဥပဒေဖြင့် ပြဋ္ဌာန်းထားရှိသည်။
- လူ့အခွင့်အရေးကို လူသားတိုင်း ရပိုင်ခွင့်ရှိသော်လည်း နိုင်ငံသားအခွင့်အရေးကိုမူ နိုင်ငံသားများသာ ရပိုင်ခွင့်ရှိသည်။
- နိုင်ငံသားများသည် နိုင်ငံတော်ကပေးသော အခွင့်အရေးများကို ရယူခံစားခွင့်ရှိပြီး နိုင်ငံတော်က သတ်မှတ်ထားသော တာဝန်များကိုလည်းထမ်းဆောင်ရမည်။
- နိုင်ငံသားတစ်ဦးချင်းစီက နိုင်ငံတော်ကချမှတ်ထားသော ဥပဒေနှင့်စည်းကမ်းများကို လိုက်နာခြင်းဖြင့် နိုင်ငံသားကောင်းပီသလာမည်။

- ကျောင်းသုံးစာအုပ် စာမျက်နှာ(၃၅)ပါ မေးခွန်းများကို အုပ်စုလိုက်ဆွေးနွေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။

**သင်ခန်းစာ(၃.၂) ရပ်ရွာရေးရာ သိမှတ်စရာ** **စုစုပေါင်းစာသင်ချိန် ၄ ချိန်**

**သင်ခန်းစာရည်ရွယ်ချက်** **တစ်ချိန်(၄၅)မိနစ်**

- ရပ်ရွာရေးရာ သိမှတ်စရာအကြောင်းအရာများကို သိရှိနားလည်ပြီး ပြန်လည်ရှင်းပြတတ်ရန်
- ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်တင်မြှောက်ပုံကို သိရှိနားလည်ပြီး ပြန်လည်ရှင်းပြတတ်ရန်
- ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များကို သိရှိနားလည်ပြီး ပြန်လည်ရှင်းပြတတ်ရန်
- ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူ၏ တာဝန်ဝတ္တရားများကို သိရှိပြီး လိုက်နာကျင့်သုံးတတ်ရန်

**သင်ခန်းစာကြိုတင်ပြင်ဆင်ခြင်း**

- အဓိပ္ပာယ်ဖွင့်ဆိုချက်များ ရေးသားထားသော စကားလုံးကားချပ်များ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များကို ရေးသားဖော်ပြထားသော သင်ထောက်ကူ ကားချပ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူ၏တာဝန် ဝတ္တရားများကို ရေးသားဖော်ပြထားသော သင်ထောက်ကူကားချပ်၊ ရပ်ရွာအလှကဗျာ သင်ထောက်ကူ ကားချပ်နှင့် ပိုစတာပြုလုပ်ရန် လိုအပ်သည့် ပစ္စည်းများကို ပြင်ဆင်ပါ။
- ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေနှင့် နည်းဥပဒေများ စာအုပ်ကို ကြိုတင်လေ့လာထားပါ။



DBE BOX

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

- ရပ်ရွာရေးရာ သိမှတ်စရာ သင်ခန်းစာကို သင်ယူခြင်းဖြင့် ကျောင်းသားများသည် အတန်းဖော်များနှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ အတွေးအခေါ်များမျှဝေခြင်း (Collaboration)၊ အတန်းဖော်များနှင့် ဆက်သွယ်ပြောဆိုခြင်း(Communication)၊ အခြားသူများ၏ ဆွေးနွေးတင်ပြချက်များကို ဝေဖန်ဆန်းစစ်ခြင်း (Critical Thinking)၊ ရပ်ရွာအလှဟူသော ခေါင်းစဉ်ဖြင့် ပိုစတာဖန်တီးခြင်း (Creativity)၊ ရပ်သူရွာသားကောင်းတစ်ဦးတွင် ရှိရမည့်တာဝန်ဝတ္တရားများကို သိရှိနားလည်ပြီး ကျင့်သုံးခြင်းဖြင့် နိုင်ငံသားကောင်းဖြစ်ခြင်း(Citizenship) ဟူသော ကျွမ်းကျင်မှုများကို ရရှိလာမည်။

**စာသင်ချိန်(၁) ရပ်ရွာရေးရာ သိမှတ်စရာများကို လေ့လာခြင်း**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၅)မိနစ်**

- ရပ်ရွာရေးရာ သိမှတ်စရာ သင်ခန်းစာနိဒါန်းပါ အကြောင်းအရာများကို ပြောပြခြင်းဖြင့် သင်ခန်းစာကို စတင်ပါ။

**သင်ကြားခြင်းနှင့် လေ့ကျင့်ခြင်း** **(၃၅)မိနစ်**

- ကျောင်းသားများကို အုပ်စု ၄ စု ဖွဲ့ပါ။
- ရပ်ကွက်၊ ကျေးရွာ၊ ကျေးရွာအုပ်စု၊ မြို့၊ မြို့နယ်၊ အိမ်ထောင်စုကိုယ်စားလှယ်၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ကျေးရွာတာဝန်ခံ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဟူသော ဝေါဟာရတို့၏ အဓိပ္ပာယ်ကို လေ့လာဆွေးနွေးပါစေ။
- အုပ်စု ၃ စုက ဝေါဟာရ ၃ လုံးစီကို အတန်းသို့ တင်ပြရန် သတ်မှတ်ပေးပါ။
- ထိုဝေါဟာရများ တစ်ခုနှင့် တစ်ခု မည်သို့ဆက်စပ်နေသည်ကို ကျန်အုပ်စု ၁ စုက တင်ပြရန် သတ်မှတ်ပေးပါ။
- အုပ်စုလိုက်ဆွေးနွေးနေစဉ် ဆရာက ကျောင်းသားအားလုံး ပါဝင်ဆွေးနွေးနိုင်စေရန် ကြီးကြပ်ပေးပါ။ ကျောင်းသားများ၏ ကျိုးကြောင်းဆီလျော်မှုရှိသော ဖြေကြားချက်၊ ဆွေးနွေးချက်၊ တင်ပြချက်များကို လက်ခံအားပေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၅)မိနစ်**

- အုပ်စုလိုက် ဆွေးနွေးတင်ပြချက်များကို ဆရာက ဖြည့်စွက်သုံးသပ်ပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။

**စာသင်ချိန်(၂) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်တင်မြှောက်ခြင်း**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၅)မိနစ်**

- ကျောင်းတစ်ကျောင်းတွင် ကျောင်းကောင်စီအတွင်းရေးမှူး ရွေးချယ်တင်မြှောက်ခြင်းသည် အရေးကြီးသကဲ့သို့ ရပ်ကွက်တစ်ခု သို့မဟုတ် ကျေးရွာအုပ်စုတစ်စုတွင်လည်း အုပ်ချုပ်ရေးမှူး ရွေးချယ်တင်မြှောက်ခြင်းသည် အရေးကြီးကြောင်း၊ ရပ်သူရွာသားတိုင်းသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်တင်မြှောက်ပုံကို သိရှိနားလည်ထားရန် လိုအပ်ကြောင်း ကျောင်းသားများနှင့် အပြန်အလှန်မေးမြန်းဆွေးနွေးပြီး သင်ခန်းစာကို နိဒါန်းပျိုးပါ။

DBEBox

**သင်ကြားခြင်း** **(၂၀)မိနစ်**

- ကျောင်းသားများကို အုပ်စု ၄ စုဖွဲ့ပါ။
- ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်တင်မြှောက်ခြင်းအကြောင်းကို အုပ်စုလိုက် ဖတ်ရှုလေ့လာပါစေ။
- အောက်ပါ အကြောင်းအရာများကို သေချာစွာ မှတ်သားရန် ပြောပါ။
  (က) ကြီးကြပ်ရေးအဖွဲ့၏ တာဝန်များ
  (ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးတို့တွင် ပြည့်စုံရမည့် အရည်အချင်းများ

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကျောင်းသုံးစာအုပ်တွင် ဖော်ပြထားသော စကားဝိုင်းဆွေးနွေးပွဲကို အုပ်စုတစ်စုစီက ကိုယ်စားလှယ် တစ်ဦးစီဖြင့် လက်တွေ့ပြုလုပ်ပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၅)မိနစ်**

- ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်တင်မြှောက်ပုံ အဆင့်ဆင့်ကို ပြန်လည်မေးမြန်းခြင်းဖြင့် သင်ခန်းစာကို နိဂုံးချုပ်ပါ။
- နောက်စာသင်ချိန်တွင် ဆွေးနွေးမည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်အချို့နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူ၏ တာဝန် ဝတ္တရားအချို့ကို ကြိုတင်ဖတ်ရှုလေ့လာရန် မှာကြားပါ။ လိုအပ်သည်များကို ဆရာက ပံ့ပိုး ကူညီပေးပါ။

## စာသင်ချိန်(၃) တာဝန်ဝတ္တရားများ

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၅)မိနစ်**

- ယခင်စာသင်ချိန်တွင် ဆွေးနွေးခဲ့သည်များကို မေးမြန်းခြင်းဖြင့် သင်ခန်းစာကို မိတ်ဆက်ပါ။

**သင်ကြားခြင်း** **(၁၅)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလို အုပ်စုဖွဲ့ပါ။
- ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်အချို့နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူ၏ တာဝန်ဝတ္တရားအချို့ကို အုပ်စုလိုက် လေ့လာ ဆွေးနွေးပါစေ။
- အုပ်စုလိုက် ဆွေးနွေးထားသည်များကို အုပ်စုကိုယ်စားလှယ်တစ်ဦးစီက အတန်းသို့ ပြန်လည် တင်ပြပါစေ။

**လေ့ကျင့်ခြင်း** **(၂၀)မိနစ်**

- ကျောင်းသုံးစာအုပ်တွင် မပါဝင်သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူ၏ တာဝန် ဝတ္တရားများကို အုပ်စုလိုက် ဆွေးနွေးဖော်ထုတ်ပါစေ။
- ဆွေးနွေးဖော်ထုတ်ရသည်များကို အတန်းသို့ တင်ပြပါစေ။



DBE BOX

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၅)မိနစ်**

- အုပ်စုလိုက်တင်ပြချက်များအပေါ် ဆရာက သုံးသပ်ချက်ပေးပါ။

**စာသင်ချိန်(၄) ရပ်ရွာအလှ ကဗျာ**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၅)မိနစ်**

- အောက်ပါမေးခွန်းများကို မေးမြန်းဆွေးနွေးခြင်းဖြင့် နိဒါန်းပျိုးပါ။
    - (က) ရပ်ရွာဆိုသည်မှာ အဘယ်နည်း။
    - (ခ) ရပ်ရွာအလှဆိုသည်မှာ အဘယ်နည်း။

**သင်ကြားခြင်း** **(၁၀)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလို အုပ်စုဖွဲ့ပါ။
- ရပ်ရွာအလှ ကဗျာကို အုပ်စုလိုက်ဖတ်ရှုလေ့လာဆွေးနွေးရန် ပြောပါ။
- ဆွေးနွေးထားသည်များကို အုပ်စုကိုယ်စားလှယ်တစ်ဦးစီက အတန်းသို့ တင်ပြပါစေ။

**လေ့ကျင့်ခြင်း** **(၂၅)မိနစ်**

- ရပ်ရွာအလှ ဟူသော ခေါင်းစဉ်ဖြင့် အုပ်စုလိုက်ပိုစတာတစ်ခုစီ ဖန်တီးပါစေ။
- ပိုစတာများကို စာသင်ခန်းနံရံတွင် ချိတ်ဆွဲပါစေ။
- ချိတ်ဆွဲထားသော ပိုစတာများကို အုပ်စုလိုက်လှည့်လည်ကြည့်ရှုပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၅)မိနစ်**

- အုပ်စုလိုက်ဖန်တီးထားသော ပိုစတာများကို အုပ်စုလိုက်သုံးသပ်စေခြင်းဖြင့် သင်ခန်းစာကို နိဂုံးချုပ်ပါ။

**အဓိကအချက်များ**

- ရပ်ရွာဒေသတွင်း ကျင့်သုံးသည့် စည်းမျဉ်းစည်းကမ်းဥပဒေများကို နားလည်ကျင့်သုံးခြင်းဖြင့် ရပ်သူရွာသားကောင်းများ ဖြစ်လာပေမည်။
- ရပ်ရွာဒေသဆိုင်ရာ စည်းကမ်းဥပဒေများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် လုံခြုံအေးချမ်းသော ရပ်ရွာကို ဖန်တီးဖော်ဆောင်နိုင်သည်။

## သင်ခန်းစာ(၃.၃) အကူအညီလိုလျှင် ပြောစေချင် စုစုပေါင်းစာသင်ချိန် ၂ ချိန်

**သင်ခန်းစာရည်ရွယ်ချက်** **တစ်ချိန်(၄၅)မိနစ်**

- အခက်အခဲ တစ်စုံတစ်ရာနှင့် တွေ့ကြုံရပါက ရပ်ရွာဒေသတွင် ကူညီပေးနိုင်သော အဖွဲ့အစည်းများရှိကြောင်း သိရှိနားလည်ပြီး အကူအညီတောင်းခံတတ်စေရန်

**သင်ခန်းစာကြိုတင်ပြင်ဆင်ခြင်း**

- ကျောင်းသားများ၏ ဆွေးနွေးချက် ရလဒ်များကို ဖော်ထုတ်နိုင်ရန်အတွက် ရောင်စုံစက္ကူ၊ တိပ်၊ ကတ်ကြေး ပြင်ဆင်ပါ။ သင်ပုန်းကိုလည်း အသုံးပြုနိုင်သည်။



DBE BOX

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ**

- ရပ်ရွာဒေသတွင်းရှိ အကူအညီပေးနိုင်သော အဖွဲ့အစည်းများကို အုပ်စုဖွဲ့ဆွေးနွေးအဖြေရှာခြင်း(GroupWork/Collaboration)၊ ဆက်သွယ်ပြောဆိုခြင်း (Communication)၊ အခြားသူများ၏ တင်ပြချက်များကို ဝေဖန်ဆန်းစစ်ခြင်း (Critical Thinking) စသည့်ကျွမ်းကျင်မှုများ ရှိလာမည်။

**စာသင်ချိန်(၁) စာမျက်နှာ(၄၄-၄၅) ဖြစ်ရပ် (၁)၊ ဖြစ်ရပ် (၂)**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၁၀)မိနစ်**

- အောက်ပါမေးခွန်းကို မေး၍ သင်ခန်းစာကို နိဒါန်းပျိုးပါ။
  - အခက်အခဲ တစ်စုံတစ်ရာနှင့် ကြုံဖူးပါသလား။ ထိုကဲ့သို့ တွေ့ကြုံရသောအခါ မည်သည့် အဖွဲ့အစည်းကို အကူအညီ တောင်းခဲ့ဖူးပါသနည်း။

**လေ့ကျင့်ခြင်း** **(၃၀)မိနစ်**

- ကျောင်းသား အရေအတွက်ပေါ်မူတည်၍ အုပ်စုငယ်များ ဖွဲ့ပါ။
- အုပ်စုများအား ဖြစ်ရပ် (၁) နှင့် ဖြစ်ရပ်(၂) တို့ကို လေ့လာပါစေ။
- အုပ်စုများ၏ ဆွေးနွေးချက်ရလဒ်များကို အကျဉ်းချုပ်၍ အုပ်စုကိုယ်စားလှယ်တစ်ဦးက တင်ပြပါစေ။
- ကျောင်းသားများ၏ အဖြေများကို လက်ခံပေးပါ။

ဖြစ်ရပ်(၁) နမူနာအဖြေများ-

(၁) မျိုးမျိုး၏ စိတ်ထဲတွင် အားကိုးရာမဲ့၍ အကူအညီ တောင်းသင့်ပါသည်။

(၂) အိမ်နီးချင်းများအား အကူအညီတောင်းပါမည်။

(၃) မီးသတ်ဌာနကို ဖုန်းဆက်၍ အကူအညီ တောင်းသင့်ပါသည်။

ဖြစ်ရပ်(၂) နမူနာအဖြေများ-

(၁) ဝေဝေသည် လူကြီးမိဘများအား ပြောပြသင့်ပါသည်။

(၂) ရပ်ရွာအုပ်ချုပ်ရေးမှူး၊ ရဲစခန်းကိုအကူအညီ တောင်းသင့်ပါသည်။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၅)မိနစ်**

- ကျောင်းသားများအား အောက်ပါအချက်ကို အသိပေးပါ။
  - အခက်အခဲ တစ်စုံတစ်ရာနှင့် ရင်ဆိုင်ရသောအခါ မိမိကိုယ်တိုင် မဖြေရှင်းနိုင်ပါက အခြားသူများထံမှ အကူအညီ ရယူသင့်ကြောင်း သို့မဟုတ် သက်ဆိုင်ရာဌာနများ (ဥပမာ- မီးသတ်ဌာန၊ ရဲစခန်း)ကို အကူအညီတောင်းသင့်ကြောင်း ပြောပါ။

**စာသင်ချိန်(၂) စာမျက်နှာ(၄၅) ဖြစ်ရပ် (၃)**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၅)မိနစ်**

- ကျောင်းသားများအား အောက်ပါမေးခွန်းများမေး၍နိဒါန်းပျိုးပါ။

(က) တစ်စုံတစ်ယောက်က အနိုင်ကျင့်တာ ခံရဖူးပါသလား။

(ခ) ထိုသို့ တွေ့ကြုံရသည့်အခါ အခြားသူတစ်ဦးဦးကို အကူအညီတောင်းခဲ့ဖူးပါသလား။



DBE BOX

**လေ့ကျင့်ခြင်း** **(၁၀)မိနစ်**

- ကျောင်းသားများအား အုပ်စုငယ်များဖွဲ့၍ ဖြစ်ရပ်(၃)ကို လေ့လာပါစေ။
- ဖြစ်ရပ်ကို လေ့လာခိုင်းပြီး စာမျက်နှာ(၄၅)ရှိ မေးခွန်းများကို ဆွေးနွေးပါစေ။

နမူနာအဖြေများ-

(၁) မမှန်ပါ။

(၂) သူငယ်ချင်း၊ ဆရာများ၊ မိဘများကို ပြောပြပါမည်။

(၃) မလုပ်သင့်ပါ။

- ကျောင်းသားများ၏အဖြေများကို လက်ခံပေးပါ။
- ကျောင်းသားများ၏အဖြေများ လွဲချော်နေပါက ပြန်လည်တည့်မတ်ပေးပါ။
- ကျောင်းသားများ ဆွေးနွေးနေစဉ် ဆရာက လှည့်လည်ကြည့်ရှုပေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- အောက်ပါမေးခွန်းများကိုမေး၍ သင်ခန်းစာကို နိဂုံးချုပ်ပါ။
  (၁) မိမိတစ်ဦးတည်း ဖြေရှင်း၍မရသော ပြဿနာများကို မည်သို့ဖြေရှင်းရမည်နည်း။
  (၂) အခက်အခဲ ရင်ဆိုင်နေရသူတစ်ဦးက သင့်အားအကူအညီတောင်းလာပါက မည်သို့ ဆောင်ရွက်မည်နည်း။

**အဓိကအချက်**

- မိမိပတ်ဝန်းကျင်တွင် ဥပဒေအရလည်းကောင်း၊ လူမှုရေးအရလည်းကောင်း အကူအညီ ပေးနိုင်သော အဖွဲ့အစည်းများ၊ အကာအကွယ်ပေးနိုင်သော အဖွဲ့အစည်းများကို သိရှိထားရမည်။

**အခန်း(၃)ကို သုံးသပ်ခြင်း** **စုစုပေါင်းစာသင်ချိန် ၁ ချိန်**
**တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၅)မိနစ်**

- အခန်း(၃)စည်းကမ်းနှင့်ဥပဒေ သင်ခန်းစာများနှင့်ပတ်သက်၍ သင်ယူခဲ့ပြီးသော အကြောင်းအရာများကို ပြန်လည်သုံးသပ်မည်ဟု ပြောပါ။
- ကျောင်းသားအရေအတွက်ပေါ်မူတည်၍ အုပ်စုများကို သင့်လျော်သလို ဖွဲ့ပါ။
- ထို့နောက် သင်ခန်းစာတစ်ခုစီနှင့် ဆီလျော်သော သုံးသပ်ချက်များကို အုပ်စုလိုက်ဆွေးနွေး ညှိနှိုင်းပြီး အတန်းသို့ တင်ပြရမည်ဖြစ်ကြောင်း ပြောပါ။

DBE BOX

**လေ့ကျင့်ခြင်း** **(၃၅)မိနစ်**

အခန်း(၃)တွင် သင်ယူခဲ့ရသည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။

**စည်းကမ်းနှင့်ဥပဒေ**

**စည်းကမ်းလေးစား နိုင်ငံသား**

- နိုင်ငံသားတစ်ဦးအနေဖြင့် နိုင်ငံတော်က ချမှတ်ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်စည်းကမ်းများကို လေးစားလိုက်နာတတ်စေခြင်း။
- နိုင်ငံသားကောင်းတစ်ဦးဖြစ်ရန် လိုက်နာဆောင်ရွက်သင့်သည်များကို သိရှိတတ်စေခြင်း။

**ရပ်ရွာရေးရာ သိမှတ်စရာ**

- ရပ်ရွာရေးရာသိမှတ်စရာအကြောင်းအရာများကို သိရှိနားလည်ပြီး ပြန်လည်ရှင်းပြတတ်ခြင်း။
- ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်တင်မြှောက်ပုံကို သိရှိနားလည်ပြီး ပြန်လည်ရှင်းပြတတ်ခြင်း။
- ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များကို သိရှိနားလည်ပြီး ပြန်လည်ရှင်းပြတတ်ခြင်း။
- ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းနေထိုင်သူ၏ တာဝန်ဝတ္တရားများကို သိရှိပြီး လိုက်နာကျင့်သုံးတတ်ခြင်း။

**အကူအညီလိုလျှင် ပြောစေချင်**

- အခက်အခဲ တစ်စုံတစ်ရာနှင့်တွေ့ကြုံရပါက ရပ်ရွာဒေသတွင်ကူညီပေးနိုင်သော အဖွဲ့အစည်းများရှိကြောင်း သိရှိနားလည်ပြီးအကူအညီတောင်းခံတတ်စေခြင်း။

- သင်ယူခဲ့ပြီးသော သင်ခန်းစာများကို ကျောင်းသားများ အုပ်စုလိုက်ဆွေးနွေးနေစဉ် ဆရာက လှည့်လည်ကြည့်ရှုပါ။ ဆွေးနွေးချိန်အလုံအလောက်ပေးပါ။
- သုံးသပ်ချက်များကို အတန်းသို့ တင်ပြရန်နှင့် အဖွဲ့တစ်ဖွဲ့တင်ပြနေစဉ် အခြားအဖွဲ့များက ဂရုတစိုက်နားထောင်မှတ်သားရန် ပြောပါ။ မတူညီသော အချက်များကို တင်ပြရန် အားပေးပါ။
- သုံးသပ်တင်ပြချက်ကို ဆီလျော်မှုရှိ၊ မရှိ တစ်တန်းလုံး ဆွေးနွေးဆုံးဖြတ်ပါ။ လိုအပ်ချက်များရှိပါက ဆရာက ဖြည့်စွက်ဆွေးနွေးပါ။

**ပြန်လည်သုံးသပ်ခြင်း** **(၅)မိနစ်**

- ကျောင်းသားများသည် ရပ်ရွာဒေသအလိုက် ချမှတ်ထားသော စည်းကမ်းနှင့်ဥပဒေများကို လိုက်နာရမည်ဖြစ်ကြောင်း၊ ဥပဒေအရ အကူအညီပေးနိုင်သော ရပ်ရွာဒေသရှိ အဖွဲ့အစည်းများကို သိရှိပြီး လိုအပ်ပါက အကူအညီရယူနိုင်ကြောင်း ပြောပြ၍ နိဂုံးချုပ်ပါ။

**အခန်း(၃) အဓိကအချက်များ**

- နိုင်ငံအတွင်း နေထိုင်သူတိုင်းကို နိုင်ငံသားဟု မှတ်ယူ၍ မရပေ။ နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်းကို ဥပဒေဖြင့် ပြဋ္ဌာန်းထားရှိသည်။
- လူ့အခွင့်အရေးကို လူသားတိုင်း ရပိုင်ခွင့်ရှိသော်လည်း နိုင်ငံသားအခွင့်အရေးကိုမူ နိုင်ငံသားများသာ ရပိုင်ခွင့်ရှိသည်။
- နိုင်ငံသားများသည် နိုင်ငံတော်ကပေးသော အခွင့်အရေးများကို ရယူခံစားခွင့်ရှိပြီး နိုင်ငံတော်က သတ်မှတ်ထားသော တာဝန်များကိုလည်းထမ်းဆောင်ရမည်။
- နိုင်ငံသားတစ်ဦးချင်းစီက နိုင်ငံတော်ကချမှတ်ထားသော ဥပဒေနှင့်စည်းကမ်းများကို လိုက်နာခြင်းဖြင့် နိုင်ငံသားကောင်းပီသလာမည်။
- ရပ်ရွာဒေသတွင်း ကျင့်သုံးသည့် စည်းမျဉ်းစည်းကမ်းဥပဒေများကို နားလည်ကျင့်သုံးခြင်းဖြင့် ရပ်သူရွာသားကောင်းများ ဖြစ်လာပေမည်။
- ရပ်ရွာဒေသဆိုင်ရာ စည်းကမ်းဥပဒေများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် လုံခြုံအေးချမ်းသော ရပ်ရွာကို ဖန်တီးဖော်ဆောင်နိုင်သည်။
- မိမိပတ်ဝန်းကျင်တွင် ဥပဒေအရလည်းကောင်း၊ လူမှုရေးအရလည်းကောင်း အကူအညီပေးနိုင်သော အဖွဲ့အစည်းများ၊ အကာအကွယ်ပေးနိုင်သော အဖွဲ့အစည်းများကို သိရှိထားရမည်။

DBE BOX

# အခန်း(၄)
# ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ခြင်း

**သင်ယူမှုရလဒ်များ**

ဤအခန်းပြီးဆုံးသောအခါ ကျောင်းသားများသည်

- မိမိရပ်ရွာဒေသအတွင်းငြိမ်းချမ်းညီညွတ်စွာ နေထိုင်ခြင်း၏ အကျိုး ရလဒ်ကို ဖော်ပြတတ်လာမည်။
- ရပ်ရွာဒေသအတွင်း စည်းလုံးညီညွတ်စွာ နေထိုင်ခြင်းဖြင့် ငြိမ်းချမ်းညီညွတ်ရေးကို အထောက်အကူဖြစ်ကြောင်း ဖော်ပြတတ်လာမည်။
- စည်းလုံးညီညွတ်စွာ နေထိုင်ခြင်းဖြင့် နိုင်ငံတည်ငြိမ်မှုနှင့် တိုးတက်ရေးကို အထောက်အကူဖြစ်ကြောင်း ဖော်ပြတတ်လာမည်။
- ဖန်တီးတတ်ခြင်း၊ ဆက်သွယ်ပြောဆိုတတ်ခြင်း၊ ပူးပေါင်းလုပ်ဆောင်ခြင်းတို့ကို ရပ်ရွာလုပ်ငန်းများတွင် လက်တွေ့အသုံးချတတ်လာမည်။

**သင်ခန်းစာ(၄.၁) ငြိမ်းချမ်းစွာနေထိုင်ရေး** **စုစုပေါင်းစာသင်ချိန် ၂ ချိန်**

**သင်ခန်းစာရည်ရွယ်ချက်** **တစ်ချိန်(၄၅)မိနစ်**

- မိမိရပ်ရွာဒေသအတွင်း ငြိမ်းချမ်းညီညွတ်စွာ နေထိုင်ရခြင်း၏အကျိုးရလဒ်ကို သိရှိပြီး ငြိမ်းချမ်းညီညွတ်စွာ နေထိုင်တတ်စေရန်
- အပြုသဘောဆောင်သည့် အပြုအမူများကို သိရှိနားလည်ပြီး လိုက်နာကျင့်သုံးတတ်စေရန်

**သင်ခန်းစာကြိုတင်ပြင်ဆင်ခြင်း**

- ကျောင်းသားများ၏ ဆွေးနွေးချက်ရလဒ်များကို ရေးသားနိုင်ရန်အတွက် ရောင်စုံစက္ကူ၊ တိပ်၊ ဘောပင်၊ကတ်ကြေးပြင်ဆင်ပါ။ သင်ပုန်းကိုလည်း အသုံးပြုနိုင်ပါသည်။

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

- ငြိမ်းချမ်းစွာနေထိုင်ရေး သင်ခန်းစာများကို ဖတ်ရှုလေ့လာပြီး ကျောင်းသားများအတူတကွ ဆက်သွယ်ပြောဆိုခြင်း (Communication)၊ အုပ်စုဖွဲ့ဆွေးနွေးအဖြေရှာခြင်း (GroupWork/ Collaboration) မတူညီသောအမြင်များကို ဖော်ထုတ်ခြင်း(CreativeThinking) စသည့် ကျွမ်းကျင်မှုများ ရရှိစေပါသည်။

**စာသင်ချိန်(၁) စာမျက်နှာ(၄၈) ဖြစ်ရပ်(၁)၊ ဖြစ်ရပ်(၂)**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၁၀)မိနစ်**

ကျောင်းသားများအား 'အောက်ပါဖော်ပြချက်များကို သဘောတူ လက်ခံပါသလား'ဟု မေးပြီး သင်ခန်းစာကို နိဒါန်းပျိုးပါ။

- ပဋိပက္ခကင်းစင်ခြင်းသည် ငြိမ်းချမ်းခြင်းပင်ဖြစ်သည်။
- တစ်ခါက ရန်သူဖြစ်စေကာမူ ညှိနှိုင်းဆွေးနွေးခြင်းအားဖြင့် မိတ်ဆွေပြန်ဖြစ်လာနိုင်သည်။
- သင်တို့နေထိုင်ရာ ရပ်ရွာသည် ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းအဖြစ် တည်ရှိပါက ဤကမ္ဘာကြီးသည် ပိုမိုကောင်းမွန်သော နေရာတစ်ခု ဖြစ်လာလိမ့်မည်။

**လေ့ကျင့်ခြင်း** **(၃၀)မိနစ်**

- ကျောင်းသားများအား သင့်လျော်သလို အုပ်စုငယ်များဖွဲ့ပါ။
- ဖြစ်ရပ် (၁)နှင့် ဖြစ်ရပ် (၂) တို့ကို ဖတ်ရှုလေ့လာပါစေ။
- ထို့နောက် ဖြစ်ရပ်တွင်ပါရှိသော မေးခွန်းများကို ၁၅ မိနစ် အချိန်ပေးပြီး အုပ်စုလိုက်ဆွေးနွေးပါစေ။
- ဆွေးနွေးချက်ရလဒ်များကို အဖွဲ့များအား ၁၅ မိနစ်ခန့် အချိန်ပေးပြီး တင်ပြပါစေ။
- ကျောင်းသားများ၏ ထင်မြင်ယူဆချက်များကို လက်ခံပေးပါ။
- ကွဲလွဲမှုရှိပါက ဆရာက ပြန်လည်တည့်မတ်ပေးပါ။
- ဖြစ်ရပ်(၁) နမူနာအဖြေများ-
  (က) နောင်နောင်၏လုပ်ရပ် မမှန်ကန်ပါ။
  (ခ) ခင်မင်မှု မပျက်လို၍ သည်းခံပါမည်။
  (ဂ) နောင်နောင်ကိုခေါ်၍ ဘောလုံးကစားမည်။
- ဖြစ်ရပ်(၂)နမူနာအဖြေများ-
  (က) သူငယ်ချင်းနှစ်ယောက် ရန်ဖြစ်၍ အခင်အမင် ပျက်သွားနိုင်သည်။
  (ခ) ၃ ယောက်ကို ကြိုးခုန်စေ၍ ၂ ယောက်ကို ကြက်ဖခွပ်တမ်း ကစားစေမည်။
  (ဂ) ငြိမ်းချမ်းသော ဆက်ဆံရေးသည် အေးချမ်းသာယာမှုကို ဖြစ်စေပြီး ပဋိပက္ခအသွင်ဆောင်သော ဆက်ဆံရေးသည် ရန်မီးပွား၍ ထိခိုက်နာကျင်မှုကို ဖြစ်စေသည်။ ငြိမ်းချမ်းသော ဆက်ဆံရေးသည် နှစ်ဦးနှစ်ဖက် အကျိုးရှိ၍ ပဋိပက္ခ အသွင်ဆောင်သော ဆက်ဆံရေးသည်အကျိုးမရှိပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၅)မိနစ်**

- လူသားအားလုံးသည် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်စွမ်းရှိကြကြောင်း၊ တစ်ဦး၏ အကျိုးစီးပွားကို တစ်ဦးက လိုလားသောစိတ်ဖြင့် ဆောင်ရွက်ပြီး ပဋိပက္ခများကို ငြိမ်းချမ်းရေး အသွင်ဆောင်စေရန် ဖန်တီးယူရမည်ဖြစ်ကြောင်း ပြောကြားပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။

**စာသင်ချိန်(၂) စာမျက်နှာ (၄၉) ဖြစ်ရပ်(၃)**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၅)မိနစ်**

- အောက်ပါမေးခွန်းများကို မေး၍ သင်ခန်းစာကို နိဒါန်းပျိုးပါ။
  (က) တစ်ဦးနှင့်တစ်ဦး မည်သည့်အကြောင်းကြောင့် ပဋိပက္ခ စတင်ဖြစ်နိုင်သနည်း။
  (ခ) တစ်ဦးနှင့်တစ်ဦး မည်သို့ပြောဆိုဆက်ဆံရမည်နည်း။

**လေ့ကျင့်ခြင်း** **(၃၀)မိနစ်**

- ကျောင်းသားများအား သင့်လျော်သလို အုပ်စုဖွဲ့ပါ။
- ဖြစ်ရပ်(၃)ကို လေ့လာစေပြီး မေးခွန်းများကို ဆွေးနွေးခိုင်းရန်အတွက် (၂၀)မိနစ် အချိန်ပေးပါ။
- ကျောင်းသားများ ဆွေးနွေးနေစဉ် ဆရာက လှည့်လည်ကြည့်ရှုပါ။
- ကျောင်းသားများအားလုံးပါဝင်ပါစေ။
- နမူနာအဖြေများ -
  (က) စကားအပြောအဆိုကြောင့်



DBE BOX

(ခ) ချိုသာ၍ စေတနာပါပြီး ကျိုးကြောင်းဆီလျော်သော စကားကိုသာ ပြောဆိုရမည်။
(ဂ) စကားအပြောအဆို၊ နှစ်ဦးနှစ်ဖက်တွင် တာဝန်ရှိ

- ထို့နောက် စာမျက်နှာ(၄၉)ပါ ဇယားကို ညွှန်ကြားချက်အတိုင်း အမှတ်အသားပြုခိုင်းပါ။
- နမူနာအဖြေများ- အပြုသဘောဆောင်သည်- ၁၊ ၃၊ ၇၊ ၉
  အပျက်သဘောဆောင်သည်- ၂၊ ၄၊ ၅၊ ၆၊ ၈၊ ၁၀

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း (၁၀)မိနစ်**

- အောက်ပါမေးခွန်းများကို ရေးသားဖြေဆိုပါ။

(၁) ငြိမ်းချမ်းရေးဟူသော ဝေါဟာရ၏အဓိပ္ပာယ်ကို မည်သို့နားလည်သနည်း။
(၂) မိမိတို့ကျောင်း၊ ရပ်ရွာအဖွဲ့အစည်းအတွင်း ငြိမ်းချမ်းမှုရှိစေရန် မည်သို့ပြုမူပြောဆို ဆက်ဆံရမည်နည်း။
(၃) မိမိတို့ကျောင်း၊ ရပ်ရွာအဖွဲ့အစည်းအတွင်း ပိုမိုငြိမ်းချမ်းလာပါက ပဋိပက္ခကင်းစင်သော ပတ်ဝန်းကျင် ဖြစ်နိုင်၊မဖြစ်နိုင်ကို ဆွေးနွေးပါ။

**အဓိကအချက်**

- ငြိမ်းချမ်းသော ဆက်ဆံရေးနှင့် ပဋိပက္ခအသွင်ဆောင်သော ဆက်ဆံရေး ကွာခြားပုံကို သိရှိပြီး ငြိမ်းချမ်းညီညွတ်စွာနေထိုင်သင့်သည်။

**သင်ခန်းစာ(၄.၂) စိတ်ရှည်သည်းခံ ငြိမ်းချမ်းရန် စုစုပေါင်းစာသင်ချိန် ၂ ချိန်**
**သင်ခန်းစာရည်ရွယ်ချက်များ တစ်ချိန် (၄၅)မိနစ်**

- လူသားအချင်းချင်း မတူကွဲပြားမှုများကို လက်ခံပြီး တစ်ဦးနှင့်တစ်ဦးကြား စိတ်ရှည်သည်းခံခြင်း၊ တန်းတူအကျိုးစီးပွားဖော်ဆောင်ခြင်းဖြင့် ငြိမ်းချမ်းရေးတည်ဆောက်တတ်စေရန်

**သင်ခန်းစာကြိုတင်ပြင်ဆင်ခြင်း**

- လူတစ်ဦးနှင့်တစ်ဦးကြားမတူကွဲပြားမှုများကို ဖော်ထုတ်မည့်ရုပ်ပုံကားချပ်ကို ဖန်တီးနိုင်ရန်နှင့် ကျောင်းတွင် ငြိမ်းချမ်းသော စာသင်ခန်းတစ်ခုဖြစ်စေရန် ဆွေးနွေးဖော်ထုတ်ရမည့် အချက်များအတွက် ကားချပ်၊ ခဲတံ၊ ရောင်စုံခဲတံ၊ ဆော့ပင်နှင့် နှစ်ဖက်ကပ်တိပ်တို့ကို ပြင်ဆင်ပါ။

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

- ကျောင်းသားများသည် လူတစ်ဦးနှင့်တစ်ဦးမတူကွဲပြားမှုများနှင့် ငြိမ်းချမ်းသော စာသင်ခန်းတစ်ခုဖြစ်စေမည့်အချက်အလက်များကို အုပ်စုလိုက်ဆွေးနွေးဖော်ထုတ်ခြင်း (Collaboration/ Groupwork)နှင့် ဆက်သွယ်ပြောဆိုခြင်း (Communication)၊ အုပ်စုတွင်း ဆွေးနွေးထားသည့် အချက်အလက်များကို လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်း(Critical Thinking)စသည့် ကျွမ်းကျင်မှုများကို ရရှိနိုင်ပါသည်။

DBE BOX

## စာသင်ချိန်(၁) စိတ်ရှည်သည်းခံ သဘောထားကြီးခြင်း

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၁၀)မိနစ်**

- ကျောင်းသားအရေအတွက်ပေါ်မူတည်၍အုပ်စုများဖွဲ့ပါ။အုပ်စုတစ်စုစီကိုစာရွက်တစ်ရွက်စီပေး၍ဆရာမေးသည့် မေးခွန်းများကို အုပ်စုတွင်း ဆွေးနွေးပြီး ရရှိသည့်အဖြေများကို ရေးသားရန်ပြောပါ။
- လူတစ်ဦးနှင့်တစ်ဦး မတူကွဲပြားမှုများကို ဆွေးနွေးဖော်ထုတ်ပါစေ။

  **မတူကွဲပြားမှုများ။**

  ရုပ်ခန္ဓာပိုင်းဆိုင်ရာ
  ကိုးကွယ်ယုံကြည်မှုပိုင်းဆိုင်ရာ
  ဓလေ့ထုံးတမ်းဆိုင်ရာ (ယဉ်ကျေးမှုအစဉ်အလာဆိုင်ရာ၊ အစားအစာယဉ်ကျေးမှုဆိုင်ရာ၊ စာပေယဉ်ကျေးမှု)
  မြို့ပြနှင့် ကျေးလက်သဘာဝ
  အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ဆောင်ရွက်ပုံ

- ဓလေ့ ထုံးတမ်းယဉ်ကျေးမှု အစဉ်အလာသည် မိသားစုအတွင်း မျိုးရိုးစဉ်ဆက်တစ်ခုမှ နောက်မျိုးရိုးစဉ်ဆက် တစ်ခုသို့ လက်ဆင့်ကမ်းလွှဲပြောင်း ရောက်ရှိလာခြင်းဖြစ်ကြောင်းကို ဥပမာပေး၍ ရှင်းပြပါမည်။ တိုင်းရင်းသား ယဉ်ကျေးမှုအရ ဝတ်စားဆင်ယင်ပုံများသည် ကွဲပြားမှုရှိသော်လည်း မြန်မာပြည်တွင် အတူတကွ နေထိုင်နေကြသော ညီအစ်ကို မောင်နှမများသာ ဖြစ်ကြောင်း ပြောပြပါ။

**သင်ကြားခြင်း** **(၁၀)မိနစ်**

- လူတစ်ဦးနှင့်တစ်ဦး မတူညီသော အတွေးအခေါ်၊ အယူအဆနှင့် သဘောထားများရှိကြောင်း၊ ထိုမတူကွဲပြားမှုများကို သဘောပေါက်နားလည်လက်ခံပြီး တစ်ဦးစီ၏မတူညီသော စွမ်းရည်နှင့် လုပ်ကိုင်နိုင်စွမ်းကို တူညီစွာ ပါဝင်ဆောင်ရွက်နိုင်စေခြင်းဖြင့် လူသားအချင်းချင်း ဆက်ဆံရာတွင် ပဋိပက္ခများ မပေါ်ပေါက်တော့ဘဲ တစ်ဦးနှင့်တစ်ဦး ငြိမ်းချမ်းသော ဆက်ဆံရေးကို ရရှိနိုင်ကြောင်းရှင်းပြပါ။
- လူသားအချင်းချင်း ငြိမ်းချမ်းသော ဆက်ဆံရေးရရှိရန် စိတ်ရှည်သည်းခံပြီး သဘောထားကြီးခြင်းသည် အရေးကြီးသော လိုအပ်ချက် တစ်ရပ်ပင်ဖြစ်ကြောင်းရှင်းပြပါ။
- ဆရာက 'စိတ်ရှည်သည်းခံသဘောထားကြီးခြင်းကို သင်မည်သို့ နားလည်ပါသနည်း' ဟုမေးပါ။
- ကျောင်းသားများ၏အဖြေကို ဆရာကဖြည့်စွက်ဖြေပေးပါ။
- စိတ်ရှည်သည်းခံသဘောထားကြီးခြင်းဆိုသည်မှာ မတူညီသောကွဲပြားမှုများကို လက်ခံပေးခြင်း၊ တစ်ဖက်သတ်မှန်းဆချက်အစွဲအလမ်းနှင့် အမှန်ကိုမစူးစမ်းမဆင်ခြင်ဘဲ ဆုံးဖြတ်ချက်မချခြင်း၊ အဂတိတရားဖြင့် ဘက်လိုက်မှုမရှိခြင်း၊ မလိုမုန်းထားမှုမရှိခြင်း၊ ပွင့်လင်းသော စိတ်သဘောထားရှိခြင်းကို ဆိုလိုကြောင်းပြောပြပါ။

DBE BOX

**လေ့ကျင့်ခြင်း** **(၁၅)မိနစ်**

- ကျောင်းသားများကို ကျောင်းတွင် ငြိမ်းချမ်းသော စာသင်ခန်းတစ်ခုဖြစ်စေရန် သူငယ်ချင်း အချင်းချင်း မည်သည့် အချက်များကို အခြေခံ၍ နေထိုင်ရန်လိုအပ်ကြောင်း အုပ်စုလိုက် ဆွေးနွေးဖော်ထုတ်ပါစေ။




- ကျောင်းသားများအုပ်စုလိုက် ဆွေးနွေးချက်များကို အတန်းသို့တင်ပြပါစေ။ ကျောင်းသား များ၏ ဆွေးနွေးချက်ပေါ် မူတည်၍ဆရာက ဖြည့်စွက်ဆွေးနွေးပေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- ဆရာက 'သင်တို့၏ စာသင်ခန်းသည် ငြိမ်းချမ်းမှုရှိသော စာသင်ခန်းတစ်ခု ဖြစ်သည် ဟုထင်ပါသလား။ အဘယ်ကြောင့်နည်း။' 'လူသားအချင်းချင်း ငြိမ်းချမ်းသော ဆက်ဆံရေး ရရှိစေရန် အရေးကြီးသည့် လိုအပ်ချက် တစ်ခုကို ဖော်ပြပါ' ဟုမေးပါ။
- အတန်းထဲရှိမိမိနှင့် မိမိသူငယ်ချင်းများတွင် မတူကွဲပြားမှုများရှိကြောင်း၊ မတူကွဲပြားမှုများကို စိတ်ရှည်သဘောထားကြီး လက်ခံပေးခြင်းဖြင့် ထိုမတူကွဲပြားမှုများကို အရည်အသွေးတစ်ခု အဖြစ် အသုံးပြု၍ အလုပ်တစ်ခုကို စုပေါင်းဆောင်ရွက်ခြင်းဖြင့် စာသင်ခန်းအတွင်း ငြိမ်းချမ်းမှုကို သာမက အောင်မြင်မှုကိုပါ ရရှိနိုင်ကြောင်းပြောပြ၍ နိဂုံးချုပ်ပါ။

## စာသင်ချိန်(၂) ဖြစ်ရပ်လေ့လာခြင်း

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၁၅)မိနစ်**

- ကျောင်းသားများကိုအဖွဲ့ ၄ ဖွဲ့ ဖွဲ့ပါ။ အဝါရောင် တစ်ရောင်တည်းပါသော တစ်ဖွဲ့၊ အနီရောင် တစ်ရောင်တည်းပါသောတစ်ဖွဲ့နှင့် ရောင်စုံနှစ်ဖွဲ့ဖွဲ့ပါ။
- တူညီသောရုပ်ပုံ (နမူနာ – ပန်းပုံ) တစ်ခုကို အဝါရောင် တစ်ရောင်တည်းပါသော အဖွဲ့နှင့် ရောင်စုံတစ်ဖွဲ့ကို ဖန်တီးပါစေ။
- တူညီသောရုပ်ပုံ တစ်ခုကို အနီရောင်တစ်ရောင်တည်းပါသောအဖွဲ့နှင့် ရောင်စုံတစ်ဖွဲ့ကို ဖန်တီးပါစေ။
- အဖွဲ့လိုက် ကားချပ်များဆွဲပြီးပါက သင်ပုန်းတွင်ယှဉ်တွဲ၍ ကပ်ပါစေ။
- သင်ပုန်းပေါ်တွင် အရောင်တစ်မျိုးတည်းသုံးထားသော ကားချပ်နှင့်ရောင်စုံသုံး၍ ဆွဲထားသောကားချပ် 'မည်သည့်ကားချပ်က ပိုကြည့်ကောင်းပါသနည်း။ အဘယ်ကြောင့်နည်း' ဟုမေးပါ။
- တူညီသောအရောင်တစ်မျိုးတည်းဖြစ်လျှင် ကားချပ်အလှက မပေါ်နိုင်ကြောင်း၊ မတူညီသော အရောင်များ ပေါင်းစပ်ရေးဆွဲထားမှသာ ကားချပ်အလှက ပိုမိုပေါ်လွင်နိုင်ကြောင်း ရှင်းပြပါ။
- ထို့အတူ ဆရာက ရောင်စုံအပြည့်ပါသော ရောင်စုံဘူးလေးကိုပြ၍ ရောင်စုံလေးများက တစ်ရောင်နှင့် တစ်ရောင်မတူသော်လည်း ဘူးတစ်ခုထဲတွင် အတူတကွထည့်ထားလျှင် အလွန်ကြည့်ကောင်းသည့်ရောင်စုံဘူးလေးဖြစ်နိုင်ကြောင်းပြောပြပါ။

**သင်ကြားခြင်း** **(၁၀)မိနစ်**

- စိတ်ရှည်သည်းခံ သဘောထားကြီးသူတစ်ဦးတွင် ရှိသင့်သည့်အရည်အသွေးများကို ဆရာနှင့် ကျောင်းသားများအတူတကွဆွေးနွေးဖော်ထုတ်ပါ။
- ထို့နောက် ကျောင်းသုံးစာအုပ် စာမျက်နှာ (၅၁) ပါ ဖြစ်ရပ်ကို လေ့လာပါစေ။

**လေ့ကျင့်ခြင်း** **(၁၀)မိနစ်**

- ဖြစ်ရပ်နှင့်ဆက်စပ်နေသောအောက်ပါမေးခွန်းများကို မေးပါ။

(က) ဦးကျော်သည် သူ၏ဒေါသကို မည်သို့ဖြေဖျောက်ခဲ့ပါသနည်း။
နမူနာအဖြေ- သူတစ်ပါးအပေါ် နားလည်သည်းခံစိတ်ထားပြီး အကျိုးအကြောင်း ဆီလျော်အောင် စဉ်းစားပေးခြင်းဖြင့် သူ၏ဒေါသကို ဖြေဖျောက်ခဲ့ပါသည်။

(ခ) ဦးကျော်၏ သဘောထားများ အဘယ်ကြောင့်ပြောင်းလဲသွားသည်ဟု ထင်ပါသနည်း။
နမူနာအဖြေ- သရက်ပင်၏ လူသားအကျိုးပြုပုံနှင့် မိဘကိုသိတတ်သည့် ဖော်ဖော်၏စိတ်ထားတို့ကို ကြောင်းကျိုးဆက်စပ်၍ နားလည်လက်ခံပေးခြင်းဖြင့် ဦးကျော်၏ သဘောထားများ ပြောင်းလဲသွားပါသည်။

(ဂ) သင်သည် အလွယ်တကူ စိတ်ဆိုးဒေါသထွက်တတ်ပါသလား။
နမူနာအဖြေ- ကျွန်ုပ်သည် အလွယ်တကူ စိတ်ဆိုးဒေါသထွက်တတ်ပါသည်/မထွက်တတ်ပါ။

(ဃ) အလွယ်တကူ စိတ်ဆိုးဒေါသထွက်လျှင် သင်မည်သို့ဖြစ်လာသနည်း။
နမူနာအဖြေ- အလွယ်တကူ စိတ်ဆိုးဒေါသထွက်လျှင် အရာရာကို အကျိုးအကြောင်းဆီလျော်အောင် မတွေးတော့ဘဲ ဒေါသအလျောက် တုံ့ပြန်ပြောဆိုတတ်ပါသည်။

DBE BOX

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၁၀)မိနစ်**

- သင်ကြားတွေ့ဖူးသော စိတ်ရှည်သည်းခံသဘောထားကြီးခြင်းနှင့် သက်ဆိုင်သည့် အဖြစ်အပျက် ရလဒ်များကို အုပ်စုတွင်းဆွေးနွေး၍ အတန်းသို့တင်ပြပါ။
- လူတို့သည် အေးချမ်းသာယာစွာအသက်ရှင်နေထိုင်ရန် ငြိမ်းချမ်းရေးသည် မရှိမဖြစ် လိုအပ်သည်။ တစ်ဦးနှင့်တစ်ဦး ညှိနှိုင်းနေထိုင် တတ်ရမည်။ အငြင်းပွားမှုမရှိအောင် ကြိုတင်ကာကွယ်ရမည်။ အခြားသူများကို အသိအမှတ်ပြု နားလည်လက်ခံခြင်း၊ အခြားသူများနှင့်အတူတကွ ယှဉ်တွဲနေထိုင်ခြင်း၊ သူတစ်ပါးတို့၏ သဘောထားခံယူချက်ကို နားလည်လက်ခံခြင်းသည် ငြိမ်းချမ်းရေးအတွက် ကောင်းမွန်သော အခြေခံအုတ်မြစ်ဖြစ်သည်ကို ပြောပြ၍ သင်ခန်းစာကိုနိဂုံးချုပ်ပါ။

**အဓိကအချက်**

- စိတ်ရှည်သည်းခံ သဘောထားကြီးခြင်းသည် သဘောထားကွဲလွဲမှုများကို ဖြေရှင်းရာတွင် အရေးကြီး၍ ငြိမ်းချမ်းမှုကိုရရှိနိုင်သည့် အခြေခံအချက်ဖြစ်သည်။

**သင်ခန်းစာ(၄.၃) စောင့်ရှောက်ကူညီ ငြိမ်းချမ်းမည်** **စုစုပေါင်းစာသင်ချိန် ၂ ချိန်**

**သင်ခန်းစာရည်ရွယ်ချက်** **တစ်ချိန်(၄၅)မိနစ်**

- မိမိနေထိုင်ရာ ပတ်ဝန်းကျင်တွင် တစ်ဦးအပေါ်တစ်ဦး ဂရုတစိုက်ပြုစုစောင့်ရှောက်ခြင်းဖြင့် ငြိမ်းချမ်းသော လူ့ဘောင်အဖွဲ့အစည်းတစ်ခုကို တည်ဆောက်နိုင်ရန်

**သင်ခန်းစာကြိုတင်ပြင်ဆင်ခြင်း**

- အုပ်စုလိုက်ဆွေးနွေးရေးသားရန် စာရွက်ကြီးနှင့် ဆော့ပင်ကို ပြင်ဆင်ပါ။

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

- စောင့်ရှောက်ကူညီ ငြိမ်းချမ်းမည် သင်ခန်းစာကို သင်ယူခြင်းဖြင့် ကျောင်းသားများသည် အတန်းဖော်များနှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ အတွေးအခေါ်များ မျှဝေခြင်း (Collaboration)၊ အတန်းဖော်များနှင့် ဆက်သွယ်ပြောဆိုခြင်း (Communication)၊ အခြားသူများ၏ ဆွေးနွေးတင်ပြချက်များကို ဝေဖန်ဆန်းစစ်ခြင်း (Critical Thinking)၊ တစ်ဦးကိုတစ်ဦး စောင့်ရှောက်ကူညီခြင်းဖြင့် ငြိမ်းချမ်းသောလူမှုဝန်းကျင်ကို တည်ဆောက်နိုင်ပြီး နိုင်ငံသားကောင်းဖြစ်လာခြင်း (Citizenship) ဟူသော ကျွမ်းကျင်မှုများကို ရရှိလာမည်။

**စာသင်ချိန်(၁) ဖြစ်ရပ်လေ့လာခြင်း**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၅)မိနစ်**

- အောက်ပါမေးခွန်းများဖြင့် သင်ခန်းစာကို အစပြုပါ။
  - (က) ကိုယ်ချင်းစာစိတ်ဆိုသည်မှာ အဘယ်နည်း။
  - (ခ) အခြားလူများကို ရိုင်းပင်းကူညီဖူးပါသလား။
  - (ဂ) တစ်ဦးအပေါ်တစ်ဦး ဂရုစိုက်စောင့်ရှောက်ဖို့ လိုအပ်ပါသလား။ ဘာကြောင့်လဲ။
- ကျောင်းသားများ လွတ်လပ်စွာ ဖြေဆိုပါစေ။ ဆရာက အဖြေများကို ပြန်လည်သုံးသပ်ပေးပါ။

**သင်ကြားခြင်းနှင့် လေ့ကျင့်ခြင်း** **(၃၀)မိနစ်**

- ကျောင်းသားများကို သင့်လျော်သလို အုပ်စုဖွဲ့ပါ။

- ကျောင်းသုံးစာအုပ် စာမျက်နှာ (၅၃) ပါ ဖြစ်ရပ်များကို အုပ်စုလိုက် ဖတ်ရှုလေ့လာဆွေးနွေးပါစေ။
- ကျောင်းသားများ အုပ်စုလိုက် ဆွေးနွေးနေစဉ် ဆရာက လှည့်လည်ကြည့်ရှုပါ။
- အုပ်စုလိုက်ဆွေးနွေးဖြေဆိုမှုများကို အတန်းသို့ တင်ပြရန် ပြောပါ။ အဖွဲ့တစ်ဖွဲ့က တင်ပြနေစဉ် အခြားအဖွဲ့များက ဂရုတစိုက်နားထောင်ပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း　　(၁၀)မိနစ်**

- အောက်ပါမေးခွန်းများကို မေးမြန်းဆွေးနွေး၍ သင်ခန်းစာကို နိဂုံးချုပ်ပါ။
  (၁) သူတစ်ပါးကို ကိုယ်ချင်းစာစိတ်ဖြင့် ကူညီခဲ့ဖူးပါသလား။ မည်သို့ကူညီခဲ့သနည်း။
  (၂) သင်သည် အန္တရာယ်ဖြင့် ရင်ဆိုင်နေရသူ တစ်ဦးဦးကိုတွေ့ပါက မည်သို့ ကူညီဖြေရှင်းပေးမည်နည်း။
- နောက်စာသင်ချိန်အတွက် အဆင်သင့်ဖြစ်စေရန် သင်တွေ့ကြုံ ကြားသိဖူးသော ဂရုတစိုက်ပြုစုစောင့်ရှောက်ခြင်းနှင့် သက်ဆိုင်သည့် အကြောင်းအရာ၊ အဖြစ်အပျက်များကို ကြိုတင်လေ့လာခဲ့ရန် မှာကြားပါ။

**စာသင်ချိန်(၂) ဂရုတစိုက်ပြုစုစောင့်ရှောက်ခြင်း**

**သင်ခန်းစာမိတ်ဆက်ခြင်း　　(၁၀)မိနစ်**

- ကြိုတင်လေ့လာရန် မှာကြားထားသည့် တွေ့ကြုံကြားသိဖူးသော ဂရုတစိုက်ပြုစု စောင့်ရှောက်ခြင်းနှင့် သက်ဆိုင်သည့် အကြောင်းအရာ၊ အဖြစ်အပျက်များကို အုပ်စုလိုက် ပြန်လည်ဆွေးနွေးရန် အချိန်ပေးပါ။

**သင်ကြားခြင်းနှင့် လေ့ကျင့်ခြင်း　　(၂၅)မိနစ်**

- အုပ်စုလိုက်ဆွေးနွေးချက်များကို အုပ်စုကိုယ်စားလှယ်တစ်ဦးစီက အတန်းသို့ တင်ပြပါစေ။
- အုပ်စုတစ်စုစီက ဆွေးနွေးချက်များကို တင်ပြနေစဉ် အခြားအုပ်စုများက လေ့လာပြီး အကဲဖြတ်ပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း　　(၁၀)မိနစ်**

- အောက်ပါမေးခွန်းကို မေးမြန်းဆွေးနွေးပြီး သင်ခန်းစာကို ပြန်လည်သုံးသပ်ပါ။
  – ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ဂရုတစိုက်ပြုစုစောင့်ရှောက်ခြင်းကို ကျင့်သုံးလျှင် မည်ကဲ့သို့ ဖြစ်လာနိုင်သနည်း။
- ထို့နောက် အဓိကအချက်များကို ပြော၍ သင်ခန်းစာကို နိဂုံးချုပ်ပါ။

**အဓိကအချက်များ**

- မိမိနေထိုင်ရာ ပတ်ဝန်းကျင်တွင် တစ်ဦးအပေါ် တစ်ဦး ဂရုတစိုက်ပြုစုစောင့်ရှောက်ခြင်းဖြင့် ငြိမ်းချမ်းသော လူ့ဘောင်အဖွဲ့အစည်းတစ်ခုကို တည်ဆောက်နိုင်ပါသည်။
- အခြားသူများအပေါ် မျှမျှတတ စာနာနားလည်ပေးခြင်း၊ မေတ္တာ ကရုဏာဖြင့် ရိုင်းပင်းကူညီခြင်းသည် မိမိပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ အဆင်ပြေပြေ ငြိမ်းချမ်းပျော်ရွှင်စွာ နေထိုင်နိုင်မည့်နည်းလမ်းတစ်ခုပင် ဖြစ်ပါသည်။



DBE Box

## သင်ခန်းစာ(၄.၄) ငြိမ်းချမ်းရေးအတွက်ပူးပေါင်းဆောင်ရွက်ခြင်း

**စုစုပေါင်းစာသင်ချိန် ၃ ချိန်**

**သင်ခန်းစာရည်ရွယ်ချက်** **တစ်ချိန်(၄၅)မိနစ်**

- မိမိပတ်ဝန်းကျင်တွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်တတ်စေရန်
- တစ်ဦးနှင့်တစ်ဦးမတူကွဲပြားမှုကို နားလည်လက်ခံတတ်စေရန်

**သင်ခန်းစာကြိုတင်ပြင်ဆင်ခြင်း**

- မေးမြန်းဆွေးနွေးရာတွင်အသုံးပြုရန် ဇယားများကို ကြိုတင်ပြင်ဆင်ပါ။ အတန်းတွင်ပြန်လည်တင်ပြနိုင်ရန် ကတ်ထူစက္ကူ ဆော့ပင်နှင့် တိပ်တို့ကို ပြင်ဆင်ပါ။

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

- စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်း တွေ့ဆုံမေးမြန်းခြင်းတို့ကို အုပ်စုလိုက် ပူးပေါင်းဆောင်ရွက်၍ဆွေးနွေးဖော်ထုတ်ခြင်း(Collaboration/Groupwork)နှင့် ဆက်သွယ်ပြောဆိုခြင်း(Communication)၊ ငြိမ်းချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်တတ်ခြင်း နိုင်ငံသားကောင်းဖြစ်ခြင်း (Citizenship) စသည့် ကျွမ်းကျင်မှုများကို ရရှိနိုင်ပါသည်။

**စာသင်ချိန်(၁) စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်း**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၁၀)မိနစ်**

- ကျောင်းသားများကို အောက်ပါမေးခွန်းများမေးမြန်း၍သင်ခန်းစာကိုနိဒါန်းပျိုးပါ။
  - (က) သင့်ကျောင်းတွင်ဖြစ်စေ၊ ရပ်ရွာတွင်ဖြစ်စေ ကြုံတွေ့ရသော အငြင်းပွားမှုတစ်ခုကို ဖော်ထုတ်ပါ။
  - (ခ) အဆိုပါအငြင်းပွားမှုတွင် အဓိကပါဝင်နေသူများကို ဖော်ထုတ်ပါ။
  - (ဂ) အဆိုပါအငြင်းပွားမှုတွင် ပါဝင်နေကြသူများဆောင်ရွက်သင့်သည်များကို ဖော်ထုတ်ပါ။
- ကျောင်းသားများကို လွတ်လပ်စွာဖြေဆိုခွင့်ပေးပါ။
- ကျောင်းသားများ၏အဖြေကို သင်ပုန်းပေါ်တွင် ရေးပါ။

**သင်ကြားခြင်း** **(၁၀)မိနစ်**

- ကျောင်းသားများ၏ ဆွေးနွေးမှုပေါ်မူတည်၍ ဆရာက အောက်ပါတို့ကိုဖြည့်စွက်ရှင်းပြပါ။

**စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်း**

ပဋိပက္ခ သို့မဟုတ် အငြင်းပွားမှုနှင့် ကြုံတွေ့ရသည့်အခါ စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်းဖြင့်သာ အကောင်းဆုံး ရလဒ်တစ်ခုကို ရရှိစေနိုင်သည်။ စေ့စပ်ညှိနှိုင်းရာတွင် အောက်ပါအချက်များအတိုင်း ဆောင်ရွက်နိုင်ပါသည်။

(၁) ပဋိပက္ခ သို့မဟုတ် အငြင်းပွားမှုကို ဖြေရှင်းစေ့စပ် ညှိနှိုင်းဆွေးနွေးရန် အစီအစဉ်ကို အစပျိုးတည်ဆောက်ပါ။

(၂) စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်းဖြစ်စဉ်တွင် ပါဝင်သူများကို စနစ်တကျစုစည်းပါ။

(၃) စေ့စပ်ညှိနှိုင်းခြင်းသည် အပြန်အလှန် ငြင်းခုံခြင်းမဟုတ်ကြောင်းသတိပြုပါ။

(၄) စေ့စပ်ညှိနှိုင်းရာတွင် တစ်ဖက်သားပြောဆိုသည်ကို အလေးထားနားထောင်ပါ။

(၅) တစ်ဖက်သား လက်ခံနိုင်လောက်အောင် ဆွဲဆောင်မှုရှိသည့် အဆိုပြုချက်များဖြင့် ကမ်းလှမ်းဆွေးနွေးပါ။

DBE Box

(၆) စေ့စပ်ညှိနှိုင်းရာတွင် တစ်ဦးအပေါ် တစ်ဦး စိတ်ရှည်သည်းခံပါ။
(၇) စေ့စပ်ညှိနှိုင်းရာတွင် တစ်ဖက်သားအတွက် မိမိမည်သို့ဆောင်ရွက်ပေးနိုင်သည်ကို ထည့်သွင်းစဉ်းစားပါ။
(၈) နှစ်ဦးနှစ်ဖက်လက်ခံနိုင်သည့် ဘုံသဘောတူညီချက်တစ်ခုကိုဖော်ထုတ်ပါ။
(၉) အဆိုပါဘုံသဘော တူညီချက်တစ်ခုကို ရေရှည်ထိန်းသိမ်းနိုင်ရေး အလေးထားပါ။

**လေ့ကျင့်ခြင်း** **(၂၀)မိနစ်**

- ကျောင်းရှိ ကျောင်းအုပ်ကြီးကိုဖြစ်စေ၊ ဆရာဆရာမများကို ဖြစ်စေ၊ အတန်းခေါင်းဆောင်ကို ဖြစ်စေ၊ အသင်းခေါင်းဆောင်ကိုဖြစ်စေ အငြင်းပွားမှုများ ကြုံတွေ့ဖူးခြင်းရှိမရှိ မေးမြန်းဆွေးနွေးနိုင်ရန် ကြိုတင်ပြင်ဆင်ပါ။ ကျောင်းသုံးစာအုပ် စာမျက်နှာ (၅၅) ပါ ဇယားကို အသုံးပြုနိုင်ပါသည်။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၅)မိနစ်**

- အောက်ပါတို့ကို သဘောတူညီမှုရှိမရှိအကြောင်းပြချက်ဖြင့်ဆွေးနွေးပါစေ။
  (က) လူတိုင်းတွင် မတူညီသော သဘောထား ခံယူချက် အမျိုးမျိုးရှိခြင်းသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးအတွက် အနှောင့်အယှက်ဖြစ်စေသည်။
  (ခ) စေ့စပ်ညှိနှိုင်းရာတွင် မိမိ၏ထင်မြင်ယူဆချက်ကို ခိုင်မာစွာ စွဲကိုင်ထားသင့်သည်။
  (ဂ) စေ့စပ်ညှိနှိုင်းရာတွင် အင်အားကြီးသူကသာ အနိုင်ယူရမည်။
  (ဃ) စေ့စပ်ညှိနှိုင်းရာတွင် မိမိ၏ထင်မြင်ယူဆချက်ကို အပြုသဘောဆောင်ပြီး သိမ်မွေ့စွာ တင်ပြရမည်။

**စာသင်ချိန်(၂) တွေ့ဆုံမေးမြန်းခြင်း** **(၄၅)မိနစ်**

- စာသင်ချိန်(၁)တွင် ကြိုတင်ပြင်ဆင်ထားသည့်အတိုင်းကျောင်းရှိ ကျောင်းအုပ်ကြီးကိုဖြစ်စေ၊ ဆရာဆရာမများကိုဖြစ်စေ၊ အတန်းခေါင်းဆောင်ကိုဖြစ်စေ၊ အသင်းခေါင်းဆောင်ကိုဖြစ်စေ အငြင်းပွားမှုများ ကြုံတွေ့ဖူးခြင်းရှိမရှိ မေးမြန်းဆွေးနွေးပါစေ။

**စာသင်ချိန်(၃) တွေ့ဆုံမေးမြန်းခြင်း (အဆက်)**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၅)မိနစ်**

- ကျောင်းရှိ ကျောင်းအုပ်ကြီးကိုဖြစ်စေ၊ ဆရာဆရာမများကိုဖြစ်စေ၊ အတန်းခေါင်းဆောင်ကို ဖြစ်စေ၊ အသင်းခေါင်းဆောင်ကိုဖြစ်စေ အငြင်းပွားမှုများ ကြုံတွေ့ဖူးခြင်းရှိမရှိ မေးမြန်း ဆွေးနွေးခဲ့သည့်အချက်များပေါ် မူတည်၍ ဖြေရှင်းရန်နည်းလမ်းများကို ဆွေးနွေးကြရန် ပြောပါ။

**လေ့ကျင့်ခြင်း** **(၂၀)မိနစ်**

- တွေ့ဆုံမေးမြန်းမှု ရလဒ်များပေါ် မူတည်၍ ဖြေရှင်းရန်နည်းလမ်းများကို သုံးသပ်ဆွေးနွေးပြီး အတန်းသို့ တင်ပြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** **(၂၀)မိနစ်**

- အောက်ပါတို့ကို ဆွေးနွေးဖြေဆိုပါစေ။
  (က) သင်၏စာသင်ခန်းတွင် အငြင်းပွားမှုများနှင့်ကြုံတွေ့ရသည့်အခါ မည်ကဲ့သို့ ဖြေရှင်းမည်နည်း။
  (ခ) အငြင်းပွားမှုများကို ရန်လိုသည့်အပြုအမူဖြင့် တုံ့ပြန်သင့်ပါသလား။ အဘယ်ကြောင့်နည်း။



DBE BOX

(ဂ) အငြင်းပွားမှုများကို စေ့စပ်ညှိနှိုင်းကြခြင်းဖြင့် မည်သို့သောအကျိုးကျေးဇူးရရှိမည်နည်း။

- အောက်ပါအဓိကအချက်များကို ဆွေးနွေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။

**အဓိကအချက်များ**

- ပဋိပက္ခ သို့မဟုတ် အငြင်းပွားမှုနှင့် ကြုံတွေ့ရသည့်အခါ စေ့စပ်ညှိနှိုင်းဖြေရှင်းသင့်သည်။
- စေ့စပ်ညှိနှိုင်းရာတွင် အပြုသဘောဆောင်ပြီး သိမ်မွေ့စွာဆွေးနွေးရမည်။
- တစ်ဦးနှင့်တစ်ဦး မတူညီသည့် သဘောထားနှင့်အမြင်များကို လေးစားရမည်။

**အခန်း(၄)ကို သုံးသပ်ခြင်း** **စုစုပေါင်းစာသင်ချိန် ၁ ချိန်**

**တစ်ချိန်(၄၅)မိနစ်**

**သင်ခန်းစာမိတ်ဆက်ခြင်း** **(၅) မိနစ်**

- အခန်း(၄)ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်းနှင့် ပတ်သက်၍ သင်ယူခဲ့ပြီးသော အကြောင်းအရာများကို ပြန်လည်သုံးသပ်မည်ဟု ပြောပါ။
- ကျောင်းသားအရေအတွက်ပေါ် မူတည်၍ အုပ်စုများကို သင့်လျော်သလို ဖွဲ့ပါ။
- ထို့နောက် သင်ခန်းစာတစ်ခုစီနှင့် ဆီလျော်သော သုံးသပ်ချက်များကို အုပ်စုလိုက်ဆွေးနွေးညှိနှိုင်းပြီး အတန်းသို့ တင်ပြရမည်ဖြစ်ကြောင်း ပြောပါ။

**လေ့ကျင့်ခြင်း** **(၃၀)မိနစ်**

အခန်း(၄)တွင် သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါစေ။

**ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ခြင်း**

ငြိမ်းချမ်းစွာနေထိုင်ရေး

- မိမိရပ်ရွာဒေသအတွင်း ငြိမ်းချမ်းညီညွတ်စွာ နေထိုင်ရခြင်း၏အကျိုးရလဒ်ကို သိရှိပြီး ငြိမ်းချမ်းညီညွတ်စွာ နေထိုင်တတ်စေခြင်း။
- အပြုသဘောဆောင်သည့် အပြုအမူများနှင့် အပျက်သဘောဆောင်သည့် အပြုအမူများကို သိရှိနားလည်ပြီး လိုက်နာကျင့်သုံးတတ်စေခြင်း။

စိတ်ရှည်သည်းခံ ငြိမ်းချမ်းရန်

- လူသားအချင်းချင်း မတူကွဲပြားမှုများကို လက်ခံပြီး တစ်ဦးနှင့်တစ်ဦးကြား စိတ်ရှည်သည်းခံခြင်း၊ တန်းတူအကျိုးစီးပွားဖြင့်ငြိမ်းချမ်းရေးတည်ဆောက်တတ်စေခြင်း။

စောင့်ရှောက်ကူညီ ငြိမ်းချမ်းမည်

- မိမိနေထိုင်ရာ ပတ်ဝန်းကျင်တွင် တစ်ဦးအပေါ် တစ်ဦး ဂရုတစိုက်ပြုစု စောင့်ရှောက်ခြင်းဖြင့် ငြိမ်းချမ်းသော လူ့ဘောင်အဖွဲ့အစည်း တစ်ခုကို တည်ဆောက်နိုင်ခြင်း။

ငြိမ်းချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း

- မိမိပတ်ဝန်းကျင်တွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်တတ်စေခြင်း။
- တစ်ဦးနှင့်တစ်ဦးမတူကွဲပြားမှုကို နားလည်လက်ခံတတ်စေခြင်း။

DBE Box

- ကျောင်းသားများ ဆွေးနွေးနေစဉ် လှည့်လည်ကြည့်ရှုပါ။ သုံးသပ်ချက်များကို အတန်းအား တင်ပြရန်ပြောပါ။ အဖွဲ့တစ်ဖွဲ့က တင်ပြနေစဉ် အခြားအဖွဲ့များကို ဂရုတစိုက်နားထောင်ရန်ပြောပါ။ မတူညီသောအချက်များကို တင်ပြရန် အားပေးပါ။ တင်ပြချက်များကို ဆီလျော်မှုရှိ မရှိ တစ်တန်းလုံး ဆွေးနွေးဆုံးဖြတ်ပါ။ လိုအပ်ချက်များရှိပါက ဖြည့်စွက်ဆွေးနွေးပေးပါ။

**ပြန်လည်သုံးသပ်ခြင်း** **(၁၀)မိနစ်**

- မိမိရပ်ရွာဒေသအတွင်း ငြိမ်းချမ်းညီညွတ်စွာ နေထိုင်ရခြင်း၏အကျိုးရလဒ်ကို သိရှိပြီး ငြိမ်းချမ်းညီညွတ်စွာ နေထိုင်ရမည်ဖြစ်ကြောင်း၊ လူသားအချင်းချင်း မတူကွဲပြားမှုများကို လက်ခံပြီး တစ်ဦးနှင့်တစ်ဦးကြား စိတ်ရှည်သည်းခံခြင်း၊ တန်းတူအကျိုးစီးပွားဖြင့် ငြိမ်းချမ်းရေး တည်ဆောက်ရမည်ဖြစ်ကြောင်း၊ မိမိနေထိုင်ရာ ပတ်ဝန်းကျင်တွင် တစ်ဦးအပေါ်တစ်ဦး ဂရုတစိုက်ပြုစုစောင့်ရှောက်ခြင်းဖြင့် ငြိမ်းချမ်းသော လူ့ဘောင်အဖွဲ့အစည်းတစ်ခုကို တည်ဆောက်နိုင်ရန်နှင့် မိမိပတ်ဝန်းကျင်တွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောပြပြီး သင်ခန်းစာကိုနိဂုံးချုပ်ပါ။

**အခန်း(၄) အဓိကအချက်များ**

- ငြိမ်းချမ်းသော ဆက်ဆံရေးနှင့် ပဋိပက္ခအသွင်ဆောင်သော ဆက်ဆံရေး ကွာခြားပုံကို သိရှိပြီး ငြိမ်းချမ်းညီညွတ်စွာနေထိုင်သင့်သည်။
- စိတ်ရှည်သည်းခံ သဘောထားကြီးခြင်းသည် သဘောထားကွဲလွဲမှုများကို ဖြေရှင်းရာတွင် အရေးကြီး၍ ငြိမ်းချမ်းမှုကို ရရှိနိုင်သည့် အခြေခံအချက်ဖြစ်သည်။
- မိမိနေထိုင်ရာ ပတ်ဝန်းကျင်တွင် တစ်ဦးအပေါ်တစ်ဦး ဂရုတစိုက်ပြုစုစောင့်ရှောက်ခြင်းဖြင့် ငြိမ်းချမ်းသော လူ့ဘောင်အဖွဲ့အစည်းတစ်ခုကို တည်ဆောက်နိုင်ပါသည်။
- အခြားသူများအပေါ် မျှမျှတတ စာနာနားလည်ပေးခြင်း၊ မေတ္တာ ကရုဏာဖြင့် ရိုင်းပင်းကူညီခြင်း သည် မိမိပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ အဆင်ပြေပြေ ငြိမ်းချမ်းပျော်ရွှင်စွာ နေထိုင်နိုင်မည့်နည်းလမ်းတစ်ခုပင် ဖြစ်ပါသည်။
- ပဋိပက္ခ သို့မဟုတ် အငြင်းပွားမှုနှင့် ကြုံတွေ့ရသည့်အခါ ခေ့စပ်ညှိနှိုင်းဖြေရှင်းသင့်သည်။
- ခေ့စပ်ညှိနှိုင်းရာတွင် အပြုသဘောဆောင်ပြီး သိမ်မွေ့စွာဆွေးနွေးရမည်။
- တစ်ဦးနှင့်တစ်ဦး မတူညီသည့် သဘောထားနှင့်အမြင်များကို လေးစားရမည်။

DRAFT BOOK